

www.burmeseclassic.com
အောင်မြင်စာပေ
ဂန္ထရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်
အင်းစောင့်မိန္ဒာ မဖဲဝါ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

➢ အသုံးလိုတဲ့အခါ ကြိုးတစ်စဖြစ်စေ...
အပြုံးချိုတဲ့အခါ မိုးမခမြစ်ရေ...
အမုန်းမလိုတဲ့အခါ အဆိုးဘဝ...နေရစ်ပေတော့၊
ရွှေဖြစ်စေမည့်ဘဝမျိုး
သင်...ကြိုးစား၍သာ ယူပါလော့...။

➢ လူမလျှောက်သည့်လမ်း
မြက်လွှမ်းသည်။
လူလျှောက်သည့်လမ်း
မြက်ကြမ်းသော်လည်း
လူသွားလမ်းတော့ ချန်ပေးရသည်။

➢ မျက်ရည်သည်
ဘာသာရပ် အမျိုးမျိုးတို့၏
သင်္ကေတဖြစ်သည်။
ခံစားချက် အမျိုးမျိုးတို့၏
နက်ရှိုင်းသော အဓိပ္ပါယ်လည်း ရှိပေသည်။

BURMESE CLASSIC

## ဒဿနလက်ဆောင်

➢ အလုပ်တစ်ခုအတွက်
ချက်ချင်းကတိပေးလာခဲ့လျှင်
ထိုအလုပ်သည် အောင်မြင်ပြီးမြောက်စေမည်ဟု
မယုံကြည်သင့်ပေ။
ကတိပေး နှေးသော်လည်း
ကတိတည်သူကိုသာ ရွေးချယ်ရပေမည်။

➢ စိတ်သည် အစိတ်အပိုင်းတစ်ခုသာဖြစ်သည်၊
ချစ်ခြင်းမေတ္တာကတော့
အသုံးပြုတတ်ပါက အားလုံးအတွက်
ကောင်းကျိုးရစေနိုင်ပါသည်။

➢ လူတစ်ယောက်၏ နှလုံးသားသည်
ချစ်ခြင်း သို့မဟုတ် မုန်းတီးခြင်းနှင့်သာ
သက်ဆိုင်ခွင့် ရှိပေသည်။
ကောက်ကျစ်ရက်စက်သော
မစ္ဆရိယတရားတို့နှင့် မသက်ဆိုင်သင့်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အချစ်သည်..
  ဘဝတစ်ခုထူထောင်ရာ၌ နိဒါန်းဖြစ်သည်။
  နိဒါန်းအစ မကောင်းခဲ့ပါက
  ဇာတ်သိမ်းပိုင်းလည်း ကောင်းမည်မဟုတ်ပေ။

- အခက်ခဲဆုံးနှင့်
  နှစ်သက်စရာကောင်းသော အရည်အချင်းမှာ
  ဘဝကို ချစ်မြတ်နိုးတတ်ခြင်းနဲ့
  ချစ်ခြင်းမေတ္တာကို
  တန်ဖိုးထားတတ်ခြင်း ဖြစ်ပါတယ်။

- မှသားကို အသုံးချခြင်းသည်
  တစ်ခါတစ်ရံ အကျိုးစီးပွားကို ဖြစ်စေနိုင်ပါတယ်၊
  အခွင့်အရေးကို ရရှိစေနိုင်ပါတယ်၊
  ဒါပေမယ့် ဂုဏ်သိက္ခာကိုတော့
  ဆုံးရှုံးမှု ဖြစ်စေတတ်ပါတယ်။

# ဒဿနလက်ဆောင်

- သံပုရာသီးသည် ချဉ်လှသော်လည်း
  လိုက်ဖက်သော အစားအစာနှင့်တွဲလျှင်
  အရသာရှိသည်။
  အသုံးမဝင်သည့်သူမျိုး မရှိသော်လည်း
  အသုံးပြုတတ်သူနှင့် မတွေ့ရလျှင်
  သံပုရာသီးကဲ့သို့ပင်ဖြစ်၏။

- စိတ်မချမ်းမသာ ဖြစ်နေခြင်းသည်
  သင့်မှာ အချိန်ပိုတစ်ခု ရှိနေသောကြောင့်ဖြစ်၏။
  တစ်ခုခုကို အာရုံစူးစိုက်ထားသူတွင်
  အချိန်ပို မရှိသလို
  အခြားစိတ်ညစ်စရာများလည်း မရှိနိုင်ပါချေ။

- လူတိုင်းအတွက်
  ရေသောက်မြစ် သုံးသွယ်ရှိသည်။
  ကြိုးစားခြင်း၊ ကံကောင်းခြင်းနှင့်
  ရိုးသားဖြောင့်မတ်ခြင်းတို့ပင် ဖြစ်ပေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) တစ္ဆေမကြောက်သောကျုတ်ကုန်းရှာ

အခန်း(၂) သရဲမွေးသောအင်းသူကြီး

အခန်း(၃) အချစ်အတွက်အသက်ပေးခဲ့ရသူ

အခန်း(၄) မြလေးညိုနှင့်လှိုဝှက်သောမေတ္တာ

အခန်း(၅) အလှည့်ကျအကျိုးပေးသောကံလေးမျိုး

အခန်း(၆) အင်းစောင့်သူရဲတို့တိုက်ပွဲ

အခန်း(၇) သုသာန်စောင့်မိစ္ဆာမဖဲဝါ

အခန်း(၈) စည်းကျော်သူတို့အတွက်လျော်ကြေး

အခန်း(၉) နီမောင်နှင့်ပရလောကသားများ

အခန်း(၁၀) သုသာန်မြေတွင်တဲဆောက်မိခြင်း

အခန်း(၁၁) အာဃာတရန်ငြိုးများ

အခန်း(၁၂) အင်းတဲအတွင်းမှကယ်တင်သောသူ

အခန်း(၁၃) ပရလောကသားတို့၏သံယောဇဉ်

အခန်း(၁၄) မိတ်ရန်နှစ်ထွေရွှေပုလွေ

အခန်း(၁၅) ချစ်ခြင်းမေတ္တာကံစေရာပင်






# အခန်း(၁)

# တစ္ဆေမကြောက်သော ကျုတ်ကုန်းရှာ

မြန်မာနိုင်ငံသည် မြစ်ချောင်း အင်းအိုင် ဂယက်တို့ များစွာပေါများလှသော နေရာဖြစ်သည်။ မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် မြစ်ချောင်းစသည်တို့မှာ ယက်ကန်းကြိုးများကဲ့သို့ နေရာအနှံ့တွင် သွယ်ယှက်လျက် ရှိနေကြပေသည်။ မြစ်ချောင်း အင်းအိုင် ဂယက်ဟူ၍ ပေါင်းစုပြီး ခေါ်ထားကြသော်လည်း မတူညီကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကဲ့သို့ ကျယ်ဝန်းရှည်လျားသော မြစ်ကြီးများ ရှိကြသလို သာမန်အကျယ်အဝန်းသာရှိသော မြစ်တို့သည်လည်း မြောက်များစွာ ရှိကြလေသည်။ ထို့ပြင် လှေတစ်စင်း ဝင်ထွက်သွားလာရုံသာ ကျယ်ဝန်းသော မြစ်ချောင်းများလည်း နေရာအနှံ့တွင် ရှိကြသည်။

အိုင်ဆိုတာကတော့ ရေဝင်ရေထွက်မရှိပဲ ရေတွင်း ရေကန်ကဲ့သို့ ရေအမြဲရှိသော နေရာဖြစ်သည်။ ဂယက်ဆိုသည်မှာလည်း ရေတိမ်ပြီး အပြင်ကျယ်သောနေရာမျိုး ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဘက်တွင် 'ဘီလူးမဂယက်' ဟူသော နေရာတစ်ခု ရှိလေသည်။ အခြားနေရာများမှာလည်း ရှိမည်ဖြစ်သော်လည်း ဘီလူးမဂယက်လောက်တော့ နာမည်မကြီးကြပေ။

ထိုအကြောင်းကို ဝတ္ထုတစ်အုပ် ရေးသားခဲ့ပြီး ဖြစ်သော်လည်း ယခုအချိန်မှာတော့ ထိုနေရာများမှာ ကနစိုဒီရေတောကြီးများ မရှိတော့ပဲ လယ်မြေများဖြစ်ခဲ့ပြီဖြစ်သောကြောင့် ဘီလူးမဂယက်နေရာလည်း ရှိတော့မည်မထင်ပေ။

မြန်မာနိုင်ငံအတွင်းမှာ အခြားနေရာများထက် ထင်ရှားပြီး လူသိများသော အင်းကြီးများ ရှိကြသည်။ အင်းဆိုသည်မှာ ရေနက်ပြီး အပြင်ကျယ်သော နေရာမျိုးဖြစ်သည်။

အင်းကြီးများထဲတွင် ကချင်ပြည်နယ်အတွင်းမှာရှိ





သော 'အင်းတော်ကြီး'သည် အကြီးဆုံး အင်းဖြစ်သည်။ အင်းတော်ကြီးအိုင်ဟုလည်း ခေါ်ဝေါ်ရေးသားကြသည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မိုးကောင်းနယ်အတွင်း၌ရှိသော အင်းတော်ကြီးသည် မြန်မာနိုင်ငံအတွင်းရှိ အင်းအိုင်များအနက် အကြီးဆုံးသော သဘာဝအင်းအိုင်ကြီးဖြစ်သည်။

ထိုအင်းကြီးသည် တောင်နှင့်မြောက်အလျား (၁၆) မိုင်ရှိ၍ မိုးရာသီအခါ အကျယ်ပြန့်ဆုံးနေရာတွင် (အနောက်ဘက်ကမ်းရှိ လုံးထုံနှင့် အရှေ့ဘက်ကမ်းရှိ ဟဲမုရွာအကြား) စတုရန်းမိုင်(၈၀)ရှိရာ ယင်းတွင် ကမ်းစပ်ညွန်ပြောင်းမြေကိုပါ ထည့်သွင်းထားခြင်းဖြစ်၍ ရေပြင်ကြီးသက်သက် အကျယ်အဝန်းသည် (၄၄. ၉)စတုရန်းမိုင် ကျယ်ဝန်းသည့် အကြီးဆုံး အင်းကြီးဖြစ်သဖြင့် 'အင်းတော်ကြီး'ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

နောက်ထပ်ကျယ်ဝန်းသော အင်းကြီးတစ်ခုမှာ ရှမ်းပြည်နယ် တောင်ပိုင်းတွင်ရှိသော 'အင်းလေး'ဖြစ်သည်။ အင်းတော်ကြီး၊ အင်းလေးဟု ခေါ်ရာမှ အင်းလေးဟု ခေါ်ဝေါ်လာကြခြင်း ဖြစ်သည်။

အင်းလေးဟုသာ ခေါ်ဝေါ်ကြသော်လည်း အကျယ်အဝန်းမှာ အင်းတော်ကြီးကဲ့သို့ပင် ကျယ်ဝန်းသော အင်းကြီးတစ်ခုပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေနယ်အတွင်းမှာရှိသော အင်းလေးသည် မြစ်ကြီးနားခရိုင်အတွင်းရှိ အင်းတော်ကြီးမှလွဲလျှင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးသော သဘာဝအင်းအိုင်ကြီး ဖြစ်သည်။

အကျယ်အဝန်းတွင် ဒုတိယဖြစ်သော်လည်း အင်းတော်ကြီးထက်ပင် ပို၍ထင်ရှားကျော်ကြားသော နေရာဖြစ်ပြီး ခရီးသွားလာမှု ပိုမိုများပြားလာလေသည်။

တောင်နှင့်မြောက် တန်းလျက်ရှိသော တောင်တန်းကြီးနှစ်ခုအကြား ခွက်ဝင်နေသော ညောင်ရွှေချိုင့်ဝှမ်းကြီး၏ အလယ်ခေါင် အနက်ရှိုင်းဆုံးသော အပိုင်း၌ တည်ရှိသော်လည်း အင်းလေးတည်ရာအရပ်သည် ပင်လယ်ရေပြင်မှ ပေ(၂၉၀၀)ကျော် မြင့်လေသည်။

တောင်ပေါ် အင်းအိုင်ကြီးတစ်ခုဖြစ်သော အင်းလေးသည် အရှေ့ဖက် အနောက်ဖက်များတွင် တောင်ရိုးတောင်တန်းကြီးများဝန်းရံလျက် ကြည်လင်ပြာလွဲ့သော ရေပြင်ကျယ်ကြီးတို့ဖြင့် လွန်စွာရှုမောဖွယ်ရာ ဖြစ်သောကြောင့် ဒေသန္တရခရီးသည်တို့ သွားလာခြင်းများသောနေရာလည်း ဖြစ်ပေသည်။

အင်းလေးသည် တောင်နှင့်မြောက် ကိုးမိုင်ခန့်ရှိ၍ အကျယ်ဆုံးနေရာ၌ အရှေ့နှင့်အနောက် သုံးမိုင်ခွဲခန့်ရှိမည်ဟု ခန့်မှန်းရသည်။





နွေရာသီ၊ မိုးရာသီအလိုက် ရေပြင်၏ အကျယ်အဝန်းသည် အလျော့အတိုး ရှိသောကြောင့် အင်းလေးရေပြင်၏ အကျယ်အဝန်းကို အတိအကျ ပြောမရပေ။

သို့သော် ပျမ်းမျှအားဖြင့် လက်ရှိရေပြင်အကျယ်အဝန်းသည်(၂၅.၈)စတုရန်းမိုင်ရှိ၍ ဘေးပတ်လည်ရှိ ကမ်းစပ်ညွန်ပြောင်းမြေများကိုပါ ထည့်သွင်းလျှင်မူ (၇၅.၄)စတုရန်းမိုင်ရှိသဖြင့် အင်းတော်ကြီး၏ ရေပြင်အကျယ်အဝန်း(၄၄.၉)စတုရန်းမိုင်ထက်ပင် ပိုမိုကျယ်ဝန်းလေသည်။

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း၌ရှိသော အင်းကြီးများအနက် အင်းတော်ကြီးနှင့် အင်းလေးတို့ပြီးလျှင် တတိယအကြီးဆုံးအင်းမှာ 'မိုးယွန်းကြီး'အင်းပင် ဖြစ်ပေလိမ့်မည်။

လယ်မြေများနှင့် ဆက်စပ်လျက်ရှိသောကြောင့် ရှေးအခါက ငါးပုဇွန်အလွန်ပေါသော အင်းကြီးဖြစ်သည်။

ယခုအချိန်မှာတော့ အခြေအနေ ပြောင်းလဲသွားပြီဖြစ်သောကြောင့် ရှေးအခါကလောက် ငါးပုဇွန် မပေါတော့ပေ။

မိုးယွန်းကြီးအင်းကဲ့သို့ပင် ကျယ်ဝန်းလှပြီး ငါးပုဇွန်ပေါသော အခြားအင်းကြီးများလည်း ရှိကြသေးသည်။ မလက်တိုအင်း၊ အင်းရဲကြီး၊ ဒေပေးအင်း၊ သရဲကုန်းအင်း၊ ကျတ်ကင်းအင်း စသည်တို့ ဖြစ်ကြသည်။

အချို့အင်းကြီးများမှာ ရွာအမည်ကို အစွဲပြုပြီး အင်း



www.burmeseclassic.com

www.burmeseclassic.com



အမည်ပေးကြသည်။

သရဲကုန်းရှာရှိသောကြောင့် သရဲကုန်းအင်းဟု အမည်ပေးကြခြင်းမျိုး ရှိသည်။

အထက်ဖက် ရွှေလီမြစ်နှင့် နီးစပ်သော သရဲကုန်းအင်းမှာ အောက်ဖက်နယ်တွင်ရှိသော အင်းရဲကြီး၊ မလက်တိုအင်း စသည်တို့ကဲ့သို့ ငါးပုဇွန် ပေါများလှသည့်အပြင် အခြားသော စိတ်ဝင်စားဖွယ်ရာများ အသီးသီးရှိကြလေသည်။

သရဲကုန်းအင်းမှာ စောင့်ရှောက်နေသော သိုက်နန်းရှင်များနှင့် အခြားအစောင့်အရှောက်များ ရှိသဖြင့် ၎င်းတို့ မနှစ်သက်သူများ လေလံဆွဲ၍ မရပေ။

(ရှေးအခါက အင်းတစ်ခုလုံးမှာရှိသော ငါးပုဇွန်တို့ကို ဖမ်းဆီးလိုလျှင် ဗြိတိသျှအစိုးရထံမှာ သတ်မှတ်ထားသော အခကြေးငွေပေးပြီး လေလံဆွဲယူကြရသည်။)

လေလံဆွဲ၍ ရပြီးသော်လည်း အင်းစောင့်များ၊ ထိုအင်းနှင့် သက်ဆိုင်သူများ မနှစ်သက်လျှင် ငါးပုဇွန် ဖမ်းဆီးရာတွင် အနှောက်အယှက်များနှင့်တွေ့ကာ ထင်သလောက် ငါးပုဇွန်မရဲ ရှိတတ်ကြသည်။

ထို့ကြောင့် အင်းလေလံ ဆွဲယူကြရာတွင် ငွေကြေးတတ်နိုင်ရုံနှင့်မပြီး၊ အင်းစောင့်များ အင်းနှင့်သက်ဆိုင်သူတို့အဆင်ပြေဖို့ရန်လည်း အရေးကြီးကြသည်။

အင်းဆိုသောနေရာမှာ ငါးပုဇွန် ပေါများသောနေရာ





များ ဖြစ်သဖြင့် လေလံဆွဲယူကြရာတွင်လည်း ငါးပုဇွန် ဖမ်းဆီးရန်အတွက်သာ ဖြစ်ကြသည်။

အများအားဖြင့်တော့ အင်းနှင့်သက်ဆိုင်ကြသော အစောင့်များမှာ နတ်ကောင်းနတ်မြတ်တို့ ရှိကြသည်မဟုတ်ဘဲ ... သရဲသဘက်တို့သာ များလေသည်။

ထို့ကြောင့် ရှေးအခါက ငါးဖမ်းသော အင်းတဲများမှာ ဘုရားစင် နတ်စင်များ မထားကြပေ။ ဘုရားစာ တရားစာများ ရွတ်ဖတ်နေ၍လည်း မဖြစ်ပေ။

အင်းတဲမှာ ရှိသူတစ်ယောက်က ဘုရားစာ တရားစာ ရွတ်ဆိုနေလျှင် ငါးပုဇွန် ဖမ်းဆီးရတာ အဆင်မပြေလှဘဲ ဘေးအန္တရာယ်တို့နှင့်ပင် ကြုံတွေ့ကြရပေသည်။

အင်းများမှာအလုပ်လုပ်ကြသော အင်းသူကြီး (အင်းပိုင်ရှင်)များနှင့် အင်း၌ အလုပ်လုပ်သူတို့မှာ ဘုရားစာ တရားစာများ ရွတ်ဆို၍ မရကြသည့်အပြင် အင်းမှာရှိသော အင်းစောင့်များ သရဲသဘက်များနှင့် အဆင်ပြေအောင်နေကြ လုပ်ကြရသည်။

တစ်နည်းအားဖြင့်တော့ မိတ်ဆွေဖွဲ့ထားရခြင်း ဖြစ်ပေသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က 'အင်းရဲကြီးသူကြီး'ဟု ခေါ်သော တစ်ပွဲစားကြီးအကြောင်းကို ဝတ္ထုအနေဖြင့်ရေးသားခဲ့ပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲစားဟူသော ဝေါဟာရမှာ နတ်၊ သရဲသဘက်တို့နှင့် သက်ဆိုင်သည့် ဝေါဟာရပင် ဖြစ်ပေသည်။ သရဲသဘက်များကဲ့သို့ ငါးပုဇွန်များ ဘယ်နေရာမှာ ဖမ်းဆီးလျှင် ရနိုင်မည်၊ ငါးအမျိုးအစား၊ အကောင်အရေအတွက်၊ ပိဿာချိန် စသည်တို့ကို မှန်ကန်အောင် ပြောပြနိုင်သူကို ရှေးက 'တစ်ပွဲစား'ဟု ခေါ်ကြခြင်း ဖြစ်သည်။

အင်းလုပ်သူများ၊ ငါးပုဇွန် ဖမ်းဆီးခြင်း လုပ်ငန်းအမျိုးမျိုးတို့မှာ လုပ်ငန်းခွင်မဝင်မီတွင် သက်ဆိုင်ရာနတ်နှင့် အစောင့်အရှောက်တို့ကို အရက်၊ စားသောက်ပွဲများဖြင့် တင်မြှောက်ကြရသည်။

ထမင်း၊ ကြက်သားဟင်း၊ ငါးဟင်း၊ ဘဲဥ၊ အရက်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ဖြင့် သူ့အရပ် သူ့ဓလေ့ထုံးစံ အတိုင်း တင်မြှောက်ကြရသည်။

ထိုသို့တင်မြှောက်ရာတွင် ကွင်းပိုင်၊ ချောင်းပိုင်၊ အင်းစောင့်များအတွက် စားပွဲများပြင်ကာ တင်မြှောက်ကြရသည်။ သီးခြားပွဲတစ်ပွဲ ပြင်ပေးရသောကြောင့် တစ်ပွဲစားဟု ခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပေသည်။

တစ်ပွဲစားဘဝ ရောက်ခဲ့ရသော အင်းရဲကြီးသူကြီးမှာ သရဲဘဝ မရောက်ခင်ကတည်းက ရွှေတိဂုံဘုရား သွားဖူးရာ ဘုရားကွယ်နေပြီး မမြင်ခဲ့ရသောကြောင့် ရွှေချရန်ယူသွားသော ရွှေပြားများကို အင်းတဲမှ အင်းတိုင်များတွင် ရွှေချ





ထားခဲ့ရပေသည်။

နောက်တော့ လူစင်စစ်မှ ဘဝမပြောင်းဘဲ သရဲဘဝ ရောက်သွားခဲ့ရပေသည်။

အကုသိုလ်များလာသောအခါ ကုသိုလ်ပြုလုပ်ရန်ပင် အနှောက်အယှက်များသောကြောင့် အထမမြောက်နိုင်ဘဲ ရှိပေသည်။

ရှေးနှစ်ပေါင်း တစ်ရာကျော်အချိန်ကာလက မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားပြီး အစစအရာရာ အခွန်အကောက်များ ကောက်ယူကြလေသည်။

လယ်လုပ်လျှင် လယ်ခွန်ပေးရသည်။ သစ်ခုတ်ယူလိုလျှင် လိုင်စင်ဆောင်ရသည်။ ငါးဖမ်းယူလိုလျှင် လေလံဆွဲကြရသည်။

ထိုကဲ့သို့ပင် အင်းများ၌ ငါးဖမ်းယူလိုလျှင် အခွန်တော်ဝန်မင်းဘံတွင် သတ်မှတ်သော ငွေကြေးပေးပြီး လေလံဆွဲယူကြရသည်။

ထိုသို့လေလံဆွဲရမည့် အကြောင်းကိုလည်း ထိုခေတ်အချိန်အခါက ထုတ်ဝေသော သတင်းစာနှင့် ဂျာနယ်စာစောင်တို့တွင် ကြိုတင်ထည့်သွင်းပေးရလေသည်။

ရှေးခေတ် ရှေးနှစ်ပေါင်းတစ်ရာကျော်က အင်းလေလံဆွဲရမည့်အကြောင်း ထည့်သွင်းဖော်ပြထားသော ကြော်ငြာတစ်ခုကို နမူနာအဖြစ် ထည့်သွင်းဖော်ပြပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com



## ''အင်း ချောင်း စသည်တို့တွင် ငါးပုဇွန် ဖမ်းဆီးခွင့်နှင့် သက်ဆိုင်သော ကြော်ငြာစာ..''

အောက်၌ ဖော်ပြထားသော အခွင့်များကို ရန်ကုန်မြို့ ဝန်မင်းသခင်ဘုရားရုံးတော်၌ မတ်လ(၂၇)ရက် တနင်္ဂနွေ(၁၀)ရက် သောကြာနေ့ မွန်းတည့်အချိန်တွင် လေလံတင်၍ ရောင်းချပေးလိမ့်မည်။

လေလံပုံစံတွင် ပါသည့်အတိုင်း မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရှိကြသော မြစ်၊ ချောင်း၊ အင်း၊ အိုင် တို့တွင် ငါးပုဇွန် ဖမ်းဆီး အသက်မွေးဝမ်းကျောင်းပြုသူတို့မှာ သတ်မှတ်ထားသော စည်းကမ်းချက်တို့ကို ရှိသေစွာ လိုက်နာပါမည်ဟု ကတိကဝတ်ပြုကာ လေလံဆွဲယူနိုင်ကြပေသည်။

လေလံဆွဲယူသူတို့မှာ ရရှိသော အင်း၊ ကန်၊ မြစ်ချောင်းတို့တွင် အခြားသူများ ရှာဖွေစားသောက်ရန်အတွက် ''ဒူး၊ ပိုက်၊ လက်စမ်း၊ ငါးမျှားတံ'' ဖြင့် ရှာဖွေဖမ်းဆီးသော ခွင့်ပြုပေးရပေမည်။ ထိုသူတို့အား ဥပါဒ်အန္တရာယ် မရှိစေရ။

အကယ်၍ ဥပါဒ်အန္တရာယ်ရှိခဲ့သော် ချထားသော အင်းလေလံပါမစ်အား ပြန်လည်ရုပ်သိမ်း၍ ကြီးလေးသော အပြစ်ဒဏ် ချမှတ်ခြင်း ခံရမည်။

လေလံဆွဲခွင့်ရသူသည် သက်ဆိုင်ရာနေရာတွင် တစ်နှစ်ပြည့်မြောက်သည်အထိ ပိုင်ဆိုင်ခွင့် ရရှိပေမည်။

ကောင်းမွန်စွာ မှတ်သားထားရန်မှာ...

မတ်လ(၂၆)ရက် ကြာသပတေးနေ့ (၁၂)နာရီမတိုင်မီ အထက်ဆိုခဲ့ပြီးသော အခွင့်တို့တွင် မည်သည့်နေရာ မည်သည့်အခွင့်ကိုမဆို လျှောက်ထားကြရပေမည်။

အကယ်၍ လျှောက်သွင်းစာ မရှိသော် လေလံပမ်မည်မဟုတ်ပဲ လက်ရှိလုပ်ကိုင်နေသူထံ ပြန်လည်ချထားပေးခြင်း ပြုပေးလိမ့်မည်။





ထားရှင်းအတိုင်း အတိုးနှင့်တကွ ပေးသနားတော် မူပြန်လိမ့်မည်။

ကပ္ပတိန် ဂျွဴဝင်ခ်သခင်

မြို့ဝန်မင်းနှင့် အခွန်အတုတ်နှင့်ဆိုင်သော

လွှတ်တော်မင်း သခင်ဘုရား

၁၂၅၃ ခု တန်ခူးလဆန်း (၄)ရက်

၁၈၇၄ ခု မတ်လ(၂၀)ရက်၊ စနေနေ့

ရန်ကုန်မြို့

မြို့တော်ဝန်မင်း သခင်ဘုရားရုံး၊

၁၈၇၄ခု၊ မတ်လ(၁၄)ရက်နေ့၊

ထိုကဲ့သို့သော ကြော်ငြာမျိုး ထည့်သွင်းကြော်ငြာပေးလေ့ရှိသည်။ အင်းလေလံကြီးများက ရန်ကုန်မြို့အထိ လာရောက်ကာ လေလံဆွဲကြရပြီး လေလံရရှိသူများမှ တဆင့်ပြန်လည်ရောင်းချသော နေရာများကို လေလံဆွဲယူလိုလျှင်တော့ သက်ဆိုင်ရာ မြို့ရွာများမှာပင် ပြုလုပ်ကြလေသည်။

ကျယ်ဝန်းလှသောနေရာများကို လေလံဆွဲယူရရှိသူက အချို့နေရာများကို လက်ခွဲလုပ်ကိုင်လိုသူများအား နေရာသတ်မှတ်ကာ တဆင့်ပြန်လည် ရောင်းချကြလေသည်။ အချို့လည်း အလုပ်သမားများထားကာ တစ်ဦးတည်းပင် လုပ်ကိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း အင်း၌ လုပ်ကြသော အင်းသူကြီးအပါအဝင် အလုပ်သမားတို့မှာ စရိုက်ကြမ်းကြသူများ ဖြစ်ကြသည်။

သရဲသဘက်များနှင့်တွေ့လျှင် မကြောက်ကြရုံမက ဘဲ အပေါင်းအသင်းပင် လုပ်ထားကြသည်။

အင်းစောင့်တို့မှာ အများအားဖြင့် သရဲသဘက်များ ပင် ဖြစ်ကြရာ ၎င်းတို့နှင့် သင့်မြတ်ပါက ကျွေးစရာရှိတာကျွေး ပြီး ခိုင်းစရာရှိတာလည်း စေခိုင်း၍ ရပေသည်။

အင်းတဲမှာ နေကြသောသူများက. . .

"တာတေရေ၊ ဒီည ငါ အရက်သောက်ပြီး အိပ်တော့ မယ်၊ မင်းက အင်းထဲမှာ ငါးသူခိုးတွေရှိမရှိ လိုက်ကြည့်ပေ တော့၊ တွေ့ရင်. . . ကြောက်အောင် လန့်အောင်လောက်ပဲ ခြောက်လှန့်ထုတ်လိုက်နော်၊ သေအောင်မသတ်နဲ့၊ လူသေ ရင် သူကြီးနဲ့ အမှုရှုပ်နေရလိမ့်မယ်"

ဟု ပြောဆိုမှာကြားပြီး အမဲသားငါ ကျွေးမွေး၍ စေလွှတ်လိုက်ပါက ထိုသရဲက အင်းထဲသို့ ငါးခိုးဖမ်းသူတို့ မလာရောက်စေရန် လိုက်လံစောင့်ရှောက်ပေးသည်။

အချို့ကို အရိပ်သဏ္ဍာန်ပြပြီး ခြောက်လှန့်သည်။

အချို့ကိုတော့ အကောင်အထည်ပြပြီး ခြောက်လှန့် သည်။

ထိုသို့ ခြောက်လှန့်၍မှ မရလျှင်တော့ ကြမ်းကြမ်း





တမ်းတမ်းပင် ပြုလုပ်လေ့ရှိကြသည်။

နောက်ပိုင်းတွင် အင်းစောင့်များအကြောင်းကို ဆက် လက်ရေးသားပါမည်။

ရှေ့၌ရေးသားခဲ့သည့်အတိုင်း အချို့အင်းများမှာ ရွာ နာမည်များကို အမှီပြုကာ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

သရဲကုန်းရွာကို အစွဲပြုပြီး 'သရဲကုန်းအင်း'ဟု ခေါ် ဝေါ်ကြသလို မလက်တိုအင်းမှာ မိကျောင်းမလက်တိုအမည် ကို အစွဲပြုပြီး ခေါ်ဝေါ်ကြခြင်းဖြစ်၏။

ဟင်္သာတဘက်၌ရှိသော ဒေဖေးအင်းမှာ မယ်ကု ဝဏ်ဘီလူးမကို အကြောင်းပြုကာ ထိုအမည် ခေါ်ကြခြင်း ဖြစ်၏။ အင်းရဲကြီးအင်းမှာလည်း အင်းရဲကြီး အင်းသူကြီးကို အကြောင်းပြုကာ နာမည်ကျော်ကြား လူသိများခဲ့ခြင်း ဖြစ်ပေ သည်။

ထိုကဲ့သို့ အပြင်ရပ်ရွာအမည်ကို အကြောင်းပြုပြီး နာမည်တပ်ကာ ခေါ်ဝေါ်ကြသော အင်းတစ်အင်းလည်း ရှိ ပေသေးသည်။

'ကျွတ်ကုန်းအင်း'ပင် ဖြစ်ပေသည်။

ကျွတ်ကုန်းအင်းမှာ ကျွတ်ကုန်းရွာအမည်ကို အစွဲပြု လျက် ပေါ်ပေါက်လာသော အင်းအမည်ပင် ဖြစ်၏။

ကျွတ်ကုန်းရွာနှင့် ကျွတ်ကုန်းအင်းရှိသောနေရာမှာ ပဲခူးတိုင်း နယ်နိမိတ်အတွင်း၌ပင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးယွန်းကြီးအင်း၏ အရှေ့မြောက် နယ်နိမိတ်အစပ်တွင် ရှိလေသည်။

(ရှေးအခါက မိုးယွန်းကြီးအင်းနှင့် တဆက်တည်းရှိသော်လည်း သီးခြားနာမည်တစ်ခုဖြင့် လိုင်စင်ဆောင်ရသော အင်းတစ်အင်းလည်း ဖြစ်သည်။

နောက်ပိုင်း ရွာပျက်သွားပြီး အင်းမှာလည်း တဖြည်းဖြည်းနှင့် တိမ်ကောသွားခဲ့ပြီး ၎င်း၏နယ်နိမိတ်တို့မှာ မိုးယွန်းကြီးအင်း နယ်နိမိတ်အတွင်းသို့ ကျရောက်သွားခဲ့ခြင်းပင် ဖြစ်ပေသည်။)

လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်လောက်က . . ကျတ်ကုန်းအင်းမှာ သီးခြားရှိပြီး အင်းလေလံပစ်သောအခါ သီးခြားလိုင်စင်ရသောအင်းဖြစ်သည်။

မိုးယွန်းကြီးအင်းက နယ်မြေကျယ်ဝန်းသောကြောင့် ငါးပုဇွန်ရသည်မှန်သော်လည်း ကျတ်ကုန်းအင်းကတော့ မိုးယွန်းကြီးအင်း အကျယ်အဝန်း၏ လေးပုံတစ်ပုံခန့်ပင် ကျယ်ဝန်းသော်လည်း ငါးပုဇွန်များများရသော အင်းတစ်အင်းလည်းဖြစ်သည်။

ထို့ကြောင့် နှစ်စဉ် နွေရာသီရောက်ပြီး အင်းလေလံပစ်သောရာသီ ရောက်ပါက ထိုကျတ်ကုန်းအင်းကို လေလံဆွဲလိုသူ အတော်ပင်များပေသည်။

သို့သော် ငွေကြေးတတ်နိုင်သော်လည်း လုပ်ရတာ





အဆင်မပြေသောကြောင့် လူတိုင်း လေလံမဆွဲဝံ့ကြပေ။

အင်းစောင့်သရဲများက ခြောက်လှန့်နှောက်ယှက်ကြသဖြင့် ကြာရှည်မလုပ်နိုင်ဘဲ နှစ်မကုန်ခင် ပြန်ပြေးရသည်ကများလေသည်။

ထို့ကြောင့် အကြောင်းသိသူများက ငါးရသည် မှန်သော်လည်း လေလံမဆွဲဝံ့ကြခြင်း ဖြစ်၏။

ကျတ်ကုန်းအင်းမှာ မိုးယွန်းကြီးအင်း ရှိသောနေရာ၏ အရှေ့မြောက် တဆက်တစပ်တည်းရှိသော နေရာမှာရှိပြီး ကျတ်ကုန်းရွာရှိသော နေရာမှာလည်း အင်းရှိသောနေရာ၏ မြောက်ဘက်ယွန်းယွန်းတွင် ဖြစ်သည်။

ကျတ်ကုန်းရွာမှာ ရွာကြီးတစ်ရွာ ဖြစ်လေသည်။ အိမ်ခြေတစ်ရာနီးပါးရှိပြီး ထိုရွာတွင် နေကြသူအများစုမှာ ငါးဖမ်းခြင်း၊ ငါးရှာခြင်း အလုပ်ကိုသာ အဓိကထားပြီး လုပ်ကိုင်ကြသည်။

တစ်ရွာလုံး ငါးပိငါးခြောက်လှမ်းသောစင်များ တန်းစီနေလေသည်။ အိမ်တိုင်းမှာ ငါးပုဇွန် ကျပ်တိုက်သော ကျပ်စင်များ ရှိကြသည်။

နေပူသည့် နွေရာသီရောက်လျှင် ငါးပုဇွန်များကို အပြင်ဘက်မှာရှိသော စင်များပေါ်မှာ ငါးခြောက်များ လှမ်းကြသည်။

မိုးရာသီရောက်သောအခါ အိမ်များအတွင်းမှာ သီး



www.burmeseclassic.com

www.burmeseclassic.com



ခြားဆောက်ထားသော ကျပ်စင်များပေါ်တွင်တင်ပြီး ကျပ်တိုက်ကြသည်။

တစ်ရွာလုံး ကျပ်တိုက်သောစင်များ ရှိသဖြင့် ကျပ်ကုန်းရွာဟု ခေါ်သလား. . .။

သို့မဟုတ် ကျပ်တစ္ဆေတို့ ခြောက်လှန့်နှောက်ယှက်မှုများသောကြောင့် ကျပ်ကုန်းရွာဟု ခေါ်သလားတော့. . မသိကြပေ။

ကျတ်ကုန်းရွာသည် သားစိမ်းငါးစိမ်းများ သတ်ဖြတ်၍ ငါးခြောက်ခွဲသောလုပ်ငန်းများ အိမ်တိုင်းစေ့ လုပ်ကိုင်ကြသောကြောင့် ကျတ်တစ္ဆေတို့ ပျော်ပါးနေထိုင်ရာ ရွာဆိုလျှင်လည်း မမှားပေ။

သို့သော်. . ထိုရွာမှာ နေကြသူများကတော့ ကျတ်တစ္ဆေ၊ သရဲသဘက်တို့ကို မကြောက်ရွံ့ကြပေ။

၎င်းတို့၏ လုပ်ငန်းသဘောအရ ကျတ်တစ္ဆေတို့နှင့် မိတ်ဆွေဖွဲ့ထားရသောကြောင့်ပင် ဖြစ်ပေသည်။









# အခန်း(၂)

# သရဲမွေးသော အင်းသူကြီး

ကျတ်ကုန်းအင်းနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ကျတ်ကုန်းရွာသာမကဘဲ အခြားရွာများလည်း ရှိကြသည်။ တစ်ရွာနှင့်တစ်ရွာလည်း မဝေးလှပေ။ ကျတ်ကုန်းရွာ၊ ပေပင်ကုန်းရွာ၊ ပျဉ်းမကုန်းရွာ၊ ဘုရားကုန်းရွာတို့မှာ တဆက်တည်းပင် ရှိကြပေသည်။ အချို့ ရွာချင်းဆက်နေပြီး အချို့ လယ်ကွင်းများခြားနေပြီး လှမ်းမြင်ရသော အနေအထား ရှိကြလေ

www.burmeseclassic.com



သည်။

တစ်ရွာလုံး သားငါးရှာဖွေသော အလုပ်လုပ်ကြသည်မှာ ကျတ်ကုန်းတစ်ရွာသာရှိပြီး အခြားရွာများကတော့ လယ်ယာလုပ်ကိုင်သူ၊ ခြံစိုက်ပျိုးသူ၊ ဆောင်းရာသီ သီးနှံစိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုသူတို့ အနေများကြလေသည်။

နီမောင်တို့မိသားစုက ပေပင်ကုန်းရွာမှာ နေကြလေသည်။ ပေပင်ကုန်းရွာနှင့် ကျတ်ကုန်းရွာက မဝေးလှပေ။

လယ်ကစ်ကွင်းသာခြားပြီး လှမ်းမြင်ရသော အနေအထားမျိုး ရှိကြသည်။ တစ်ရွာနှင့် တစ်ရွာသားချင်းလည်း ခင်မင်ကြသည်။

နီမောင်တို့နေသောရွာနှင့် ကျတ်ကုန်းအင်းမှာ မဝေးလှပေ။ ထို့ကြောင့် ထိုရွာမှာ နေထိုင်ကြသူတို့မှာ ဟင်းစားအတွက် အင်းအတွင်းသို့ ငါးပုစွန်များ သွားရောက်ရှာဖွေကြသည်။

အင်းသူကြီးများက ထိုကဲ့သို့သော ဟင်းစားအတွက် ငါးရှာဖွေသူတို့ကို တားဆီးခွင့် မရှိကြပေ။

အင်းလေလံ ဆွဲယူစဉ်ကပင် . . .

"ဒူးဖိ၊ လက်စမ်း၊ ငါးမျှားတစ်တံ" ရှာဖွေစားသောက်သူတို့ကို အနှောင့်အယှက်မရှိစေပဲ ခွင့်ပြုပေးရမည်ဟူသော အချက်တစ်ခု ပါဝင်လေသည်။





ထိုအချက်သည် ရှေးအခါက အင်းများ၊ ချောင်းများကို ငါးဖမ်းရန်အတွက် လေလံပေးရာတွင် ထည့်သွင်းထားသော အချက်တစ်ချက်ဖြစ်ရာ ယခုခေတ်ကာလ စာဖတ်သူတို့မှာ အင်းများနှင့် အဆက်အစပ် မရှိကြတော့သဖြင့် သိနိုင်သူ နည်းလှပေသည်။

ရှေးအခါက အင်းလေလံဆွဲယူရာတွင် အခြားအချက်များ ပါဝင်သကဲ့သို့ အရေးကြီးသော အချက်သုံးချက်ကိုပါ ထည့်သွင်းထားပေသည်။

ထိုအချက်ကြီး သုံးချက်ကိုတော့ အင်းလေလံ ဆွဲယူသူတို့က လိုက်နာကြရပေသည်။

- ➤ တစ်အချက်မှာ--မိုးဦးကျ ငါးရစ်တက်သော အချိန်တွင် ဥပါသော ငါးများကို အမြောက်အများ ဖမ်းဆီးခြင်း မပြုကြရပေ။
- ➤ နှစ်အချက်မှာ--အင်းလေလံဆွဲယူပြီး တစ်နှစ်ပြည့်သောရက်တွင် မိမိရရှိသောအင်းကို အစိုးရထံ ပြန်လည်အပ်နှံကြရခြင်း ဖြစ်သည်။
- ➤ သုံးအချက်မှာ--အင်းလေလံ ဆွဲယူသူတို့သည် ရရှိထားသော အင်းထဲ၊ ချောင်းထဲတွင် ဟင်းစားရှာဖွေကြသူများကို ဒူးဖိ၊ လက်စမ်း၊ ငါးမျှားတစ်တံ ခွင့်ပြုပေးကြရသည်။ အနှောင့်အယှက်ပြုခြင်းမျိုး မရှိစေရပေ။

အကယ်၍ ထိုစည်းကမ်းချက်များကို မလိုက်နာပါ



www.burmeseclassic.com

www.burmeseclassic.com



က အင်းလေလံအား ပြန်လည်ရုပ်သိမ်းရမည်ဟု ထည့်သွင်းထားလေသည်။

'ဒူးဖိ၊ လက်စမ်း၊ ငါးများတစ်တံ'ဆိုသည်မှာ ချောင်းထဲ၌သော်လည်းကောင်း၊ အင်းထဲ၌သော်လည်းကောင်း ငါးရှာသူက ပိုက်ကွန်၊ ငါးများတံ၊ အမြောက်အမြားမသုံးဘဲ ဒူးဖြင့်ဖိစမ်း၍သော်လည်းကောင်း၊ လက်ချည်းသက်သက်ဖြင့် ဖိစမ်း၍သော်လည်းကောင်း၊ ငါးများတစ်တံဖြင့် များယူ၍သော်လည်းကောင်း ပြုလျှင် အင်းပိုင်ရှင် ချောင်းပိုင်ရှင်က ခွင့်ပြုပေးရသည်။ အန္တရာယ် မရှိစေရပေ။

ထိုကဲ့သို့ အင်းလေလံဆွဲရာ၌ စည်းကမ်းချက် ရှိသော်ငြားလည်း အင်းပိုင်ရှင် ချောင်းပိုင်ရှင်တို့က မနှစ်သက်ကြပေ။ ၎င်းတို့ပိုင်သော အင်းထဲသို့ မည်သူမှ ဝင်ရောက်ငါးဖမ်းယူခြင်းကို မနှစ်သက်ကြပေ။

သို့ကြောင့် အချို့က အလုပ်သမားများကို လှေတစ်စင်းဖြင့် အင်းထဲသို့ လှည့်လည်ကာ ကြည့်ရှုစေသည်။

ထိုသို့ကြည့်ရှုသော်လည်း ညအချိန် အလုပ်သမားများ မလာနိုင်သော အချိန်ရောက်ပါမှ ငါးခိုးဖမ်းလိုသူတို့က ပိုက်များ၊ ကွန်များ အသုံးပြုကာ ရှာဖွေဖမ်းဆီးကြသည်။

ထိုသူများကို ဖမ်းမိလျှင် လှေကိုသော်လည်းကောင်း၊ အသုံးပြုသော ပိုက်ကွန်ကိုသော်လည်းကောင်း၊ ဖမ်းဆီးသိမ်းယူနိုင်ကြလေသည်။





အချို့ အင်းသူကြီးများကတော့ ၎င်းတို့အင်းကို သရဲသဘက်များမွေးကာ စောင့်ထားကြသည်။

သရဲသဘက်တို့ကို ကျွေးမွေးပြီး အင်းမှာ အစောင့်ထားခြင်းက လူများအစောင့်ထားသည်ထက်ပို၍ လုံခြုံစိတ်ချရပေသည်။

လူများက အချိန်တန်လျှင် အရက်မူးပြီး အိပ်ချင်အိပ်နေတတ်သော်လည်း သရဲသဘက်များကတော့ ထိုသို့မဟုတ်ပေ။ ငါးသူခိုးများ ဝင်ရောက်လာသည်နှင့် ချက်ချင်းသိကာ သွားရောက် ခြောက်လှန့်ကြသည်။

သို့ကြောင့် ငါးခိုးချင်သူများက လူများထက် သရဲများကို ပိုမိုကြောက်လန့်ကြလေသည်။

နေ့အချိန် ဝင်ခိုးပြန်တော့လည်း လူများနှင့်တွေ့ပြီး အဖမ်းခံရသည်။ ညအချိန် ဝင်ခိုးပြန်တော့လည်း သရဲသဘက်များ ခြောက်လှန့်သောကြောင့် ထွက်ပြေးရပြန်သည်။

အချို့ သရဲသဘက်များမှာ ခြောက်လှန့်ရုံနှင့်မှ မရလျှင် အသက်သေအောင်ပင် ပြုတတ်ကြရာ သရဲသတ်သဖြင့် သေသောသူများပင် ရှိကြသည်။

ထိုကဲ့သို့ သရဲသတ်၍ သေလျှင်တော့ အင်းသူကြီးမှာ အပြစ်မရှိတော့ပေ။ ပုလိပ်နှင့် သူကြီးကလည်း လူသတ်သော်သရဲကို ဖမ်း၍မရပေ။

ထို့ကြောင့်ပင် အင်းစောင့်သရဲများကို ပိုပြီးကြောက်



www.burmeseclassic.com

www.burmeseclassic.com



နှံ့ကြခြင်း ဖြစ်ပေသည်။

မိမိပိုင်သောအင်းကို စောင့်ရှောက်ရန်အတွက် သရဲမွေးထားသူများထဲတွင် ကျွတ်ကုန်းအင်းသူကြီး ဦးမိုးညိုလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

ဦးမိုးညိုတို့ မိသားစုများမှာ ကျွတ်ကုန်းရွာ၌ နေကြသည်။ ဦးမိုးညိုက အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး အသားအရေက အတော်ပင်မည်းသည်။

မျက်နှာပေါ်မှာ ကျောက်ပေါက်အမာရွတ်များရှိပြီး ပါးစပ်ထဲ၌ ကွမ်းကို မပြတ်ဝါးနေသောကြောင့် သွားများက အဖြူရောင် မရှိတော့ဘဲ မည်းနက်နေပြီး နှုတ်ခမ်းများကတော့ သွေးစွန်းနေသကဲ့သို့ နီရဲနေသည်။

ကိုယ်လုံးကိုယ်ထည်က ပုပုအိုင့်အိုင့်ဖြစ်ပြီး အပေါ်အင်္ကျီဝတ်လေ့မရှိဘဲ ပုဆိုးတစ်ထည်နှင့်သာ နေလေ့ရှိသည်။

ရွာထဲမှာ သာရေးနာရေး ကိစ္စရှိသဖြင့် သွားလာဖို့ရှိပါက မိန်းမဖြစ်သူက အင်္ကျီလုံချည်အသစ်များ ထုတ်ပေးသဖြင့် မဖြစ်မနေ ဝတ်ရလျှင်လည်း အဆင်မပြေလှပေ။

အသားအရောင်က သပ်သပ်၊ အဝတ်အစားက သပ်သပ်၊ ဖြစ်နေတတ်သည်။ ထို့ပြင် အမြဲလို အင်္ကျီမဝတ်ဘဲနေသူဖြစ်သဖြင့် အင်္ကျီဝတ်လျှင် တစ်ကိုယ်လုံး ယားယံကာ မနေကတ်မထိုင်တတ် ဖြစ်သောကြောင့် နေရာအတော်များများသို့ သူကိုယ်တိုင်မသွားဘဲ မိန်းမနှင့် သမီးနှစ်ယောက်ကိုသာ





လွှတ်လေ့ရှိသည်။

"ငါ မသွားချင်ပါဘူး၊ အင်္ကျီအသစ်ဝတ်ရင် ကျောယားလွန်းလို့ နင်တို့ပဲ သွားလိုက်ကြဟာ"

ဟု ပြောလေသည်။

ဦးမိုးညိုတွင် အစ်မကြီး တစ်ယောက်ရှိပြီး နာမည်မှာ ဒေါ်မင်းဇာ ဖြစ်သည်။ ဒေါ်မင်းဇာက အသက်(၆၀)ကျော် အရွယ်ခန့်ရှိသည်။ ဦးမိုးညိုမိန်းမမှာ ဒေါ်မြလေးဖြစ်ပြီး အသက်(၄၅) ကျော်ကျော်သာ ရှိပေသေးသည်။

သမီးအကြီးဖြစ်သူ မြလေးညိုက အသက် (၂၅)နှစ်ခန့် ရှိနေပြီး ညီမဖြစ်သူ မြနှင်းဖြူကတော့ (၂၃)နှစ် အရွယ်ခန့်သာ ရှိသေးသည်။ နှစ်ယောက်စလုံး ချောမောလှပသူများ ဖြစ်ကြသည်။ သို့သော် စရိုက်ချင်းကတော့ မတူပေ။

မြလေးညိုက စိတ်ကြမ်းလူကြမ်းနှင့် နေတတ်သူဖြစ်ပြီး မြနှင်းဖြူကတော့ သိမ်သိမ်မွေ့မွေ့ အေးအေးချမ်းချမ်း နေတတ်သူဖြစ်သည်။

ကျွတ်ကုန်းရွာ အစွန်ဘက်တွင် ၎င်းတို့နေသော နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးရှိသည်။ သစ်ဝါးပေါသော အရပ်ဒေသ ဖြစ်သောကြောင့် သစ်ဝါးတို့ဖြင့် အခိုင်အမာဆောက်ထားကာ အိမ်ရှေ့အိမ်နောက်တို့တွင် ငါးခြောက်လှမ်းသော စင်များ ရှိကြလေသည်။

ထိုစင်များပေါ်မှာလည်း နေလှမ်းထားသော ငါး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်များက အပြည့်ရှိနေတတ်သည်။

ထို့ပြင် အိမ်ကြီးတစ်ဆောင်တွင် မိသားစုများ နေထိုင်ကြပြီး အခြားတစ်ဆောင်မှာ မီးဖိုကြီးများနှင့် ငါးနှင့် ပုဇွန်များကို ကျပ်တိုက်သော ကျပ်စင်ကြီးများ ရှိပေသည်။

မိုးရာသီရောက်ပါက ငါးများကို ဆားနယ်ကျပ်တိုက်ပြီး ပုဇွန်များကိုတော့ ဆားဖြင့်ပြုတ်ကာ ကျပ်တိုက်ပြီးနောက် ပုဇွန်ခြောက်များ ပြုလုပ်လေသည်။

ရေစင်နှင့် နီးသောနေရာတွင် စင်များရှိသေးပြီး ရလာသောငါးများကို စင်ပေါ်တင်ပြီး ရွေးချယ်ကြသည်။

ငါးခြောက်ခွဲမည့် ငါးများကိုလည်း မိန်းမအလုပ်သမားများက အရှင်လတ်လတ် ခေါင်းဖြတ်ကာ ငါးခြောက်ခွဲကြသည်။

သို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် သွေးနံ့၊ ငါးညှီနံ့ အပုတ်နံ့များ လှိုင်နေတတ်လေသည်။

ဦးမိုးညို၏အင်းတဲတွင် အလုပ်သမားများ ရှိကြသည်။ နေအိမ်က ရွာထဲတွင်ရှိပြီး အင်းတဲကြီးကိုတော့ ရွာနှင့်ဝေးသော အင်းစပ်၌ပင် ဆောက်ထားကြသည်။

အများအားဖြင့်တော့ အင်းတဲများမှာ ရေဆင်းသော ချောင်းပေါက်တို့တွင် ဆောက်လေ့ရှိကြသည်။ ချောင်းပေါက်ဝတွင် ကမ်းဘေးတစ်ဖက်တစ်ချက် ယင်းချပ်အတိုအရှည်များဖြင့် ကာရံထားသည်။





အဝကျယ်ပြီး တဖြည်းဖြည်း နောက်ပိုင်း ကျဉ်းသွားလေသည်။ ပင်လယ်ပြင်၌ စန္ဒားထောင်သော ပုံသဏ္ဌာန်မျိုးပင် ဖြစ်သည်။

နောက်ဆုံးနေရာတွင် ဝါးဖြင့်ပြုလုပ်ထားသော ဗုံလုံရှိသည်။ အင်းထဲ၊ ချောင်းထဲမှ ဆင်းလာသော ငါးပုဇွန်များက ရေစီးနှင့်အတူ ပါလာပြီး ယင်းချပ်များနှင့်ထိကာ နောက်ဆုံး ဗုံလုံအတွင်းသို့ ရောက်ကြရသည်။ ထိုအခါမှ အလုပ်သမားများက ဖမ်းဆီးယူကာ ငါးစင်ပေါ် တင်ပေးကြသည်။

ငါးစင်ပေါ်မှာ ငါးရွေး၊ ငါးခုတ်၊ ငါးခွဲသော အလုပ်သမားများ ရှိကြသည်။ အများအားဖြင့်တော့ ဓားတစ်လက်ဖြင့် အလုပ်လုပ်ကြသည့် မိန်းမအလုပ်သမားများ ကြလေသည်။

အင်းထဲမှရသောငါးများမှာ ငါးမျိုးစုံ ဖြစ်သည်။ အင်းဆိုသည်မှာ လယ်ကွင်းများ၊ ချောင်းများနှင့် ဆက်စပ်နေသောကြောင့် လယ်ငါး၊ ချောင်းငါးတို့သာ အရများကြသည်။

ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပနော်၊ ငါးခေါင်းတို၊ ငါးပြေမ စသောငါးများကို လယ်ငါးဟု ခေါ်ကြသည်။

ကကတစ်၊ ငါးဘတ်၊ ငါးခုံးမ၊ ငါးနုသန်း၊ ငါးဖယ်၊ ငါးဖယ်အောင်း စသောငါးများကို ချောင်းငါးဟု ခေါ်သည်။

ချောင်းငါးမှာလည်း ရေချိုမှာနေသောငါး၊ ရေငန်မှာနေသောငါး၊ ရေချိုရေငန်နေသောငါးဟူ၍ ခွဲခြားထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျရာသီ မြစ်ရေတိုးလာလျှင် ငါးပုဇွန်များက ဥချရန်အတွက် ချောင်းမြောင်းစသည်တို့မှ လယ်ကွင်းများ အင်းတမံ စသည်တို့ရှိသောနေရာသို့ တက်လာကြသည်။

ရှေးအခါက မိုးလေဝသမှန်ပေရာ သကြၤန်လွန်သည်နှင့် မိုးတစ်ဖြိုက်နှစ်ဖြိုက် ရွာလေ့ရှိပြီး နယုန်လရောက်လာလျှင် မိုးလည်းရွာ မြစ်ရေများလည်း တိုးလာကြသည်။

ရှေးလူကြီးများက (၁၂)ရာသီ ရွာသောမိုးများကို အမည်များ ပေးထားကြသည်။

တန်ခူးလ သကြၤန်မိုး၊ ကဆုန်လ မြေသင်းမိုး၊ ပလ္လင်ဆေးမိုးဟုလည်း ခေါ်ကြသည်။ နယုန်လ မြက်သားမိုး၊ ဝါဆိုလ မိကျောင်းမိုး၊ ဝါခေါင်လ မိုးဖွဲဖွဲ၊ ဆော်သလင်းလ စားဖိုဆင်းရဲမိုး၊ သီတင်းကျွတ်လက ပလ္လင်ဆေးမိုး၊ တန်ဆောင်မုန်းလ ဆီးနှင်းတစ်သိုက် မိုးတစ်ဖြိုက်၊ နတ်တော်လ ဖားလျှိုမိုး၊ ပြာသိုလက နှမ်းဖျက်မိုး၊ တပို့တွဲလ မိုးကြွင်းမိုးကျန်၊ တပေါင်းလက မိုးသားကြူး. . .။

ဟူ၍ မိုးနှင့်ပတ်သက်သည့် အမည်အမျိုးမျိုးပေးကာ ကဗျာလင်္ကာများ ဖွဲ့ဆိုကြသည်။

နယုန်လရောက်ပြီး မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာ၍ မြစ်ရေတိုးပါက ငါးရစ်တက်သော အချိန်ရာသီ ရောက်ပြီဖြစ်သည်။

ဥချရန် ငါးများက ရေအနည်းငယ်သာ ရှိသေးသော





လယ်ကွင်းများအထိ တက်လာကြသည်။

ထိုအချိန်တွင် ဥချပြီး တစ်မိုးတွင်းလုံး လယ်ထဲ ချောင်းထဲတွင် ရှင်သန်ပေါက်ဖွား ကြီးထွားနေကြသော ငါးပုဇွန်များက နှစ်စဉ် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ရောက်သောအခါ အင်းတမံများအတွင်းသို့ ဆင်းကြသည်။

ထိုမှတစ်ဆင့် ချောင်းကျယ် မြစ်ကျယ်များ ရောက်အောင် ဆင်းကြသည်။

ထိုလများမှာ ငါးဆင်းသောရာသီ ဖြစ်သောကြောင့် အင်းသူကြီးများ ဝင်ငွေကောင်းသော ရာသီပင် ဖြစ်တော့သည်။

ထိုရာသီရောက်လာလျှင် အင်းသူကြီးတို့ ရေစင်ငါးစင်များပေါ်တွင် ငါးပုဇွန်များ တောင်ပုံရာပုံ ဖြစ်နေလေတော့သည်။

ပုဇွန်များကို မြို့ရွာများသို့ တင်ပို့ရောင်းချခြင်း. . ပုဇွန်ချဉ်၊ ပုဇွန်ဆီ၊ ပုဇွန်ခြောက်များ ပြုလုပ်ရောင်းချကြသည်။

ငါးရံ့ ငါးခူတို့ကိုတော့ အရှင်လှောင်ထားပြီး ငါးဒိုင်များသို့ တင်ပို့ရောင်းချသည်။

ငါးရံ့များကိုတော့ အများအားဖြင့် ငါးခြောက်ခွဲပြီးမှ ရောင်းချလျှင် ပိုမိုဈေးကောင်းရကြလေသည်။

ထိုရာသီရောက်ပါက အင်းများထဲမှာ ရေနှင့် ငါးပုဇွန်



www.burmeseclassic.com

www.burmeseclassic.com



များ တဖြည်းဖြည်းလျော့နည်းသွားစေကာမူ အင်းသူကြီးတို့မှာ ရွှေငွေစသည်တို့ များစွာတိုးပွားလာတတ်ပေသည်။

သို့ကြောင့် မိမိတို့ အင်းများထဲသို့ ငါးခိုးသူများ မဝင်စေရန်သော်လည်းကောင်း၊ အခြားဟင်းစာရှာဖွေသူတို့ မဝင်ရောက်စေနိုင်ရန် နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောက်ယှက်ကြလေသည်။

ရှေ့၌ရေးသားခဲ့သည့် အချို့ အင်းသူကြီးများက အလုပ်သမားများ၊ လူမိုက်များနှင့် စောင့်ကြပ်တားဆီးကြသလို အချို့အင်းသူကြီးများကတော့ သရဲသဘက်များမွေးကာ အစောင့်ထားကြလေသည်။ သရဲမွေးသော အင်းသူကြီးများထဲတွင် ဦးမိုးညိုလည်း ပါဝင်လေသည်။

၎င်းမွေးထားသော သရဲမှာ 'တာတေ'ဖြစ်သည်။

တာတေက မသေခင်က သူ့ဆီမှာ အလုပ်လုပ်သော အလုပ်သမားတစ်ယောက်ဖြစ်သည်။

နောက်ပိုင်း အမှားအယွင်း လုပ်မိသဖြင့် ကွင်းပိုင်သဘက်ကြီးက သတ်သဖြင့် သေခဲ့ရာ သရဲဘဝ ရောက်ခဲ့ကြသည်။

သူသေတော့ ဆွမ်းသွပ်ပေးမည့်သူမရှိ။ အမျှအတန်းဝေပေးမည့်သူ မရှိသောကြောင့် သရဲဘဝမှာ မကျွတ်လွတ်သောဘဝဖြင့် နေခဲ့ရသည်။

တစ်နေ့တော့ အင်းသူကြီး ဦးမိုးညိုရှိရာ ရောက်လာ





ပြီး ကိုယ်ထင်ပြသည်။

အရုပ်အမောင်းက သစ်ပင်တစ်ပင်လောက် မြင့်ပြီး တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးထားသည်။ မျက်နှာကလည်း မျက်လုံးပြူးပြူး၊ လျှာတွဲလဲဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကာ ကြောက်မက်ဖွယ်ရာ ဖြစ်နေတော့သည်။

သို့သော် ဦးမိုးညိုက မကြောက်ပေ။

၎င်းမှာ သရဲသဘက်များနှင့် အမြဲတစေ မြင်တွေ့နေရပြီး အတူတူနေသူဖြစ်သဖြင့် ကြောက်စရာကောင်းသော သရဲသဘက်များကို တွေ့သော်လည်း မကြောက်တော့ပေ။

"မင်းဘယ်သူလဲ"

"တာတေပါ"

"သေပြီး သရဲဘဝ ရောက်နေပြီလား"

"ဟုတ်တယ် ငါ့ကို နေစရာပေးပါ၊ စားစရာ ကျွေးပါ"

"ဒီအတိုင်းတော့ ဘယ်ကျွေးနိုင်ပါ့မလဲ၊ လူ့ဘဝတုန်းက မင်းက ငါ့ရဲ့အလုပ်သမားပဲ၊ ဒီတော့ အလုပ်လုပ်ရင် နေရာလည်း ပေးမယ်၊ စားစရာလည်း ကျွေးမယ်"

"ဘာလုပ်ရမလဲ"

"ငါပိုင်တဲ့အင်းကို စောင့်ပေးရမယ်၊ ငါးခိုးဖမ်းမယ့်သူတွေ မလာဝံ့အောင် ခြောက်လှန့်ပေးရမယ်၊ မင်းလုပ်မလား"

"လုပ်မယ်"

ဟု မပီမသ ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဟို အင်းစပ်မှာရှိတဲ့ ပျဉ်းမပင်ကြီးမှာ သွားနေချေ၊ မင်းအတွက် အစားအသောက်တွေကို ငါ အလုပ်သမားတွေကို ပို့ခိုင်းပေးမယ်"

ဟု ပြောလိုက်တော့မှ သရဲတာတေမှာ ပြန်ထွက်သွားလေတော့သည်။

နောက်ပိုင်းတော့ ဦးမိုးညိုကလည်း အစားအသောက်များ ပို့ပေးပြီး သရဲတာတေကလည်း ငါးဖမ်းမည့်သူများကို ကြောက်လန့်အောင် ခြောက်လှန့်ပေးခဲ့လေသည်။









# အခန်း(၃)

# အချစ်အတွက် အသက်ပေးခဲ့ရသူ

ရှေ့အခန်းများတွင် ဦးမိုးညိုတို့ မိသားစုများအကြောင်းနှင့် မြလေးညိုအကြောင်းကို သင့်တင့်သလောက် ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။

ယခုအခါ ဦးမိုးညို၏ သမီးအကြီးဖြစ်သူ မြလေးညို အကြောင်းကို ဆက်လက်ရေးသား ဖော်ပြပေးပါမည်။

မြလေးညိုက အသက်(၂၅)နှစ်ခန့်အရွယ် ရှိနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အပျိုဘဝနှင့်ပင် မိဘလုပ်ငန်းတို့ကို ကူညီလုပ်ကိုင်ပေး နေလေသည်။ ရုပ်ရည်က ချောမောသော်လည်း အသား အရေက ဖခင်ဖြစ်သူ မြလေးညိုနည်းတူ မည်းလှသည်။

ထိုအရွယ်အထိ မိန်းကလေးတစ်ယောက်ကဲ့သို့ အလှပြင်ဆင်ခြင်းမရှိဘဲ ယောကျ်ားတစ်ယောက်လိုပင် လွတ်လွတ်လပ်လပ် နေထိုင်လေသည်။

ထို့ထက် ဖခင်ဖြစ်သူကဲ့သို့ ကွမ်းကြိုက်သူဖြစ်ရာ အိပ်သည့်အချိန် ထမင်းစားချိန်မှလွဲပြီး ကွမ်းတစ်ယာကို ပါးစောင်မှာ အမြဲငုံထားလေ့ရှိသည်။

သို့ကြောင့် သူမပါးစပ်နှင့် နှုတ်ခမ်းတစ်ဝိုက်မှာ နီရဲနေတတ်သည်။

အဝတ်အစား ဝတ်သည့်အခါမှာလည်း မိန်းကလေး ဝတ်သော အဝတ်အစားမျိုး မနှစ်သက်ဘဲ ယောကျ်ားများ ဝတ်ဆင်သည့် ရှပ်အင်္ကျီနှင့် လုံချည်ကိုသာ ဝတ်ဆင်တတ်သည်။

မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း ဘယ်အချိန်မှာပင်ကြည့်ကြည့် မြလေးညိုမျက်နှာပေါ်တွင် သနပ်ခါးလိမ်းကျံထားခြင်းမျိုး မတွေ့ရသလို နှုတ်ခမ်းသာလိမ်းခြင်း၊ ပန်းပန်ထားသည်မျိုးလည်း မတွေ့ကြရပေ။

မပြုမပြင်သော်လည်း အသက်အရွယ်အရ အရွယ်ကောင်းဖြစ်သဖြင့် သဘာဝအတိုင်း လှပတင့်တယ်ခြင်းမျိုး





တော့ ရှိပေသည်။

မြလေးညိုတို့မှာ အင်းပိုင်ရှင်များ ဖြစ်သောကြောင့် အင်းတဲမှာရော အိမ်မှာပါ အလုပ်သမားများစွာ ရှိကြသည်။

ငါးဖမ်း၊ ငါးတင်ပေးသော ယောကျ်ားအလုပ်သမားများရှိသလို ငါးခုတ်ငါးခွဲကြသော မိန်းမအလုပ်သမားများလည်း ရှိကြသည်။

ထိုအလုပ်သမားများက ဦးမိုးညိုကို ကြောက်ကြရသလို မြလေးညိုကိုလည်း ကြောက်ကြရသည်။

အလုပ်ရှင် ဖြစ်သည်ကတစ်ကြောင်း၊ စိတ်ကြမ်းလူကြမ်းနှင့် ဖြစ်သောကြောင့် မည်သူမှ မထိဝံ့မစဝံ့ကြပေ။

သူတို့တွင် အင်းထဲမှာရော အိမ်မှာပါ ငါးခြောက်ခွဲသောစင်များ ရှိကြသည်။ ထိုစင်များတွင် ငါးခြောက်ခွဲနေကြသော မိန်းမအလုပ်သမားများ ရှိကြသည်။

ဘယ်သူမှမရှိလျှင် သီချင်းဆိုသူကဆို အချင်းချင်း စကားပြောသူကပြောနှင့် လက်ပံပင် ဆက်ရက်ကျသကဲ့သို့ ဆူညံနေတတ်သည်။

သီချင်းအကြောင်း ဇာတ်သဘင်အကြောင်း မင်းသားမင်းသမီးများအကြောင်း လင်ကြောင်းမယားကြောင်း ရွာထဲမှ အတင်းအဖျင်းများအကြောင်းကို မနားတမ်းပင် အလုပ ယက် အော်ဟစ်ပြောဆိုနေတတ်ကြသည်။

ထိုအချိန်မျိုးတွင် မြလေးညို ရောက်လာပါက မီးကို



www.burmeseclassic.com

www.burmeseclassic.com



ရေဖြင့်ဖျန်းလိုက်သကဲ့သို့ ဆူဆူညံညံ ပြောဆိုနေသံများ တိတ်ဆိတ်သွားပြီး ကိုယ့်အလုပ်ကိုယ် လုပ်နေကြလေတော့သည်။

တစ်ခါက ငါးခြောက်ခွဲနေသော နေရာသို့ မြလေးညို ရောက်သွားသော အချိန်တွင် အလုပ်ဝင်စ မိန်းကလေး တစ်ယောက်မှာ ငါးခြောက်ခွဲရန်အတွက် အတော်အတန်ကြီးသော ငါးရံ့အရှင်တစ်ကောင်ကို လိုက်ဖမ်းနေရာ တော်တော်နှင့် ဖမ်းမမိနိုင်ဘဲ ရှိနေသည်။

ငါးရံ့က ကြီးလည်းကြီး အရှင်ဖြစ်နေသည့်အပြင် ဖမ်းနေသည့် မိန်းကလေးက မကျွမ်းကျင်နေသောကြောင့် တော်တော်နှင့် မမိနိုင်ဘဲရှိနေခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင် ထိုနေရာသို့ မြလေးညို ရောက်လာသောအချိန်နှင့် တိုက်ဆိုင်နေရာ လွတ်လာသော ငါးရံ့အရှင်က သူမရှေ့သို့ ရောက်လာလေသည်။

မြလေးညိုက သူ့ရှေ့သို့ရောက်လာသော ငါးကို ခြေထောက်ဖြင့် နင်းထားလိုက်သည်။

"ငါးအရှင်တစ်ကောင်ကို ဒီလိုလိုက်ဖမ်းနေလို့ ဘယ်တော့ဖမ်းမိမှာလဲ၊ မဖမ်းတတ်ရင် အောက်ချလိုက်ကတည်းက တုတ်နဲ့ခေါင်းကို ရိုက်သတ်ရတယ်၊ ဒီလိုမှမဟုတ်ရင် ငြိမ်သွားအောင် ဒီလိုသတ်ရတယ်ဟဲ့. . ."

ဟု ပြောပြောဆိုဆိုနှင့် ခြေထောက်ဖြင့် ဖိထားသော





ငါးရံ့ကို ဆတ်ခနဲကောက်ယူပြီး ဂုတ်ချိုးသတ်လိုက်လေသည်။

"ဂျွပ်. . ."

ခေါင်းကျိုးသွားသော ငါးရံ့ကို ထိုမိန်းကလေးရှေ့သို့ ပစ်ချပေးခဲ့ပြီး ထိုနေရာမှ လျှောက်သွားလေတော့သည်။

ထိုအခါမှ စောစောက ငြိမ်သက်နေသည့် စကားသံများ ပြန်ထွက်လာကြလေသည်။

"နင်ကလည်း နင်ပဲ၊ သူ့ရှေ့ရောက်တော့မှ ငါးတစ်ကောင်ကို တုံးတုံးချိချိနဲ့ လိုက်ဖမ်းနေတာကိုးဟဲ့၊ ငါးရဲ့ခေါင်းကို ချိုးသွားတာ တော်သေးတာပေါ့၊ နင့်ဂုတ်ကို ချိုးပြမသွားတာ အတော်ကံကောင်းတယ်လို့မှတ်ပါ"

ဟု အနားမှာရှိနေသော မိန်းမကြီးကပြောရာ. . ထိုမိန်းကလေးမှာ ဇက်ကလေး ပုဝင်သွားပြီး ရှေ့မှာရှိနေသော တဆတ်ဆတ်တုန်နေသော ငါးရံ့ကြီးကို ကြည့်နေလေသည်။

ထိုမျှသာမကသေးဘဲ အင်းအတွင်းလှည့်ကြည့်သော လှေများနှင့် လိုက်သွားကြသည်။ ထိုလှေပေါ်တွင် ယောကျ်ားတွေချည်း လေးငါးယောက်ပါလေရာ မိန်းမဆို၍ သူမတစ်ယောက်တည်းသာ ပါလေသည်။

ခြောက်လက်မခန့်ရှည်သော အသွားထက်လှသည့် ဓားမြှောင်တစ်ချောင်းကို ဓားအိမ်ဖြင့်ထည့်ကာ ခါးကြားထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူနှင့်တွေ့လျှင် အသုံးချရန်အတွက် ဌက်ကြီးတောင် မားတစ်လက်ကိုလည်း ကိုယ်နှင့်မကွာ ဆောင်ထားသေးသည်။

အင်းအတွင်းသို့ သွားရသည်မှာ အန္တရာယ် များလှသည်။ ငါးခိုးသူများနှင့်တွေ့လျှင် အချို့က အဖမ်းမခံဘဲ ပြန်လည်ခုခံတတ်သည်။

သူကအသက် ကိုယ့်အသက်လုရသည့် အခါမျိုးနှင့် ကြုံတွေ့ရတတ်သည်။

၎င်းတို့ပိုင်သောအင်းမှာ မိုးယွန်းကြီးအင်းနှင့် ဆက်စပ်လျက်ရှိသည်။ မိုးယွန်းကြီးအင်း၏ အစိတ်အပိုင်းတစ်ခုဆိုက မများပေ။

တစ်နေရာနှင့် တစ်နေရာပိုင်နက်ကို တမံဖြင့် ခြားထားခြင်းမျိုး မဟုတ်ပေ။ ငါးတိုင်များ သစ်ငင်များကို အမှတ်အသားပြုလုပ်ပြီး ပိုင်းခြားထားခြင်းမျိုး ဖြစ်သည်။

ထို့ကြောင့် ဟိုဘက်အင်းမှ အလုပ်သမားများကလည်း လစ်လျှင်လစ်သလို ဒီဘက်အင်းထဲဝင်ပြီး ငါးခိုးကြသည်။

ဒီဘက်အင်းဘက်မှ အလုပ်သမားများကလည်း လူမရှိလျှင် မရှိသလို အခွင့်ကောင်းယူကာ တစ်ဖက်အင်းထဲသို့ဝင်ကာ ငါးခိုးကြသည်။

အချင်းချင်း တွေ့ကြလျှင် မားတပြက် တုတ်တပြက်





နှင့် ပြဿနာဖြေရှင်းကြရသည်မျိုး ရှိသည်။

လူမိုက်တွေချင်း ပြဿနာဖြေရှင်းရခြင်းမျိုး ရှိကြသလို မွေးထားသော သရဲချင်း နယ်မြေလုရခြင်းမျိုး ရှိကြသည်။

ကျတ်ကုန်းအင်းဘက်တွင် သရဲတာတေရှိသလို ဟိုဘက်အင်းဘက်မှာလည်း နက်ကျော်ဆိုသော သရဲက စောင့်ပေးလေသည်။

တစ်ခါတစ်ရံ လူမိုက်ချင်း ပြဿနာမရှင်းရဘဲ အင်းစောင့်သရဲချင်း လုံးထွေးသတ်ပုတ်ကြရခြင်းမျိုးလည်းရှိသည်။

ထို့ကြောင့် အင်းထဲကို လှေတစ်စင်းဖြင့် လှည့်လည်ကြည့်ရသည်မှာ များစွာအန္တရာယ်များလှပေသည်။

မြလေးညိုကတော့ ဘာကိုမှမကြောက်ဘဲ လူမိုက်များနှင့်အတူ လိုက်သွားတတ်လေသည်။ ထိုသို့ လိုက်သွားသော်လည်း ဘယ်သူကမှ မထိတ်၊ မစဝ့်ပေ။

ထိုသို့မစဝ့်ခြင်းကလည်း အကြောင်းတစ်ခု ရှိပေသည်။ ဦးမိုးညိုကို ကြောက်ရွံ့သည်ကတစ်ကြောင်း၊ သရဲတာတေကို ကြောက်ရွံ့ကြခြင်းတို့အပြင် မြလေးညိုကို ကြောက်ရွံ့သည်ကလည်းတစ်ကြောင်း ပါဝင်လေသည်။

တစ်ခါက မြလေးညိုကိုယ်တိုင် အင်းထဲလိုက်သွားစဉ် တစ်ဖက်အင်းမှ လှေနှင့်ဆုံတွေ့ကြသည်။ ထိုလှေပေါ်မှ ပါလာသော လူတစ်ယောက်က မြလေးညိုကိုမြင်တော့ သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်မှာ စံကျော်ဆိုသူဖြစ်ပြီး အင်းသူကြီးနှင့် ဆွေမျိုးတော်လေသည်။ သူက အင်းထဲသို့ ရောက်လာသည်မှာ မကြာသေးသောကြောင့် မြလေးညိုကို မမြင်ဖူးပေ။

မြလေးညိုအကြောင်းကိုလည်း မသိသေးပေ။

စံကျော်မှာ သတ္တိခဲသူတစ်ယောက် မဟုတ်သဖြင့် မြလေးညို၏ ဟန်အမူအယာကို ကြည့်ရုံနှင့် သွေးမနည်းသူ တစ်ဦး ဖြစ်မည်ဟု ခန့်မှန်းမိသည်။

မြလေးညိုတို့လှေ ထိုနေရာမှ ထွက်သွားတော့မှ လှေပေါ်မှာပါလာသော သူ့လူများကို မေးသည်။

"ဟိုလှေပေါ်မှာ မိန်းမတစ်ယောက် ပါလာပါလား၊ သူကဘယ်သူလဲ၊ သူ့နာမည်က ဘယ်သူလဲ"

"သူ့နာမည်က မြလေးညိုလို့ခေါ်တယ်၊ ဟိုဘက်အင်းက အင်းသူကြီးသမီးပဲ"

"သူက ယောကျ်ားတွေနဲ့ အင်းထဲ လှည့်နေတာဆိုတော့ အတော်သတ္တိကောင်းပုံရတယ်"

"သတ္တိကောင်းတာတော့ မပြောနဲ့ သူက မိန်းမဖြစ်ပေမယ့် သရဲလည်း မကြောက်ဘူး၊ လူလည်း မကြောက်ဘူး၊ ယောကျ်ားတွေနဲ့ ယှဉ်ပြီးလည်း သတ်ဝံ့ဖြတ်ဝံ့တယ်"

"ငါက အဲဒီလို သတ္တိရှိတဲ့မိန်းမမျိုးမှ သဘောကျတာကွ"

"သွားမစနဲ့၊ မြလေးညိုကို သွားစရင် သရဲသဘက်နဲ့





နပမ်းလုံးရတာထက်ပိုပြီး အန္တရာယ်များတယ်၊ မင်း မိန်းမလိုချင်ရင် တခြားမိန်းမတွေကိုရှာတာ အန္တရာယ်ကင်းတယ်"

ထိုစကားကြားတော့ စံကျော်က ရယ်နေသည်။

နောက်ရက်မှာတော့ စံကျော်တစ်ယောက် မြလေးညိုရှိသောနေရာသို့ အကြောင်းမရှိ အကြောင်းရှာ၍ ရောက်လာပြီး ပိုးပမ်းမှု စတင်လေသည်။

မြလေးညိုက စံကျော်ရောက်လာကတည်းကပင် ဘာကြောင့်လာသည်ကို ရိပ်မိလေသည်။

"နင် ဘယ်သူလဲ"

"ငါ့နာမည်က စံကျော်လို့ခေါ်တယ်၊ ငါက ဟိုဘက်အင်းက အင်းသူကြီးရဲ့ တူပဲ"

"ငါ့ဆီကို ဘာလာလုပ်တာလဲ"

"နင့်ကို သဘောကျလို့ လာတာ"

ထိုစကား ကြားသောအခါ မြလေးညိုက ကွမ်းတံတွေးကို ထွေးထုတ်လိုက်ပြီး တစ်ချက်ရယ်လိုက်သည်။

"နင် ဘာရယ်တာလဲ"

"နင် ပြောတာကို သဘောကျလို့ ရယ်တာပါ၊ ငါက နင်ပြောတာတွေလည်း မသိဘူး၊ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စားဘူး"

"ဒါပေမယ့် ငါကတော့ နင့်ကို စိတ်ဝင်စားတယ်၊ သဘောကျတယ်၊ နင်ကသာ ငါ့ကို လက်ခံရင် ငါ့ဦးလေးကိုပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျကျနန တောင်းရမ်းယူမယ်"

ထိုစကားကြားတော့ မြလေးညိုက စံကျော်ကို တစ်ချက်ကြည့်လိုက်သည်။

"ငါက သတ္တိမရှိတဲ့ ယောကျ်ားမျိုးဆိုရင် သဘောမကျဘူး၊ နင် သရဲကြောက်တတ်သလား"

"ငါတို့ အင်းထဲမှာတောင် သရဲမွေးထားတာပဲ၊ ဘာကြောင့် သရဲကြောက်ရမှာလဲ"

"လူလူချင်းရော ကြောက်သလား"

"စံကျော်တို့က ခါးခါးခြင်း တုတ်တုတ်ချင်း ယှဉ်ပြိုင်ရလို့ကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး"

"ဒါဖြင့် မိန်းမတစ်ယောက်ကိုရော နှစ်ယောက်ချင်းတွေ့ရမှာ မကြောက်ဘူးလား"

ထိုစကားကြားသောအခါ စံကျော်က သဘောမကျသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"နင်ကလည်း ရယ်စရာတွေ လာပြောနေပြန်ပြီ၊ မိန်းမကို မကြောက်လို့ နင့်ကိုတောင် မကြောက်လို့ လာပြီး စကားပြောနေတာ ကြည့်ပါလား"

"ကောင်းပြီလေ ညနေစောင်းရောက်တော့ နင် ငါ့ကို လှေနဲ့လာခေါ်လှည့်၊ တခြား ဘယ်သူမှ မခေါ်လာခဲ့နဲ့"

စံကျော်မှာ မမျှော်လင့်ဘဲ ထိုစကားကြားလိုက်ရသဖြင့် များစွာအံ့ဩသွားလေသည်။





"ဘာ. . ဘာလုပ်ဖို့လဲဟင်"

"လှေပေါ်မှာ နှစ်ယောက်ချင်းတွေ့တော့ နင်ပြောချင် နင်ပြောချင်တာတွေ ပြောပေါ့၊ နောက်ပြီး ငါ့ကို ရအောင်ကြိုးစားကြည့်ပေါ့"

"ဒါ ငါ့ကို စိန်ခေါ်နေတာလား"

"ဟုတ်တယ်. .၊ ငါက ဘယ်အရာကိုမှ လွယ်လွယ်မလုပ်ချင်ဘူး"

"ကောင်းပြီလေ နင်ကတောင် စိန်ခေါ်နေမှတော့ ငါက ဘာကြောင့် လက်မခံရမှာလဲ၊ ညနေကျတော့ နင်စောင့်နေ၊ ငါ လှေနဲ့လာခေါ်မယ်"

ဟုပြောကာ ပြန်သွားလေသည်။

မြလေးညိုကတော့ ဘာမှမထူးခြားသလို ၎င်းအလုပ်ကိုသာ ဆက်လုပ်နေလေသည်။ ညနေပိုင်းရောက်တော့ ကျွတ်ကုန်းအင်းထဲသို့ လှေတစ်စင်း ရောက်လာလေသည်။

လှေရောက်သည်နှင့် အဝတ်မည်းမည်းတစ်ထည်ကို ခေါင်းပေါ်မှာခြုံထားသော မြလေးညို ဆင်းလာပြီး လှေထဲသို့ ဝင်ထိုင်လေသည်။

စံကျော်ကတော့ စိတ်ထဲမှာ များစွာ လှုပ်ရှားနေလေသည်။ မြလေးညိုလို မာနကြီးလှသော အင်းသူကြီး သမီးတစ်ယောက်ကို ယခုကဲ့သို့ လွယ်လွယ်ကူကူနှင့် ရလိမ့်မည်ဟု မမျှော်လင့်မထားပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် တွေ့ရလိမ့်မည်ဟုလည်း ထင်မထားပေ။

မြလေးညိုတစ်ယောက် သူ့လှေပေါ်သို့ ဘာကြောင့်အလွယ်တကူ ဆင်းလိုက်လာသည့်အကြောင်းကိုလည်း စဉ်းစားမရဘဲ ရှိနေသည်။

ထိုသို့တွေးတောရင်းနှင့် လှေကို လှော်လာရာ အင်းတဲနှင့်ဝေးသောနေရာသို့ ရောက်လာလေတော့သည်။

အချိန်က နေဝင်ရီတရောအချိန်ဖြစ်သောကြောင့် အင်းအတွင်းမှာ အမှောင်ရိပ်များ သမ်းလာချေပြီ။ အိပ်တန်းပြန်လာသော ဗျိုင်းများ၊ ငှက်များမှလွဲပြီး၊ အင်းရေပြင်တစ်ဝိုက်မှာ ဘာမှမရှိတော့ပေ။ အချို့နေရာများမှာ ရေတိမ်သဖြင့် ကိုင်းတောကြီးများ ပေါက်နေရာ လေအဖိတွင် တအိအိနှင့် ရှိနေကြလေသည်။

တစ်နေရာရောက်တော့ စံကျော်က မေးသည်။

"ငါတို့ ဘယ်နေရာသွားမလဲ"

"နင်တို့ အင်းစပ်ရောက်တဲ့နေရာကို သွားလေ"

မြလေးညိုက နောက်သို့လှည့်မကြည့်ဘဲနှင့် ပြောသည်။

သို့ကြောင့် စံကျော်က လှေကို ၎င်းတို့ပိုင်သော အင်းနယ်နိမိတ် အစပ်ရောက်သည်အထိ လှော်သွားလေသည်။ အင်းရေပြင်မှာ အတော်ပင်ကျယ်ဝန်းလှသောကြောင့် မှောင်





စပျိုးသောအချိန်ရောက်မှ အင်းနယ်နိမိတ်အစပ်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ကိုင်းတောကြီးများ ရှိသောနေရာတွင် လှေကိုရပ်လိုက်သည်။

"နင်ပြောချင်တာ ပြောပေတော့"

"ငါကတော့ ထွေထွေထူးထူး မပြောတတ်ပါဘူး၊ နင့်ကိုတွေ့စကတည်းက သဘောကျနေတယ်၊ နင်လက်ခံရင် ငါ့ဦးလေးကိုပြောပြီး တောင်းရမ်းယူမယ်"

ဟု ပြောပြောဆိုဆိုနှင့်ပင် လှော်တက်ကိုချပြီး ထလာကာ မြလေးညိုအနီးကိုရောက်တော့ ကပ်ထိုင်ချလိုက်သည်။

"ဟင်. . နင့်ကိုယ်က ဘာနံ့ကြီးလဲ၊ မီးနေသည်နံ့မျိုးရနေပါလား"

"ဟုတ်တယ် ငါက အပျိုမှမဟုတ်ဘဲ၊ မီးမဖွားနိုင်လို့သေတာတောင် မကြာသေးတဲ့ မီးနေသည်တစ်ယောက်ပဲ"

ထိုသို့ပြောပြီး ဦးခေါင်းပေါ်မှာ ခြုံထားသောအဝတ်ကို ဖယ်ချလိုက်ပြီး စံကျော်ဘက် လှည့်လာသည်။

"ဟင်. ."

စံကျော်မှာ မျက်လုံးပြူးသွားလေသည်။

သူ့ရှေ့တွင် ထိုင်နေသော အမျိုးသမီးမှာ မြလေးညို မျက်နှာပင် ဖြစ်သည်။

သို့သော် မြလေးညိုတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး နန္ဒင်းများ လိမ်းထားသောကြောင့် ဝါထိန်နေပြီး နန္ဒင်းနံ့များ နံနေသော မီးနေသည်တစ်ယောက်ပင် ဖြစ်နေတော့သည်။

"နင်. . နင်. . ."

"ငါ မြလေးညိုပဲလေ၊ နင် ပြောချင်တဲ့စကား ပြောလေ၊ ငါ့ကို ရအောင်ကြိုးစားလေ"

ဟုပြောပြီး ပြုံးပြလေသည်။

ထိုသို့ ပြုံးပြတော့မှ မူလရုပ်ပျောက်သွားပြီးနောက် ကြောက်စရာကောင်းသော ရုပ်ဆင်းသွင်ပြင် ပေါ်လာလေရာ စံကျော်မှာ ကြောက်လန့်တကြားဖြင့် နေရာမှ ပြန်ထလိုက်လေသည်။

ထိုအခါ ရှေ့မှာထိုင်နေသော သရဲမက လက်တစ်ဖက်ထွက်လာပြီး ဆွဲချလိုက်ရာ လှေ့ထဲသို့ လဲကျသွား လေတော့သည်။

ထိုအခါမှ သရဲမက အပေါ်မှ ခွစီးထားပြီးနောက် တဟီးဟီး တဟားဟား ရယ်နေလေတော့သည်။

"အမယ်လေး. . ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး ဒီမှာ သရဲမသတ်လို့ သေရပါတော့မယ်"

ညဦးပိုင်းအချိန်တွင် အင်းအတွင်းမှ ဆူးဆူးဝါးဝါးအော်သံများ ပေါ်ထွက်လာလေသည်။

ထိုအော်သံကို အင်းထဲမှာ ကင်းလှည့်နေကြသော





လှေ့သမားများကြားသဖြင့် အသံကြားရာဘက်သို့ လာကြလေသည်။

ကိုင်းတောစပ် တစ်နေရာရောက်တော့ လှေ့တစ်စင်းကို တွေ့ကြရသဖြင့် အနီးသို့ကပ်ကာ ကြည့်ကြလေသည်။

လှေ့ထဲမှာတော့ ပက်လက်လန်ကာ လဲနေသော စံကျော်ကို တွေ့ရလေသည်။

စံကျော်မှာ မျက်ဖြူလန် လျှာထွက်ကာ အသက်မရှိတော့ပေ။

တစ်ကိုယ်လုံး မီးနေသည်အနံ့များ နံစော်နေပြီး နန္ဒင်းများ စွန်းပေနေသည်ကိုလည်း တွေ့ကြရသည်။

ညနေပိုင်းက လှေ့တစ်စင်းဖြင့် တစ်ယောက်တည်း လှော်ထွက်သွားသော စံကျော်ကို တွေ့လိုက်ရသော်လည်း ဘယ်လိုအကြောင်းကြောင့် တစ်ယောက်တည်း ထွက်သွားသည်ကိုတော့ မသိကြပေ။

ယခု လှေ့ပေါ်တွင် သေနေသည်ကို တွေ့ရပြန်တော့လည်း ဘယ်လိုကြောင့် သေသည်။ ဘယ်သူသတ်သွားသည်ကို မသိကြပေ။

"စံကျော်တော့ သေနေပြီ၊ ဘယ်လိုဖြစ်ပြီး သေတာလဲ"

"ဘယ်သိမှာလဲ၊ ငါ့အထင် ပြောရရင်တော့ လူလူချင်းသတ်တာတော့ ဟုတ်မယ်မထင်ဘူး၊ ပုံစံကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



သရဲသတ်သွားတာပဲ ဖြစ်ရမယ်၊ အလောင်းကို အင်းထဲ ပြန်သယ်သွားပြီး အင်းသူကြီးကိုပဲ အကျိုးအကြောင်း ပြောပြရမှာပေါ့”

ဟုပြောကာ လူခွဲပြီး စံကျော်၏ လှေကိုပါ လှော်ကာ အင်းတဲဘက်သို့ ပြန်သွားကြလေသည်။

အချိန်က ညဦးပိုင်းအချိန် ရောက်နေချေပြီ။







# အခန်း(၄)

# မြလေးညီနှင့် လျှို့ဝှက်သောမိစ္ဆာ

တစ်နေ့သ၌ ကျွတ်ကုန်းရွာ၌နေသော မြနှင်းဖြူတို့ နေအိမ်သို့ လူသုံးယောက်ရောက်လာကြသည်။

ရှေ့မှဦးဆောင်လာသူမှာ နီမောင်ဖြစ်ပြီး နောက်မှ ပါလာသူနှစ်ယောက်မှာ စောထီးနှင့် ငမဲအောင်တို့ပင် ဖြစ်ကြလေသည်။ ၎င်းတို့သုံးယောက်သည် ပေပင်ကုန်းရွာမှာ နေထိုင်ကြသူများ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေပင်ကုန်းရွာမှာ ကျတ်ကုန်းရွာနှင့် မဝေးလှပေ။

လယ်တစ်ကွင်းသာခြားပြီး လှမ်းမြင်ရသော အနေအထားမျိုး ရှိလေသည်။

ပေပင်ကုန်းရွာတွင် နေထိုင်ကြသူတို့မှာ အများအားဖြင့်တော့ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြသည်။ အချို့လည်း ကွမ်းသီးခြံ၊ အုန်းခြံများ စိုက်ပျိုးကြပြီး၊ အချို့လည်း ကွမ်းခြံများ ရှိကြသည်။

အချို့ လယ်ရှိသူများကတော့ နွေရာသီရောက်၍ စပါးသိမ်းပြီးပါက မိမိတို့ လယ်ကွင်းများထဲတွင် အသီးအနှံ စိုက်ခင်းများ ထပ်မံစိုက်ပျိုးကြသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က ဆန်စပါး ပေါလှပြီး ဈေးကောင်းမရကြသဖြင့် နွေစပါး ထပ်မံစိုက်ပျိုးခြင်းတော့ မပြုကြပေ။ စပါးသိမ်းပြီးသည်နှင့် လယ်ကွက်များကို ဒီအတိုင်းပင် ထားကြသည်။

အချို့ ချောင်း၊ မြောင်း၊ ရေဝင်သောနေရာနှင့်နီးသော လယ်ကွက်များကိုတော့ ရေသွင်းပြီး ထွန်ယက်ကာ ဖရဲ၊ ခရမ်း၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ မုံညင်း၊ ဆလပ်၊ နံနံပင်၊ ငရုတ်ပင်များ စိုက်ပျိုးကာ အပိုဝင်ငွေ ရှာကြသည်မျိုးတော့ ရှိကြသည်။

နီမောင်တို့ မိသားစုက မများပေ။ စုစုပေါင်း လေးယောက်သာရှိသည်။





မိခင်ဖခင်တို့ဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့အပြင် နီမောင်မှာ ရင်မေဆိုသော ညီမတစ်ယောက်သာရှိသည်။

နီမောင်က(၂၅)နှစ် အရွယ်ခန့်ရှိပြီး ရင်မေက (၁၈) နှစ် အရွယ်သာရှိကာ နှစ်ယောက်စလုံး လူပျိုအပျို ဘဝနှင့်ပင် အေးချမ်းစွာ နေထိုင်ကြသည်။

နီမောင်တို့ မိသားစုတွင် လယ်ဧကအချို့နှင့် အသီးအနှံစိုက်ပျိုးသော ခြံတစ်ခြံရှိသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က နီမောင်နှင့် ညီအစ်ကိုလို ခင်မင်ကြပြီး နီမောင်တို့ ထံမှာပင် အလုပ်လုပ်ကိုင်ကြသည်။

နီမောင်တို့ ပိုင်ဆိုင်သောလယ်မှာ အင်းစပ်နှင့်သော်လည်းကောင်း၊ ချောင်းစပ်နှင့်သော်လည်းကောင်း နီးသဖြင့် မြေသြဇာကောင်းသည်။

နွေရာသီပင်ဖြစ်သော်လည်း အလွယ်တကူ ရေသွင်းနိုင်သောကြောင့် ဆောင်းရာသီ နွေရာသီ စိုက်ပျိုးသော အသီးအနှံများ စိုက်ပျိုးရာ များစွာဖြစ်ထွန်းလှပေသည်။

ခြံမှထွက်သော အသီးအနှံများ လယ်ထဲမှာ စိုက်ပျိုးထားသော အသီးအနှံများကို ရောင်းချရသော အပိုငွေနှင့်ပင် ၎င်းတို့မိသားစု အေးချမ်းစွာ နေနိုင်ကြသော အခြေအနေမျိုး ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့နေသော ပေပင်ကုန်းရွာနှင့် ကျွတ်ကုန်းရွာက ရွာချင်းနီးသလို တစ်ရွာနှင့်တစ်ရွာ သိကျွမ်းခင်မင်မှုလည်း ရှိကြလေသည်။ ထိုကဲ့သို့ပင် နီမောင်နှင့် မြလေးညို မြနှင်းဖြူတို့ ညီအစ်မနှစ်ယောက်က ခင်မင်ရင်းနှီးမှု ရှိကြလေသည်။

နီမောင်တို့သုံးယောက် ရောက်လာတော့ မြလေးညိုနှင့် မတွေ့ရဘဲ မြနှင်းဖြူနှင့်သာ တွေ့ရလေသည်။

မြနှင်းဖြူက သူတို့ကို ဖော်ဖော်ရွေရွေနှင့်ပင် နှုတ်ဆက်ဧည့်ခံလေသည်။

"နီမောင်တို့ပါလား၊ ဘယ်က လှည့်လာကြတာလဲ"

"နင်တို့ဆီကိုပဲ လာခဲ့တာပါပဲ၊ မြလေးညို မရှိဘူးလား"

"မမက အင်းတဲဘက်သွားတယ်၊ ခဏနေရင်တော့ ပြန်ရောက်တော့မှာပါ၊ ကိစ္စရှိလို့လား"

"ငါတို့ရွာမှာ ဒီနှစ် အလှူရှိတယ်၊ အလှူမှာ ကျွေးဖို့ ငါးခြောက်လိုချင်လို့ လာခဲ့တာပါ"

"ငါကတော့ ဈေးတွေဘာတွေ သိပ်မသိဘူး၊ အဖေနဲ့ မမတို့ပဲ သိကြတာ၊ နင်တို့ ခဏစောင့်ပေးကြရင် အဆင်ပြေမယ်၊ ငါ ရေနွေးကြမ်းနဲ့ ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်းနဲ့ ဧည့်ခံပေးပါမယ်"

"ကောင်းတာပေါ့ဟာ"

ထို့နောက် မြနှင်းဖြူက အလုပ်သမားတစ်ယောက်





ကိုခေါ်ပြီး စေခိုင်းရာ အတန်ကြာတော့ မြေအိုးဖြင့်ကျိုကာ လက်ဘက်ခြောက်များများခပ်ထားသော လက်ဖက်ရည်အိုးနှင့် ငါးရံ့ခြောက် မီးဖုတ်ဆီဆမ်းထားသော ပွဲတစ်ပွဲရောက်လာသဖြင့် စားသောက်ကြသည်။

"နင်တို့ အင်းလုပ်ငန်းတွေရော အဆင်ပြေရဲ့လား၊ မြနှင်းဖြူ"

"ငါကတော့ အဲဒီအလုပ်တွေကို သိပ်မသိပါဘူး၊ အင်းအလုပ်တွေက အဖေနဲ့ အမေတို့ပဲ လုပ်နေကြတာပါပဲ၊ ဒါထက် နင်လည်း စိုက်ခင်းတွေ လုပ်နေတယ်လို့ သတင်းကြားတယ်၊ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ မိသားစုတွေ စားလောက်အောင်တော့ ရပါတယ်"

"ဒါထက် နင်လည်း ငါ့မမနဲ့ အသက်ချင်း အတူတူပဲ မဟုတ်လား၊ ဒီအရွယ်အထိ အိမ်ထောင်မပြုသေးတာ ကြိုက်တဲ့သူ မတွေ့သေးလို့လား"

မြနှင်းဖြူက ပြုံးစေ့စေ့အမူအယာဖြင့်ကြည့်ကာ မေးလေသည်။

"ဒီလိုတော့ မဟုတ်ပါဘူး၊ တစ်နေ့ကျရင် နှစ်သက်သဘောကျတဲ့သူမျိုးတွေ့ရင်တော့ ယူမှာပါ၊ ဒါထက် ငါ့ကိုတော့ မေးတယ်၊ နင်ကရော"

မြနှင်းဖြူက ရှက်စနိုး အမူအယာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ငါကငယ်ပါသေးတယ်၊ ရှေ့လူတောင် မထွက်သေးဘဲနဲ့ နောက်ကလူက ကျော်ထွက်ချင်လို့ ဘယ်ရပ့်မလဲ"

ဟု ပြန်ပြောလေသည်။

"ရှေ့ကလူဆိုတာ မြလေးညိုကို ပြောတာမဟုတ်လား၊ နင် သူထွက်တာကို ထိုင်စောင့်နေလို့ကတော့ ဒီတစ်သက် အပျိုကြီးပဲ ဖြစ်မှာပဲ၊ သူက အသက်သာ ထွက်ချင်ထွက်မယ်၊ နင့်ရှေ့ကတော့ ထွက်မှာမဟုတ်ဘူး"

ဟုပြောရာ မြနှင်းဖြူမှာ သဘောကျသဖြင့် ပါးစပ်ကို လက်ဝါးဖြင့်ကာပြီး ရယ်မောနေလေတော့သည်။

ထိုသို့စားရင်းသောက်ရင်းနဲ့ စကားပြောနေစဉ် မြလေးညို ပြန်ရောက်လာသည်။

"နီမောင်တို့ ရောက်နေပါလား၊ စောစောက ငါ့အကြောင်းတွေ ပြောနေကြတာ မဟုတ်လား"

ဟုပြောကာ မနီးမဝေးမှာပင် ထိုင်လေသည်။

"မဟုတ်ပါဘူးဟာ. . ငါတို့က နင့်အကြောင်း မပြောပါဘူး"

"ငါ့ကိုလိမ်လို့ ဘယ်ရပ့်မလဲ၊ ငါက ဒီမှာနေတာတောင် အင်းထဲမှာ ငါးဝင်ခိုးနေရင် သိတာပဲ"

"အဲဒါဆိုရင်တော့ ကြာရင် နင် တစ်ပွဲစား ဖြစ်မှာပဲ"

နီမောင်က ပြောတော့ မြလေးညိုက စိတ်မဆိုးသည့်အပြင် ရယ်နေလေသည်။





"နင်တို့ ဘာတွေပြောနေတာလဲ"

"တခြားမဟုတ်ပါဘူး၊ နင် ယောက်ျားမရသေးတဲ့အကြောင်း ပြောနေတာပါ"

"မရသေးတာ မဟုတ်ပါဘူးဟာ၊ ငါ့ရုပ်ရည်နဲ့ ယူရင်တော့ ရမှာပါ၊ ငါက မယူချင်သေးတာပါ"

"ခုထိ ကြိုက်တာမတွေ့သေးတာလား"

"ဟုတ်တယ်. . . ငါက တော်ရုံယောက်ျားဆိုရင် ယောက်ျားလို့တောင် မထင်ဘူး၊ ငါ့ကျတော့ ပြောတယ် နင်ရော ဘာကြောင့်မယူသေးတာလဲ"

ဟု ပြန်မေးသည်။

"နင့်လိုပဲပေါ့၊ ကြိုက်တာတွေ့ရင်တော့ ယူမှာပါ"

ဟုပြောပြီး မြနှင်းဖြူကို တစ်ချက်ကြည့်လိုက်သည်။ ဒါကိုလည်း မြလေးညိုက အကဲခတ်မိလေသည်။

"ဘာလဲ. . နင်က ငါ့ညီမကို သဘောကျနေလို့လား"

"အို. . မမကလည်း ဘာတွေပြောနေမှန်း မသိဘူး"

မြနှင်းဖြူက ရှက်ကိုးရှက်ကန်းဖြင့် နေရာမှ ထသွားလေသည်။

"ကဲ တော်ပါတော့ မြလေးညိုရယ်၊ နင့်ကိုတော့ ငါက ငယ်ငယ်ကတည်းက မနိုင်ပါဘူး၊ အလျှော့ပေးပါတယ်၊ ငါတို့လာတာ တခြားမဟုတ်ဘူး၊ အလှူအတွက် ငါးခြောက်လိုချင်လို့ လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်လိုချင်တာလဲ"

"ငါးပိသာလောက်ဆိုရင် လောက်ပါတယ်၊ အသီးအနှံ တွန့်ရောပြီး သီစုံဟင်းချက်ပြီး ကျွေးမှာ"

"နင်တို့ အလှူလား"

"ငါတို့က မတည်ပြီးတော့ လှူကြတာ၊ တခြားလူတွေလည်း ပါတာပေါ့၊ အဲဒါ ဘယ်ဈေးရောင်းသလဲ မသိဘူး"

"မရောင်းပါဘူး၊ နင်လိုချင်တဲ့ ငါးခြောက်ကို ငါ ပေးလိုက်ပါ့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ မြလေးညိုရယ်၊ ငါတို့အလှူ အထမြောက်သွားအောင် ယူတန်သလောက်တော့ ယူပါ"

"နင်တို့လှူတဲ့ အလှူထဲကို ငါလည်းပါဝင်တယ်လို့သဘောထားပေါ့၊ ဘာလဲ နင်က လက်မခံချင်တာ ငါနဲ့ ရေစက်ဆုံမှာ စိုးလို့လား"

"မဟုတ်ပါဘူး မြလေးညိုရယ်၊ ငါက ဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

"မသိပါဘူး၊ ငါတို့က သားငါးရှာပြီး စီးပွားရှာနေကြရတာဆိုတော့ ပိုက်ဆံရှိပေမယ့် တချို့က အထင်သေးချင်ကြတယ်၊ ရေမွှေးနံ့ သနက်ခါးနံ့တွေကြားထဲမှာ ငါးညှီနံ့ ဝင်လာရင် ပွဲပျက်သလိုမျိုး ထင်ကြတယ်"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဘယ်အလုပ်ပဲလုပ်လုပ် စိတ်ထားကောင်းဖို့ပဲ လိုပါတယ်၊ ဝတ်ဖြူစင်ကြယ်ဝတ် ပုတီး





ကိုင်ပြီး သူတော်ကောင်းယောင်ဆောင်ပြီးတော့ ရိုးသားတဲ့လူတွေကို ညာစားနေတာနဲ့စာရင် ဘယ်အလုပ်ပဲလုပ်လုပ် စိတ်ထားကောင်းနေတယ်ဆိုရင် ပြီးတာပါပဲ၊ ငါကတော့ နင့်ကို ခင်မင်ပါတယ်၊ ငယ်ငယ်က သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားပါတယ်"

နီမောင်စကားကြားတော့ မြလေးညိုက ကျေနပ်သောအမူအယာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"နင့်ဆီမှာ ဒီလိုသဘောမျိုးရှိနေတာ သိရလို့ . ငါ ကျေနပ်တယ်၊ ငါ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ငါ ပေးလိုက်တဲ့ ငါးခြောက်တွေကိုလည်း နင်ယူသွားပါ"

ဟု ပြောလေရာ မငြင်းသာတော့ပေ။

နောက်တော့ . မြလေးညိုက ငါးခြောက်များထားသောနေရာသို့ ထသွားပြီး ငါးခြောက်ပြားများကို တောင်းတစ်လုံးဖြင့် ထည့်ယူလာပြီး ပေးလေသည်။

"ကျေးဇူးတင်ပါတယ် မြလေးညိုရယ်၊ အလှူနေ့ကျရင်လည်း နင်တို့ ညီမနှစ်ယောက်စလုံး လာခဲ့ကြပါဦး"

"ငါ့ကို ဖိတ်ချင်တာလား၊ ငါ့ညီမလေးကို ဖိတ်ချင်တာလား"

"ငါက နှစ်ယောက်စလုံးကို ဖိတ်တာပါ"

"ငါက အဲဒီလို ပွဲလမ်းသဘင်တွေကို သွားလေ့မရှိဘူး၊ ဖီးလိမ်းပြင်ဆင်ပြီး အဝတ်အစားအသစ်တွေ ဝတ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ မလုပ်ချင်ဘူး၊ ငါ မလာဖြစ်ရင်တောင် မြနှင်းဖြူတော့ လာမှာပါ၊ နင် စောင့်ရှောက်ပေးလိုက်ပေါ့"

ဟု ပြုံးစေ့စေ့ဖြင့်ပြောရာ နီမောင်လည်း ဘာမှပြန် မပြောသာတော့ပေ။

ထို့နောက်မှာတော့ မြလေးညို ထည့်ပေးလိုက်သော ငါးခြောက်တောင်းကို တစ်ယောက်တစ်လှည့်စီထမ်းကာ ရွာသို့ပြန်လာကြသည်။

ငါးခြောက်များမှာ သူပြောတာထက်ပင် ပိုများနေသဖြင့် အတော်ပင် ထမ်းယူကြရသည်။

"ငါးခြောက်တွေ ထည့်ပေးလိုက်တာကလည်း ဝယ်တာထက်တောင် ပိုများနေသေးတယ်၊ တောင်းနဲ့ အပြည့်ပဲ"

စောထီးက ပြောသည်။

"ဟုတ်ပါရဲ့ကွာ၊ ငါးခြောက်ထောင်းကိုတောင် မနည်းထမ်းနေရတယ်"

"များများရလာတော့. . အလျှုမှာ ပေါပေါများများ ကျွေးလို့ရတာပေါ့ကွာ"

"မြလေးညိုက သူ့ရွာသူ့နယ်ဘက်မှာတော့ အတော်ကလေး နာမည်ကြီးတယ်၊ သူက လူတိုင်းနဲ့ အပေါင်းအသင်း မလုပ်သလို စိတ်ကလည်း အတော်ကြီးတယ်၊ သတ္တိကလည်း ကောင်းတယ်၊ ယောကျ်ားလေးတစ်ယောက်နဲ့ လှေတစ်စင်းနဲ့ အင်းထဲလိုက်သွားတာ ဟိုဘက်အင်းက လူတစ်





ယောက် သေတယ်ဆိုလား၊ ကြားလိုက်မိတယ်"

ဟု ငမဲအောင်ကပါ ဝင်ပြောသည်။

ထိုအခါ နီမောင်က

"မင်းတို့ပြောသလို ဟိုဘက်အင်းက လူလာခေါ်လို့ အင်းထဲလိုက်သွားတာ မဟုတ်ပါဘူးကွာ၊ ဟိုလူက သူ့ဘာသာ တစ်ယောက်တည်း အင်းထဲသွားရင် သရဲသတ်လို့ သေဘာလို့ ကြားပါတယ်၊ ကိုယ်နဲ့ မဖတ်သက်တဲ့ လူတစ်ယောက်က လာခေါ်တာကို လိုက်သွားရအောင်လည်း မြလေးညိုက ရှုးနေတဲ့ မိန်းကလေးမျိုးမှ မဟုတ်တာ"

ဟု ပြောလေသည်။

"အင်း. . ဒါလည်းဟုတ်မှာပါ၊ အင်းထဲက အော်သံကြားလို့ သွားကြည့်ကြတော့ လှေပေါ်မှာ တစ်ယောက်တည်း သေနေတယ်လို့တော့ ပြောသံကြားမိပါတယ်"

"ဒါပေမယ့်နော်၊ မြလေးညိုက သာမန်တော့ မဟုတ်ဘူး"

ငမဲအောင် စကားကြောင့် ကျန်နှစ်ယောက်က ကြည့်လိုက်ကြသည်။

"ဘယ်လိုဖြစ်နေလို့လဲ"

"သူ့ကြီးကြီး ဒေါ်မင်းဇာက စုန်းပညာ အတော်ကလေးတတ်တယ်လို့ သတင်းကြားတယ်၊ သူလည်း အဲဒီပညာမျိုးတွေ တတ်ချင်တတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ နီမောင်က ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ လူတစ်ယောက်ဆိုတာ ကိုယ့်ရဲ့ဘဝပေးကံအတိုင်းပဲ နေကြရတာပါ၊ သူလည်း ရုပ်ရည်ကလေး သနားကမားနဲ့ မိန်းကလေးတန်မဲ့ အင်းထဲမှာ ငါးဖမ်းနေရတဲ့ဘဝမျိုးနဲ့ ဘယ်နေချင်ပါ့မလဲ၊ ကံကောင်းတဲ့သူတွေလို မြို့ပေါ်မှာ အေးအေးလူလူ နေချင်ရှာမှာပေါ့၊ ဘာပဲဖြစ်ဖြစ် မြလေးညိုက စိတ်သဘောတော့ အတော်ကလေးကောင်းရှာပါတယ်"

ကျန်နှစ်ယောက်က ထိုစကားကိုတော့ မငြင်းကြပေ။

"တစ်ခုတော့ရှိတယ် နီမောင်ရ. .၊ မြလေးညိုက ယောက်ျားတွေကို အထင်မကြီးဘူး ဆိုပေမယ့် မင်းနဲ့ကျတော့လည်း အဆင်အပြေသားပဲ၊ ကြည့်ရတာ မင်းကို သဘောကျနေတဲ့ပုံပဲ"

ဟု စောထီးက ပြောသည်။

"မဟုတ်ပါဘူးကွာ၊ ငါတို့က ငယ်ငယ်ကတည်းက ခင်မင်လာကြလို့ ခင်နေတာပါ"

"နီမောင်ရယ်. မိန်းကလေးတစ်ယောက်က ရိုးရိုးခင်ရင်တစ်မျိုး၊ မရိုးမသားစိတ်မျိုးရှိရင် တစ်မျိုးဆိုတာ မင်းမသိဘူးလား"

"ငါကတော့ သူ့ကို ရိုးရိုးပဲ ခင်တာပါ"

"မင်းကတော့ ရိုးရိုးပေါ့၊ သူ့ဘက်ကတော့ ရိုးချင်မှ





ရိုးမှာပေါ့၊ ဘာလဲ မင်းက မြလေးညိုထက် သူ့ညီမ မြနှင်းဖြူကို သဘောကျနေတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ"

"ပါးစပ်ကတော့ မဟုတ်ဘူး ပြောနေတာပဲ၊ မြနှင်းဖြူနဲ့ ထိုင်စကားပြောနေတုန်းက မင်းရဲ့ မျက်နှာအမူအယာ ဘယ်လောက် ရွှင်လန်းနေတယ်ဆိုတာ ဓါတ်ပုံတောင် ရိုက်ထားပြီး ပြလိုက်ချင်တယ်"

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က ထိုကဲ့သို့ ဝိုင်းပြောနေကြသော်လည်း နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .


ငါးခြောက်တောင်းကို ထမ်း၍လျှောက်နေရင်းမှ သူ့စိတ်ထဲတွင် မြနှင်းဖြူအကြောင်းကို တမေ့တမော တွေးတောနေသောကြောင့်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၅)

# အလှည့်ကျ အကျိုးပေးသော ကံငါးမျိုး

ပေပင်ကုန်းရွာ၏ အလှူပွဲမှာ ရွာဦးကျောင်းမှာပင် ပြုလုပ်ကြလေသည်။ နွေရာသီ စပါးပေါ်ချိန်ရောက်သည်နှင့် နှစ်စဉ် ကျင်းပလေ့ရှိသော စုပေါင်းရှင်ပြုပွဲပင် ဖြစ်သည်။

ငွေကြေးချောင်လည်ကြသူများ မတည်ငွေ ထည့်ကြပြီး ငွေကြေးချို့တဲ့သူများက တတ်နိုင်သလောက် ထည့်ကြကာ အစဉ်အလာမပျက် ပြုလုပ်သော အလှူပွဲတစ်ခုလည်း ဖြစ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်တော့ နီမောင်တို့မိသားစုက မတည်အလှူငွေ ထည့်ကာ လှူဒါန်းကြခြင်း ဖြစ်သည်။ လယ်ကလည်း စပါးအထွက်ကောင်း၊ သီးနှံစိုက်ခင်းများကလည်း အထွက်ကောင်း၊ ဝင်ငွေကောင်းခဲ့သဖြင့် မတည်အလှူငွေထည့်ကာ ကျင်းပကြခြင်း ဖြစ်ပေသည်။

အလှူပွဲတွင် ငါးခြောက်ထောင်းကျော်၊ ငံပြည်ရည်ချက်၊ သရက်ချဉ်သုတ်၊ ကုလားဟင်း စသည်တို့ဖြင့် လာသမျှ ဧည့်ပရိတ်သတ်တို့ကို ကျွေးမွေးဧည့်ခံလေသည်။

မြလေးညိုတို့ ပေးလိုက်သော ငါးခြောက်ကလည်း အတော်ပင် များလှပေရာ ချက်ပြုတ်ကျွေးမွေးခြင်း ကိစ္စများကို ပိုပိုလျှံလျှံပင် ချက်ပြုတ်ကျွေးမွေးနိုင်ကြလေသည်။

အလှူပွဲတွင် ပဲခူးမှ ဆိုင်းအဖွဲ့များ၊ ထည့်သွင်းကျင်းပရာ ရပ်ဝေးရပ်နီးမှပင် တကူးတက လာရောက်ကြလေသည်။

အလှူပွဲသို့ မြလေးညိုနှင့် မြနှင်းဖြူတို့ ညီအစ်မနှစ်ယောက်လည်း အခြားအဖော်များနှင့် လာကြလေသည်။

အခြားယောက်ျားလေး မိန်းကလေး အဖော်များကတော့ ကျတ်ကုန်းရွာမှပင်ဖြစ်ပြီး အများအားဖြင့် အင်းတဲတွင် အလုပ်လုပ်ကြသူများပင် ဖြစ်ကြလေသည်။

မြလေးညိုနှင့် မြနှင်းဖြူတို့ ညီအစ်မနှစ်ယောက်မှာ ပင်ကိုယ်ရုပ်ရည် ချောမောလှပသူများ ဖြစ်ကြရာ ဖီးလိမ်းပြင်ဆင်လာသော အခါမှာတော့ အများကြားမှာ အတော်ပင်





ထင်ပေါ်နေကြလေသည်။

ထို့ကြောင့် ရပ်ဝေးရပ်နီးမှ ရောက်နေကြသော လူပျိုကာလသားတို့မှာ ပန်းပွင့်များရှိရာသို့ ပျားကောင်များ ရစ်ဝဲနေသကဲ့သို့ ထိုအနီးတစ်ဝိုက်မှာပင် မလွှာနိုင်ကြပဲ ရှိနေကြသည်။

နီမောင်ကတော့ မြလေးညိုပါ ပါလာသဖြင့် ဝမ်းသာနေသည်။

"မြလေးညို နှင် အလှူလာတာ ငါ ဝမ်းသာတယ်၊ အလှူသိမ်းမှ ပြန်ကြမှာမဟုတ်လား"

"ငါမပါရင် နှင် တစ်မျိုးထင်နေမှာစိုးလို့ လိုက်လာခဲ့တာပါ။ တကယ်တော့ ငါက ဒီလို ပွဲလမ်းသဘင်မျိုးတွေကို သွားလေ့မရှိဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အခု ကျွေးမွေးနေတဲ့ ဟင်းတွေက နှင်ပေးလိုက်တဲ့ ငါးခြောက်တွေနဲ့ ချက်တာဆိုတော့ ဒီအလှူမှာ နှင့်ရဲ့ကုသိုလ်လည်းပါတယ်၊ ဒါကြောင့် . . တရားနာ ရေစက်ချပြီးမှပဲ ပြန်နော်"

ထိုစကားကြားတော့ မြလေးညိုမှာ မသိမသာ မျက်နှာတစ်ချက် ပျက်သွားသည်ကိုတော့ နီမောင် သတိမပြုမိလိုက်ပေ။

"ငါတော့ တရားနာတဲ့အထိ မနေတော့ဘူး နီမောင်"

"ဟင် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာမှ မဖြစ်ပါဘူး၊ မြနှင်းဖြူတော့ သူ့အဖော်တွေနဲ့ နေခဲ့ချင် နေခဲ့လိမ့်မယ်၊ ငါတော့ အလှူကကျွေးတဲ့ ထမင်းစားပြီး ပြန်တော့မယ်"

ထိုစကားကြားတော့ နီမောင်က စိတ်မကောင်း ဖြစ်သွားလေသည်။

"ငါတို့နဲ့အတူတူ တရားမနာချင်တာ ရေစက်ဆုံမှာစိုးလို့လား"

"မဟုတ်ပါဘူး နီမောင်ရယ်၊ နင်ကလည်း တစ်ခုခု ပြောရင် စကားနာထိုးဖို့ပဲ စဉ်းစားနေတော့တာပဲ၊ နင်နေစေချင်ရင် ငါနေပေးပါ့မယ်၊ ဒီလိုတော့ မထင်ပါနဲ့"

ထိုသို့ပြောတော့မှ နီမောင်က ကျေနပ်သွားဟန်ဖြင့် မြလေးညိုတို့အဖွဲ့အား ဆိုင်းဝိုင်းနှင့်နီးသော မဏ္ဍပ်တွင်း၌ နေရာချပေးခဲ့ပြီး ပြန်ထွက်သွားလေသည်။

မြနှင်းဖြူကတော့ ထိုကဲ့သို့ အလှူမဏ္ဍပ်အတွင်းမှာ ပွဲထိုင်ရသည်ကို ပျော်ရွှင်နေသော်လည်း မြလေးညိုကတော့ အတော်ပင် မနေတတ်မထိုင်တတ် ဖြစ်ကာစိတ်ကျဉ်းကျပ်နေလေသည်။

နေ့လယ်ပိုင်းရောက်တော့ ကျွေးမွေးဧည့်ခံခြင်း၊ ဆိုင်းဝိုင်းမှ တီးခတ်ဖြေဖျော်မှုများရပ်ကာ တရားနာကြရန် ပြင်လေသည်။

အလှူ့ရှင်များဖြစ်ကြသည့် နီမောင်တို့မိသားစုက





ရေစက်ချရန် ရှေ့ပိုင်းမှာနေကြရသဖြင့် နောက်ပိုင်းမှ အခြေအနေကိုတော့ မမြင်ရပေ။

မြလေးညိုမှာ. . တရားနာတော့မည်ဟု ကြေညာလိုက်စဉ်ကပင် ချွေးသီးချွေးပေါက်များ ထွက်လာလေသည်။

"မမ ဘယ်လိုဖြစ်နေတာလဲ"

မြနှင်းဖြူက အနားကပ်ပြီး တိုးတိုးမေးသည်။

"လူတွေများလို့လားမသိဘူး၊ ခေါင်းထဲက မူးလာပြီး အန်ချင်သလိုဖြစ်လာတယ်"

"ဒါဖြင့် မဏ္ဍပ်အပြင်ဘက် ခဏလောက်ထွက်နေပါလား၊ တော်ကြာလူကြားထဲမှာ တစ်ခုခုဖြစ်နေရင် မကောင်းဘူး"

ဟုပြောသဖြင့် ခေါင်းညိတ်ပြကာ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

ဘုန်းကြီးကျောင်းဝင်းမှာ အတော်ပင်ကျယ်ဝန်းလှသည်။ ကျောင်းဝင်းထဲမှာလည်း အရိပ်ကောင်းသော သစ်ပင်ကြီးများ ရှိလေသည်။

အလှူသို့လာကြသော လူအတော်များများမှာ မဏ္ဍပ်တွင်းသို့ရောက်နေသောကြောင့် အပြင်ဘက်၌ လူရှင်းနေသည်။

မြလေးညိုမှာ အပြင်ဘက်ရောက်တော့မှ အသက်ရှူဝလာသကဲ့သို့ ရှိလေသည်။ သူသည် လူရှင်းသော သစ်ပင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်အောက်တွင် သွားရောက်ထိုင်နေလေသည်။

ထိုအချိန်မှာပင် မဏ္ဍပ်တွင်း တရားဟောသံများ ထွက်လာသည်။ သူတစ်ယောက်တည်း ထိုင်နေတာမြင်တော့ ယောက်ျားလေးအချို့က မသိမသာလာရောက် အကဲခတ်ကြသည်။ အချို့လည်း စကားရောဖောရောနှင့် အနားရောက်လာကြသေးသည်။

မြလေးညိုကတော့ ထမင်းစားပြီးကတည်းက ပါးစပ်ထဲထည့်ထားသော ကွမ်းကိုသာ ဝါးနေကာ မသိဟန်ဆောင်နေလေသည်။ ဂရုလည်းမစိုက်ပေ။

သို့တိုင်အောင် ယောက်ျားလေးနှစ်ယောက် ရောက်လာပြီး တစ်ယောက်က မနီးမဝေးမှာ ရပ်စောင့်နေကာ ကျန်တစ်ယောက်က မရဲတရဲနှင့် အနားတိုးလာပြီး သွားအဖြီးသားနှင့် စကားစသည်။

"နင်ဘယ်သူလဲ၊ ဘယ်ရွာကလဲ၊ ဘာဖြစ်လို့ဒီမှာတစ်ယောက်တည်း လာထိုင်နေတာလဲ"

မြလေးညိုက ကွမ်းတံထွေးတစ်ချက်ထွေးလိုက်ပြီး မျက်နှာတင်းတင်းဖြင့် မော့ကြည့်လိုက်တော့ ရယ်ကျဲကျဲနှင့် ဖြဲထားသောပါးစပ်မှာ စေ့သွားသည်။

"နင့်အပူပါလို့ လာပြီးစပ်စုနေတာလား"

"သိချင်လို့ မေးတာပါ"

မထူးတော့သည့်သဘောဖြင့် ဆက်မေးသည်။





"အတော်သိချင်နေမှတော့ ပြောပြရမှာပေါ့၊ ငါက တခြားမဟုတ်ဘူး၊ ကျုတ်ကုန်း အင်းသူကြီးရဲ့သမီး မြလေးညို ပဲ၊ နင်ဆက်ပြီး လျှာရှည်လာရင်တော့ နင့်လျှာကိုပြတ်အောင် လုပ်ခိုင်းလိုက်မယ်"

ထိုသို့ပြောလိုက်မှ နောက်ထပ်စကားမဆက်ဝံ့တော့ဘဲ ပြန်ထွက်သွားကြလေသည်။

သူတို့နှစ်ယောက်မှာ မြလေးညိုကို မမြင်ဖူး မတွေ့ဖူးကြပေ။ သို့သော် . ကျုတ်ကုန်း အင်းသူကြီးသမီး မြလေးညို နာမည်ကိုတော့ ကြားဖူးသည်။

တခြားသတင်းများအပြင် သူကကို ချစ်ရေးဆိုသူကို လှေဖြင့်ခေါ်သွားပြီး သရဲနှင့် သတ်ခိုင်းသည်ဆိုသော သတင်းမျိုးကိုတော့ ထိုနယ်တစ်ဝိုက်မှာ နေကြသူများ မသိသူ မရှိကြပေ။

တောရွာမှာနေကြသူတို့ ဓလေ့အတိုင်း တစ်ရွာမှာ ဖြစ်ပျက်ခဲ့သော သတင်းများကို အပြည့်အစုံ မသိရသေးဘဲ သိသမျှ ပြန်ပြောတတ်ကြရာ တစ်ခါတစ်လေ ဖြစ်ပျက်ခဲ့သည် ထက် ပိုသွားသည်မျိုးလည်း ရှိကြပေသည်။

မိုးယွန်းကြီးအင်းဘက်မှ စံကျော်ဆိုသူ သေဆုံးသော အကြောင်းကို ဘယ်သူမှ မြင်လည်းမမြင်၊ သိလည်း မသိကြပေ။

သို့သော် ထိုအကြောင်းကိုတော့ လူတိုင်းကြားကြပြီး



www.burmeseclassic.com

www.burmeseclassic.com



သိနေကြသည်။ အချို့နေရာမှာ သရဲသတ်၍ သေသည်ဟု သတင်းထွက်သည်။ အချို့နေရာမှာတော့ ကျွတ်ကုန်းအင်း သူကြီးသမီးကို သွားရောက်ပိုးပန်းသဖြင့် သေရသည်ဟု သတင်းထွက်လေသည်။

ထို့ကြောင့် မြလေးညိုကို မမြင်ဖူး မတွေ့ဖူးသော်လည်း သူမအကြောင်းများကိုတော့ သိတန်သရွေ့ သိနေကြခြင်း ဖြစ်ပေသည်။

ထိုသို့သိကြသဖြင့်လည်း အနားရောက်လာသူ နှစ်ယောက်မှာ ဘာမှထပ်မပြောဝံ့တော့ပဲ ပြန်လှည့်သွားကြခြင်း ဖြစ်သည်။ နောက်တော့ သူမတစ်ယောက်တည်း ထိုင်နေသော သစ်ပင်အောက်သို့ ဘယ်သူမှ မလာကြတော့ပေ။

ရေစက်ချတရားနာပြီး အလှူပွဲသိမ်းသောအခါ သူမ ထိုင်နေသောနေရာသို့ နီမောင် ရောက်လာသည်။

"မြလေးညို နင် ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်း လာထိုင်နေတာလဲ"

"လူတွေကြားထဲမှာ နေရတာ ခေါင်းတွေမူးလာလို့ ဒီမှာလာထိုင်နေတာပါဟာ"

"နင်ကလည်း ငါ့ကိုတော့ မပြောဘူး၊ ဒီလိုဖြစ်တတ်ရင် ဆေးလေးဘာလေးသောက်ပြီး ငါ့အိမ်မှာ သွားနားနေရောပေါ့"

"နင်တို့ အလှူကိစ္စလုပ်နေတာ အနှောက်အယှက်





ပေးရာရောက်မှာ စိုးလို့ပါ"

"မဖြစ်ပါဘူးဟာ၊ ငါမရှိတော့လည်း အဖေတို့ အမေတို့ လုပ်ကြမှာပေါ့"

"နင်တို့မိသားစုကြည့်ရတာ သိပ်ပြီးစိတ်ချမ်းသာစရာကောင်းတာပဲနော်"

"ဘာဖြစ်လို့လဲ"

"အလှူအတန်းလုပ်လည်း တက်ညီလက်ညီနဲ့ လုပ်ကြတယ်"

"ငါတို့မိသားစုတွေက မချမ်းသာကြပါဘူး၊ ဒါပေမယ့် စိတ်ချမ်းသာအောင် နေကြပါတယ်"

"ငါတို့အိမ်မှာတော့ ငါ့အဖေက အခုလို အလှူအတန်းလုပ်တာမျိုးတွေ ဝါသနာမပါတော့ တစ်ခါမှ မလုပ်ဘူး၊ အခု နင်တို့ အလှူလုပ်တာမြင်တော့ စိတ်ထဲမှာ ပျော်နေသလိုပဲ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ဘာမှပြန်မပြောဘဲ မြလေးညိုကို စိတ်မကောင်းသောမျက်နှာဖြင့် ကြည့်နေရာ မြလေးညိုကလည်း မော့အကြည့်နှင့် အကြည့်ချင်း ဆုံသွားလေသည်။

"နင် ဘာပြောချင်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ နင်တို့အိမ်မှာ အလှူကြီးအတန်းကြီးတွေ မလုပ်နိုင်ပေမယ့် ငါတို့ အခု လှူတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



လှူမှာ နင့်ရဲ့ကောင်းမှုတွေလည်း ပါတာပါဘဲ၊ နင့်စိတ်ထဲမှာ အဲဒါကိုတွေးပြီး သတိရနေပေါ့ဟာ၊ ဟိုမှာ မြနှင်းဖြူတို့ နင့်ကို စောင့်နေကြတယ်၊ သွားကြရအောင်"

ဟုပြောကာ ခေါ်လာလေသည်။

ထို့နောက်မှာတော့ မြလေးညိုနှင့် မြနှင်းဖြူတို့မှာ နီမောင်ကို နှုတ်ဆက်ပြီး ပြန်သွားကြလေတော့သည်။

နီမောင့် စိတ်ထဲမှာတော့ မြလေးညိုနှင့် ပတ်သက်သည့် အကြောင်းများကို မကြာခဏ တွေးနေမိသည်။

အလှူပွဲနေ့က တရားဟော ရေစက်ချကာနီးမှ မြလေးညိုတစ်ယောက် မဏ္ဍာပ်အပြင်ထွက်သွားပြီး တစ်ယောက်တည်း ထိုနေသောအကြောင်းကို မြနှင်းဖြူ ပြောပြသဖြင့် သိတန်သလောက် သိထားပြီး ဖြစ်သည်။

သို့ကြောင့်လည်း စိတ်ထဲတွင် စိတ်မကောင်း ဖြစ်နေမိခြင်းဖြစ်သည်။

နောက်တစ်ရက်မှာတော့ နီမောင်တစ်ယောက်တည်း ဦးဇန်ကောင်းရှိသောနေရာသို့ သွားလေသည်။ ဦးဇန်ကောင်းမှာ ဆေးဆရာကြီးတစ်ဦးဖြစ်ပြီး ဗဟုသုတလည်း နှံ့စပ်သူဖြစ်သည်။

ဘုန်းကြီးကျောင်းရှိသောနေရာနှင့် မနီးမဝေးတွင် အိမ်တစ်လုံးဖြင့် တစ်ယောက်တည်း နေထိုင်လေသည်။

ထိုအိမ်ကိုလည်း ရွာမှ ဝိုင်းဝန်းဆောက်ပေးထားခြင်း





ဖြစ်ပြီး အတော်ပင် ကျယ်ဝန်းလေသည်။

အိမ်ထဲမှာတော့ ဖိုထိုးသောနေရာ၊ ဆေးဖော်သောနေရာနှင့် ဖိုထိုးရာတွင် အသုံးပြုသောပစ္စည်းများ၊ ဆေးဖော်ရာတွင် အသုံးပြုသော ဆေးပင်၊ ဆေးမြစ်တို့နှင့် ပြည့်စုံနေလေသည်။

နီမောင်ရောက်သွားတော့ ဦးဇန်ကောင်းနှင့် အဆင်သင့်ပင် တွေ့ရလေသည်။

"နီမောင်ပါလားဟေ့၊ မင်းတို့ ဦးဆောင်ပြီး လှူတဲ့အလှူကတော့ အောင်မြင်သွားပြီ၊ ကျွေးတာမွေးတာလည်း အတော်လေး ကောင်းတယ်ကွဲ့"

နီမောင်က ဦးဇန်ကောင်းအနီးမှာ ဝင်ထိုင်ပြီးနောက် ပြောလိုက်သည်။

"ကျွန်တော်လာတာ အဘကို မေးစရာရှိလို့ပါ"

"မေးလေကွာ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ခင်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း မေးချင်လို့ပါ"

"ဘယ်သူများပါလိမ့်"

နီမောင်က မြလေးညိုအကြောင်းကို ပြောပြလိုက်လေသည်။

"တကယ်တော့ သူ့ရဲ့ ပင်ကိုယ်သဘာဝက သဘော မနောကောင်းပါတယ်၊ ဒါပေမယ့် ဘဝပေးအခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



မကောင်းရှာဘူး"

"ဒါက အခုဘဝအခြေအနေကိုကြည့်ပြီး ပြောလို့မရဘူးကွ၊ သူက အရင်ဘဝက ဘာတွေလုပ်ခဲ့မှန်း မသိတော့ ဒီဘဝ အခြေအနေကိုကြည့်ပြီး သူ့အခြေအနေကို အပြစ်ပြောလို့တော့ မရဘူး"

"ဘယ်လိုမျိုးတွေလဲ အဘ"

"ရှေးဘဝက ပြုခဲ့တဲ့ကုသိုလ် အကုသိုလ်ကံဆိုတာ ဘဝအစဉ်အဆက်လိုက်ပြီး အကျိုးပေးလေ့ရှိကြတယ်၊ အဲဒီကုသိုလ် အကုသိုလ်ကံတွေက လက်ရှိဘဝမှာလာပြီး အကျိုးပေးတာတွေ ရှိတယ်၊ တချို့က ချမ်းသာတယ်၊ တချို့က ဆင်းရဲတယ်၊ တချို့ကျတော့ အသက်ရှည်တယ်၊ တချို့ကျတော့ အသက်တိုတယ်၊ ကံကောင်းထောက်မလို့ လူ့ဘဝတော့ ရောက်လာကြပါရဲ့၊ မွေးတာနဲ့ သေရတာမျိုးတွေလည်း ရှိပါရဲ့"

"ဟုတ်ပါတယ်. . အဘ"

"တချို့လူတွေက ကောင်းသောအလုပ်နဲ့ အသက်မွေးကြရတယ်၊ တချို့ကျတော့ ပစ္စည်းဥစ္စာတော့ ပြည့်စုံပါရဲ့ မကောင်းမှုအလုပ်တွေနဲ့ အသက်မွေးကြတယ်၊ မင်းမိတ်ဆွေ မိန်းကလေးလိုမျိုးပေါ့"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူလည်း မိန်းကလေးတန်မဲ့ သားငါးတွေ သတ်





ဖြတ် ရောင်းချနေရတဲ့ အလုပ်မျိုးကို ဘယ်လုပ်ချင်ပါ့မလဲကွာ၊ မြို့ပေါ်မှာ ကျော့ကျော့လေးနဲ့ နေချင်ရှာမှာပေါ့"

"သနားပါတယ် အဘရယ်"

"မင်းသနားလည်း သူကတော့ ဝဋ်ကြွေးရှိသမျှ လုပ်နေရမှာပဲ၊ မင်းကို လူတစ်ယောက်မှာ အလှည့်ကျ တာဝန်ယူပေးနေရတဲ့ ကံလေးမျိုးအကြောင်းကို ငါပြောပြမယ်"

ဟု အောက်ပါအကြောင်းများအား ပြောပြလေသည်။

လာမည့်ဘဝသစ်၌ အလှည့်ကျ အကျိုးပေးမှုနှင့် စပ်လျဉ်း၍လည်း 'ကံ'လေးမျိုး ခွဲကြသည်။

မိဘကို သတ်ခြင်းကဲ့သို့ အပြစ်ကြီးလေးသော 'ပဉ္စာနန္တရိယကံ'၊ ဈာန်ရခြင်းကဲ့သို့ ထွတ်မြတ်သော 'မဟဂ္ဂုတ်ကံ' တို့သည် အခြားမည်သည့်ကံကိုမျှ အခွင့်မပေးဘဲ မိမိတို့ကိုယ်တိုင် ပဋိသန္ဓေကျိုးပေးကြသည်။ ဤကံမျိုးကို 'ဂရုကံ'(အင်အားစွမ်းရည် ကြီးလှသောကံ)ဟု ခေါ်သည်။

ကြီးလေးသောကံ မရှိသောသူများ၌ သေခါနီးတွင် ပြုလုပ်သော သေခါနီးတွင် ပေါ်လာသော (ကုသိုလ် သို့မဟုတ် အကုသိုလ်)ကံက ဘဝသစ်၌ အကျိုးပေး၏။ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေ၏။ ဤကံမျိုးကို "အာသန္နကံ"ဟု ခေါ်၏။ ဘဝကူးကောင်းရေးအတွက် အထူးသတိပြုရမည့် အချက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သေခါနီး၌ ထူးထူးခြားခြား အာသန္နကံ မရှိလျှင် တစ်ဘဝတာလုံး မိမိလေ့ကျင့်ခဲ့သည့် (ကုသိုလ် သို့မဟုတ် အကုသိုလ်ကံ) ကံတစ်မျိုးမျိုးက ဝင်လာပြီး ဘဝသစ်အတွက် အကျိုး (ပဋိသန္ဓေဝိညာဉ်)ကို ဖြစ်စေသည်။ ဤကံမျိုးကို 'အာစိဏ္ဏကံ'(အလေ့အကျက် များခဲ့သောကံ)ဟုဆိုသည်။

ထိုသုံးမျိုးမှ အလွတ်ဖြစ်သော ကံတစ်မျိုးကို 'ကဋတ္တာကံ'(ပြုကာမတ္တ၊ ဖြစ်ကာမတ္တကံ)ဟု ခေါ်လေသည်။

အထက်ပါ ကံသုံးမျိုး အကျိုးပေးခွင့် မကြုံလျှင် ဤကဋတ္တာကံများက အကျိုးပေးကြလေသည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး ကံချင်းမတူသကဲ့သို့ လူချင်းလည်း မတူကြပေ။

ဘုရားရှင်လက်ထက်ဝယ် သုဘလုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့်တစ်ဦး အကျိုးပေးထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့်အတွက် တစ်ဆယ့်လေးချက်သော ပြဿနာကို့ကို လျှောက်ထားရာ၌ ဘုရားရှင် ဖြေတော်မူပုံကို အကျဉ်းချုံး၍ ရေးသားဖော်ပြပါမည်။

➤ ဤလောကရှိ လူအချို့သည် အသက်တိုကြသည်။ အချို့သော မိန်းမယောကျ်ားတို့သည် သတ္တဝါတို့အပေါ်၌ သနားခြင်းကင်းမဲ့လျက် သူတပါး၏ အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိ၏။ ထိုသူမျိုးသည် သေလျှင် ငရဲသို့





ကျရောက်တတ်၏။

ရှေးက ကုသိုလ်ကံတစ်ခုခု၏ ထောက်ပံ့မှုကြောင့် ငရဲသို့မကျဘဲ လူ့ပြည်သို့ရောက်လျှင် ကြာရှည်စွာ နေခွင့်မရ၊ အသက်တိုရလေသည်။

➤ ဤလောကရှိ လူအချို့သည် အသက်ရှည်ကြသည်။ အချို့သော မိန်းမယောကျ်ားတို့ကာ သတ္တဝါတို့အပေါ်၌ သနားကြင်နာ ဂရုဏာထားလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ ထိုသူများသည် သေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း အသက်ရှည်စွာ နေကြရလေသည်။

➤ ဤလောကရှိ လူအချို့သည် အနာရောဂါများကြသည်။ အချို့သော မိန်းမယောကျ်ားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသော လက်နက်ဖြင့်သော်လည်းကောင်း ညှဉ်းဆဲလေ့ရှိ၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ရောဂါထူပြော အနာပေါလေသည်။

➤ ဤလောကရှိ လူအချို့သည် အနာရောဂါ ကင်းရှင်းကြသည်။ အချို့သော မိန်းမယောကျ်ားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊



www.burmeseclassic.com

www.burmeseclassic.com



တုတ်၊ ဓား စသော လက်နက်တို့ဖြင့်သော်လည်းကောင်း ညှဉ်းဆဲနှိပ်စက်လေ့မရှိ၊ ထိုသူမျိုးသည် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်လျှင်ကား အနာရောဂါ ကင်းရှင်းရလေသည်။

➢ ဤလောကရှိ လူအချို့သည် အရုပ်ဆိုးကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် အလွန်ဒေါသကြီး၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူတပါးကို ထိပါးပုတ်ခတ်၍ ပြောဆိုလေ့ရှိသည်။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင် မျက်နှာပုတ်သိုး အရုပ်ဆိုးတတ်လေသည်။

➢ ဤလောကရှိ လူအချို့သည် အဆင်းလှကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် ဒေါသမထွက် သူတပါး၏အပြစ်ကို ပြောဆိုလေ့မရှိ၊ စိတ်ကြည်လင်အေးမြသူဖြစ်၏။ ထိုသူသေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသောအဆင်း (ရုပ်ချောခြင်း)ကို ရရှိလေသည်။

➢ ဤလောကရှိ လူအချို့သည် ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးကြသည်။ အချို့သော မိန်းမယောက်ျားတို့သည်





ဣဿာ(ငြူစူခြင်း)တရားအားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင်လည်း ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးရလေသည်။

➢ ဤလောကရှိ လူအချို့သည် ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် ဣဿာ(ငြူစူခြင်း)တရား မရှိပေ။ ထိုကဲ့သို့ ဣဿာ(ငြူစူခြင်း)တရား မရှိသောသူသည် သေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ကြီးမားရပေသည်။

➢ ဤလောကရှိ လူအချို့သည် ဥစ္စာမဲ့မွဲ ဆင်းရဲကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိ၊ မစ္ဆေရ(ဝန်တိုခြင်း)တရား အလွန်အားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာမဲ့မွဲ ဆင်းရဲရလေသည်။

➢ ဤလောကရှိ လူအချို့သည်ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် မစ္ဆေရ(ဝန်တိုခြင်း) တရားမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော သူမျိုးသည် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။

နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာပြည့်စုံ ကိုလုံကြွယ်ဝရပေသည်။

➢ ဤလောကရှိ လူအချို့သည် အမျိုးယုတ်ကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် အလွန်မာန်မာန ကြီး၏။ သူတစ်ပါးကို အထင်အမြင်သေး၏။ ကိုယ့်ကိုယ်ကို အထင်ကြီး၏။ ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်းမသိတတ်ပေ။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း. . . အောက်ကျနောက်ကျ ယုတ်ညံ့သောအမျိုး၌ ဖြစ်ရ၏။

➢ ဤလောကရှိ လူအချို့သည် အမျိုးမြတ်ကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် မာန်မာနမကြီးဘဲ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားလေ့ရှိကြသည်။ ထိုသူမျိုးသေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရရိုးရှိ၏။

➢ ဤလောကရှိ လူအချို့သည် အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးကြသည်။ အချို့သော မိန်းမယောက်ျားတို့သည် ပညာရှိပုဂ္ဂိုလ်တို့ထံသို့ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိမရှိကိုလည်းကောင်း၊ မိမိမှီဝဲထိုက်





မမှီဝဲထိုက်သော အရာကိုလည်းကောင်း၊ နောင်သံသရာဝယ်၊ ကြာရှည်လေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့်တရားအချက်တို့ကိုလည်းကောင်း၊ မေးမြန်းလေ့မရှိ ထင်မိထင်ရာပြု၍ ဒုစရိုက်များကြသည်။ ထိုသူမျိုးသေလျှင် ငရဲသို့ကျရောက်တတ်၏။

ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကင်းသော လူဖျင်း လူအ လူမိုက် ဖြစ်ရလေသည်။

➢ ဤလောကရှိ လူအချို့သည် အသိအလိမ္မာ ဉာဏ်ပညာ ကြီးမားကြသည်။ ထိုကဲ့သို့ တရားအချက်တို့ကို နှစ်သက်ကြည်ဖြူ နာယူမေးမြန်းလေ့ရှိသော သူသည်ကား သေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။

နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကြီးမားလျက် ထက်မြက်သော အခြေအနေကို ရတတ်ပေသည်။

ဖော်ပြခဲ့သည့် အကြောင်းအချက်များအရ လူသည် 'ဘယ်သူမပြု မိမိမှု' စကားနှင့်အညီ ရှေးရှေးက ပြုခဲ့သော အမှု (ကံ)အားလျော်စွာ ကောင်းကျိုးနှင့် မကောင်းကျိုးကို ရကြလေသည်။

"ဒီကံတွေကြောင့် လူတွေဟာ ကံစီမံရာအတိုင်း ဖြစ်ကြရတယ်၊ နေထိုင်ကြရတယ်၊ အတိုချုပ်ကြည့်ရင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူမပြု မိမိမှု'လို့ပဲ ဆိုရမှာပါပဲ"

"ဟုတ်ကဲ့. ."

"ရှေးဘ၀တွေက ပြုခဲ့တဲ့အမှု (ကံ)အားလျော်စွာ ကောင်းကျိုး မကောင်းကျိုးတွေကို ရရှိကြရတယ်၊ ဒါကို ဘယ်သူမှ ငြင်းပယ်လို့ မရဘူး၊ ငြင်းပယ်ခွင့်လည်း ရှိတယ်၊ တစ်ခုတော့ရှိတယ်၊ မကောင်းမှန်းသိလို့ မကောင်းတာတွေ ရပ်ပြီး ကုသိုလ်ကောင်းမှုတွေဘက် ကူးနိုင်ရင်တော့ အကုသိုလ်ကံပြတ်ပြီး ကုသိုလ်ကံကြောင့် ကောင်းမှုရတာမျိုးလည်း ရှိတယ်၊ ပြိတ္တာဘ၀ ရောက်နေရတဲ့ အချိန်မှာတောင်. . ကုသိုလ်ကံကို အာရုံပြုမိလို့ ကောင်းတဲ့ဘုံဘ၀ ရောက်ခဲ့ရတဲ့ ပြိတ္တာမတစ်ယောက်အကြောင်း ငါပြောပြမယ်"

ဦးဇန်ကောင်းက အောက်ပါပုံ၀တ္ထုကို ဆက်ပြောပြန်လေသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ၀ေဠု၀န်ကျောင်း၌ သီတင်းသုံးလျက် ရှိတော်မူ၏။

မာဂဓတိုင်း၌ ကူဋကဝတီရွာ၊ ဒီဃရာဇိရွာဟူ၍ ရွာငယ်နှစ်ရွာ ရှိလေသည်။

ရွာသူရွာသားတို့သည် 'သံသာရ မောစက'အယူ၀ါဒ ရှိကြကုန်၏။ ထို'သံသာရမောစက'အယူဆိုသည်ကား. . .

-သတ္တ၀ါကိုသတ်လျှင် အပြစ်မရှိ။

-သတ္တ၀ါသည် လူချွတ်မှ ကျွတ်သည်။





-ချွတ်ခြင်းသည် ခံစားနေရသော ၀ဋ်မှ လွတ်မြောက်အောင် ကယ်တင်ခြင်း ဖြစ်သောကြောင့် သတ်သည်မမည်။

ဟူသော ၀ါဒဖြစ်သည်။

ရွာလုံးကျွတ် ဆိုသလိုပင် ထို၀ါဒကို ကျင့်သုံးကုန်လျက်၊ ပိုးရွ၊ ခြပုန်း၊ နံ့ကောင်စသော အကောင်များကို သတ်ကာသတ်ကာ ၀ဋ်မှလွတ်အောင် ချွတ်ကြကုန်၏။

ထိုကူဋကဝတီရွာကား သက်တမ်းရှည်လှ၏။

ဂေါတမဘုရား ပွင့်တော်မမူမီ နှစ်ပေါင်းငါးရာ အထက်ကတည်းက ရှိခဲ့သည်။ ထိုသံသာရမောစက၀ါဒသည်လည်း ထိုနည်းနှိုင်းနှင်ပင် သက်တမ်းရှည်လျား၏။ ထိုခေတ် ထိုအချိန်ကတည်းကပင် ထို၀ါဒသည် ထိုကူဋကဝတီရွာသားတို့၏ ကျင့်စဉ်တစ်ခု ဖြစ်ခဲ့လေသည်။

ထိုကူဋကဝတီ ရွာသူအမျိုးသမီး တစ်ဦးသည် ထိုသံသာရမောစက၀ါဒကို လိုက်နာကျင့်သုံးလျက် ပိုးနံ့ကောင်၊ သန်း၊ ကြမ်းပိုး၊ ခြင် စသော သတ္တ၀ါများကို တွင်တွင်သတ်နေ၏။ 'ကျွတ်စေတော့'ဟူ၍သတ္တ၀ါများကို သူချွတ်နေခြင်းဖြစ်သည်။

အယူမှားကိုယူ၍ အကျင့်များကို ကျင့်သုံးသော ထိုအမျိုးသမီးသည် ကွယ်လွန်သောအခါ ပြိတ္တာဖြစ်လေ၏။ အစားဆင်းရဲခြင်း၊ အသောက်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း ဟူသော ဆင်းရဲအပေါင်း၏ ထောင်းထုနှိပ်စက်ခြင်းဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းငါးရာတိုင်တိုင် ခံစားရလေ၏။

အချိန်ကာလ အနှစ်ငါးရာကို လွန်မြောက်ကာ. . .
ဂေါတမဘုရားသခင်၏ လက်ထက်တော်သို့ ရောက်လာသည့်တိုင်အောင် ကုဏ္ဍကဝတီရွာကလေးမှာလည်း တည်နေဆဲဖြစ်သည်။

အဆိုပါ ပြိတ္တာမသည် ပြိတ္တာအဖြစ်မှ လွတ်မြောက်ခဲ့၍ ထိုကုဏ္ဍကဝတီရွာ၌ သံသာရမောစကအမျိုး၌ ဘဝတကွေ့လည်၍ လူဖြစ်လာရပြန်သည်။

မိရိုးဖလာဝါဒဖြစ်သော သံသာရမောစကဝါဒကို မိဘများနည်းတူပင် ကျင့်သုံးလျက် ရှိပြန်၏။ သို့နှင့်ပင် (၅)နှစ်သမီးအရွယ်သို့ ရောက်ရှိလာလေသည်။

ထိုအချိန် အရှင်သာရိပုတ္တရာသည် ထိုကုဏ္ဍကဝတီရွာကို အမှီပြု၍ အရုဏဝတီမည်သောကျောင်း၌ သီတင်းသုံးတော်မူ၏။ တစ်ကျိပ်နှစ်ပါးသော သံဃာများရံလျက် ထိုရွာ၌ နေ့စဉ်ဆွမ်းခံတော်မူ၏။

အဆိုပါ ကုဏ္ဍကဝတီရွာက တစ်ချိန်သော အခါကာလများက ရွာလုံးကျွတ် 'သံသာရ မောစက'အယူရှိသူတို့နေထိုင်ရာ ဖြစ်ခဲ့သော်လည်း ဤလက်ထက်တွင်မူ ဗုဒ္ဓကိုကိုးကွယ်သူ 'ဗုဒ္ဓဝါဒီ'များနှင့် ရောပြွမ်းလာ၏။ ထို့ကြောင့်လည်း နံနက်တိုင်း ထိုရွာတွင် ဆွမ်းခံရဟန်းတော်များ၏ သင်္ကန်းရောင်ဖြင့် ပြောင်တဝင်းဝင်း ရှိနေလေတော့သည်။





တစ်နေ့သော နံနက်အချိန်မှာဖြစ်၏။

ရွာလယ်လမ်းမပေါ်တွင် အမျိုးသမီးကလေးများ ထုတ်ဆီးတိုးတမ်း ကစားနေကြ၏။ တိုးသူကတိုး၊ ဆီး၍ ဖမ်းသူကဖမ်းနှင့် လမ်းပေါ်မှာ ကစားသူများဖြင့် အထူးစည်ကားနေ၏။

ထိုသို့ တိုးကာဝှေ့ကာ ဖမ်းကာဆီးကာ တပျော်တပါး ကစားနေကြသော ထိုမိန်းကလေးတစ်သိုက်ကား ကစားခြင်းကိုရပ်ပြီး တစ်နေရာကို "လက်အုပ်ကိုယ်စီ ချီကြလေ၏။

အကြောင်းသော်ကား ရွာတံခါးမှ အရှင်သာရိပုတ္တရာ အမှူးပြုသော သံဃာတော် တစ်ကျိပ်နှစ်ပါး ဆွမ်းခံကြွလာတော်မူသောကြောင့် ဖြစ်လေသည်။

အမျိုးသမီးကလေးများသည် ရပ်နေရာမှ ထိုင်လိုက်ကြသည်။ ကျုံ့ကျုံ့ထိုင်လျက် လက်အုပ်ကိုယ်စီချီဆဲတွင် ဆွမ်းခံရဟန်းတော်များ သူတို့ရှေ့သို့ ရောက်လာကြ၏။

အခြားအမျိုးသမီးများ လက်အုပ်ချီကြသော်လည်း သံသာရမောစက မိစ္ဆာအယူရှိသော ထိုအမျိုးသမီးငယ်ကား လက်အုပ်မချီပေ။ ကြောင်စီစီနှင့် လမ်းဘေးတွင် ရပ်နေ၏။

အရှင်သာရိပုတ္တရာသည် ထိုအမျိုးသမီး၏ အင်္ဂါရုပ ရှိသေမှုကင်းသော အမူအရာကို အကြောင်းပြု၍ ရပ်လိုက်ပြီး ထိုအမျိုးသမီးကို ကရုဏာစက္ခုဖြင့် ရှုတော်မူ၏။

"ဤအမျိုးသမီးငယ်ကား ရှေးကလည်း ဤသံသာရ



www.burmeseclassic.com

www.burmeseclassic.com



မောစက အကျင့်ကိုသာ ကျင့်ခဲ့ပြီ၊ ယခုလည်း ဤအကျင့်ကို ဆုပ်ကိုင်ထားလျက်ပင် ရှိသေး၏၊ စုတေသော် ငရဲသို့ မုချ လားလတ္တံ၊ အကယ်၍ ဤသူငယ်မသည် ငါ့ကို ရှိခိုးခဲ့သော် ငရဲသို့ မလားရောက်လေဘဲ ပြိတ္တာဘဝ၌ ဖြစ်လတ္တံ့၊ ငါ့ကို အကြောင်းပြု၍ သူသည် ထိုပြိတ္တာအဖြစ်မှ လွတ်မြောက် လတ္တံ့"

ထိုသူငယ်မ၏ ငရဲကျအံ့သောဖြစ်အင်ကို မြင်တော်မူသဖြင့် အရှင်သာရိပုတ္တရာသည် သပိတ်ပိုက်၍ ရပ်လျက်မှ လက်အုပ်ချီမိုး ရှိခိုးနေသူ အမျိုးသမီးငယ်များကိုလည်း ကောင်း၊ ရှိသေညွတ်ကိုင်းခြင်းမရှိ၊ ကြောင်စီစီနှင့် ရပ်နေ သော ထိုအမျိုးသမီးငယ်ကိုလည်းကောင်း ကြည့်တော်မူပြီး လျှင်. . .

"သင်တို့ကား ရဟန်းတော်များအား ရိုသေစွာ ရှိခိုး ကြပေကုန်၏။ ဤသူမသည်ကား ရှိခိုးဖော်မရဘဲ ကျက်သ ရေမရှိသကဲ့သို့ ရပ်၍သာ နေဘိသည်တကား"

ဤသို့ အမိန့်ရှိလေသော် အဖော်သူငယ်မ တစ်စုတို့ သည် ထိုသူငယ်မအား ရှိခိုးရန် တိုက်တွန်းကြကုန်၏။

သို့သော် သူမသည် ရှိခိုးခြင်း မပြုဘဲသာနေ၏။

တိုက်တွန်း၍ မရသည့်အဆုံးတွင် သူငယ်ချင်း အ ပေါင်းအဖော်တို့သည် ထိုအမျိုးသမီးငယ်၏ လက်များကို အတင်းချုပ်လျက် ရှိခိုးစေကြကုန်၏။ အများ၏ တိုက်တွန်းမှု





ကြောင့် လက်နှစ်ဖက်ကို ချုပ်ကိုင်ရှိခိုးစေခြင်းအားဖြင့် ထိုသူ ငယ်မ၏ လက်အုပ်မှာ အရှင်သာရိပုတ္တရာ၏ ခြေရင်းတွင် ရောက်ရှိနေခဲ့သည်။

ထိုဖြစ်ရပ်ဖြစ်ပြီးနောက် အချိန်ကာလတို့ ကုန်လွန် သွားသည်။

ထိုအမျိုးသမီးငယ်သည် အချိန်တန် အရွယ်ရောက် ကာ အပျိုရွယ် ဖြစ်လာ၏။

ထိုအခါ 'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်'ဟူသော ဓမ္မတာအတိုင်း ဘာသာတူ ဒီဃရာဇီ ရွာသားလုလင်တစ်ဦး နှင့် ထိမ်းမြားပေးလိုက်ကြသဖြင့် ထိုအမျိုးသမီးသည် အိမ် ထောင်ရှင်မဘဝသို့ ရောက်ရှိသွား၏။

လင်ယူသားမွေးခြင်းသည် အိမ်ထောင်ရေး ဖြစ်သည့် အလျောက် အိမ်ထောင်ကျပြီး နောက်များမကြာခင် ကာလ မှာပင် ကိုယ်ဝန်ရလာ၏။ သူမ၏ ကိုယ်ဝန်မှာ တစ်နေ့တစ် ခြားရင့်ရင့်လာရာက ကိုးလလွန်မြောက် ဆယ်လသို့ ရောက် လာ၏။ ဓမ္မတာအတိုင်း ဖွားချိန်တန်၍ ဖွား၏။

သို့သော် သန္ဓေသားက အဆမတန် ကြီးထွားလာ လေသောကြောင့် မီးမဖွားနိုင်သည့် ဒုက္ခကို ခံစားရရှာလေ ၏။ နောက်ဆုံးတွင် မီးမဖွားနိုင်သော ဝေဒနာဖြင့် ကွယ်လွန် သွားရှာလေသည်။

အရုဏဝတီ ကျောင်းသခ်မ်းတွင် သီတင်းသုံးနေ



www.burmeseclassic.com

www.burmeseclassic.com



သော အရှင်သာရိပုတ္တရာသည် ညဉ့်အချိန်တွင် ကျောင်းရှေ့၌ စင်္ကြံလျှောက်လျက် နေတော်မူ၏။

ထိုအချိန်တွင် ပြိတ္တာမတစ်ဦးသည် စင်္ကြံလျှောက်နေသော အရှင်သာရိပုတ္တရာကို တစေ့တစောင်းချောင်းလျက် အရှင့် ရှေ့သို့ဝင်ရန် အားထုတ်နေ၏။ သို့သော် မဝံ့မရဲဖြစ်ကာ ရှေ့တိုးရန် တွန့်ဆုတ်နေပြန်သည်။

နောက်ဆုံးတွင်မူ ပြိတ္တာမသည် အရဲစွန့်ကာ အရှင်သာရိပုတ္တရာ မြင်သာအောင် ကိုယ်ထင်ပြလေ၏။

အရှင်သာရိပုတ္တရာသည် ထိုအာရုံကြောင့် စင်္ကြံလျှောက်ခြင်းမှ တန့်သွား၏။ ထူးဆန်းသော မြင်ကွင်းမှာ ရှေ့တော်သို့ တရွေ့ရွေ့ ရောက်လာတော့သည်။

အဝတ်လည်းမပါ၊ အရုပ်ကလည်းဆိုးဆိုး၊ နံရိုးကကျဲကျဲနှင့် ရောက်လာသော ပြိတ္တာမကို မြင်လေသော် ကရုဏာ သက်တော်မူ၏။

ထိုပြိတ္တာမအား. . .

"သင် အသူနည်း"

"အဘယ်ကြောင့် ဤသို့ဖြစ်နေရသနည်း"

ဟူ၍ မေးခွန်းများကို ဆက်တိုက်မေးတော်မူလိုက်၏။ ပြိတ္တာမက သူမဘဝဖြစ်စဉ်ကို အကျဉ်းရုံး၍ လျှောက်ထား၏။

"သူမသည် ပြိတ္တာမ ဖြစ်ပါကြောင်း သတ္တဝါကို လူ





ချွတ်မှ ကျွတ်သည်ဟူသော သံသာရမောစကဝါဒကို လိုက်နာကျင့်သုံး၍ သတ္တဝါတို့အား သတ်မိလေသည့်အတွက် ဤပြိတ္တာဘဝသို့ ရောက်ရှိနေပါကြောင်း၊ သူ့မှာ အသက်တစ်ချောင်း မသတ်ကောင်းဟူ၍ ဟန့်တားဆုံးမသည့် မိဘလည်းမရှိ၊ ဆွေမျိုးဉာတိလည်း မရှိသဖြင့် မှားသော မိစ္ဆာအယူကို ယူခဲ့မိ၍ ဒုက္ခရောက်ရပါကြောင်း၊ ထိုဒုက္ခမှ ကယ်တင်တော်မူပါဟု တောင်းပန်လို၍ အရှင့်ထံသို့ ရောက်လာခြင်း ဖြစ်ပါကြောင်း" လျှောက်ထား၏။

အရှင်သာရိပုတ္တရာကလည်း ပြိတ္တာမ၏ တောင်းပန်ချက်ကို လက်ခံ၏။

"ဤဖြစ်ရပ်သည် တကယ့်ကိုယ်တွေ့ဖြစ်ခြင်းကြောင့် ပျောက်ကွယ်မသွားစေသင့်၊ အစဉ်အလာအားဖြင့် လေးစားမှတ်သားထိုက်သောဖြစ်ရပ်"

ဟူ၍ သင်္ဂါယနာတင်သည့် အရှင်သူမြတ်တို့က အမှတ်တရ ဂါထာသုံးပုဒ်ဖြင့် သင်္ဂါယနာ တင်ထားကြကုန်၏။

ယင်းဂါထာသုံးပုဒ်၏ အနှစ်ချုပ်ကို ဖော်ပြပါမည်။

➤ ထိုအရှင်သာရိပုတ္တရာသည် ပြိတ္တာမ တောင်းပန်ချက်ကို လက်ခံပြီးလျှင် ရဟန်းအား တစ်လုတ်စာမျှသော ဆွမ်းကိုလည်းကောင်း၊ လက်တစ်ဝါးပမာဏရှိသော အဝတ်ကိုလည်းကောင်း၊ တစ်ခွက်စာမျှသော သောက်ရေကိုသော်လည်းကောင်း လှူ၏။ ထိုပြိတ္တာမအား ရည်ညွှန်း၍ အမျှပေး



www.burmeseclassic.com

www.burmeseclassic.com



ဝေ၏။

➤ ရည်မှန်း၍ အရှင်သာရိပုတ္တရာ လှူဒါန်းပြီးသည်၏ အခြားမဲ့၌ နတ်၌ဖြစ်သော အစားအစာ၊ နတ်၌ဖြစ်သော အဝတ်၊ ရေ စသော အသုံးအဆောင်များကို ရခြင်းအကျိုးသည် လက်ငင်းဒိဋ္ဌ ဖြစ်လေ၏။

ဤအကျိုးကား ပြိတ္တာမအားရည်စူး၍ အစား၊ အဝတ်များ၊ သောက်ရေများကို လှူဒါန်းဖြင်း၏ အကျိုးပေတည်း။

➤ အရှင်သာရိပုတ္တရာ လှူဒါန်းသော ကောင်းမှု၏ အဖို့ဘာဂကို အမှူရရှိပြီးသည့်နောက်၌ ထိုပြိတ္တာမသည် စင်ကြယ်သည်။ စင်ကြယ်သော အဝတ်ရှိသည်ဖြစ်၍ ကာသိတိုင်းဖြစ် မြတ်သောအဝတ်သစ်ကို ဆောင်လျက် ဆန်းကြယ်သော အဝတ်တန်ဆာ ရှိသည်ဖြစ်၍ အရှင်သာရိပုတ္တရာထံ ကပ်ရောက်သတည်း။

ဤသို့ သင်္ဂါယနာ တင်ထားကြကုန်၏။

ပြိတ္တာဘဝမှ လွတ်မြောက်၍ ဘဝသစ်တစ်ဖြစ်လဲ ထိုနတ်သမီးကို မြင်လတ်သော် အရှင်သာရိပုတ္တရာက. . .

'သင်ကားအသူနည်း' ဟုမေးတော်မူသည်။

ထိုအခါ နတ်သမီးသည် လက်အုပ်ချီလျက်. . .

"အရှင်ဘုရား ကယ်တင်မှုကြောင့် ပြိတ္တာဝဋ်မှ လွတ်မြောက်ရပုံမှအစ ကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရ





သည်" အထိဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လေ၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "သာဓု" သုံးကြိမ်ခေါ်လေသည်။

ဦးဗန်ကောင်းစကားရပ်ပြီး လက်ဖက်ရည်ကြမ်း တစ်ခွက်သောက်နေစဉ် ဦးမောင်က ထိုအကြောင်းများကို ပြန်လည်တွေးတောနေလေတော့သည်။

"အဘပြောသလိုဆိုရင် အကုသိုလ်ကံတွေ ရှိခဲ့ပေမယ့် ကုသိုလ်ကံနဲ့ ချေဖျက်ဖြတ်တောက်နိုင်ရင်လည်း ရနိုင်တာပေါ့နော်. . ."

"ရတာပေါ့ကွ၊ ကုသိုလ်ကံကိုလည်း အကုသိုလ်ကံအဖြစ် ချလို့ရသလို၊ အကုသိုလ်ကံကိုလည်း ကုသိုလ်ကံအဖြစ် ချတာမျိုးတွေလည်း ရှိတာပေါ့"

"ကျွန်တော်သဘောပေါက်အောင်. . . တစ်ခုနှစ်ခု လောက်ပြောပြပါ အဘ"

"ကာလာဗုမင်းဟာ ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် ယခုဘဝမှာမင်းအဖြစ်ကိုရခဲ့တယ်၊ ဒါပေမယ့် မင်းအဖြစ်ကိုရပြီးမှ ခန္တီဝါဒီရှင်ရသေ့ကို ပြစ်မှားစော်ကားမိလို့ မြေမြိုခံရပြီး ငရဲရောက်ရတယ်၊ ဒါက ကုသိုလ်ကံကို အကုသိုလ်ကံက ဖြတ်ချတာမျိုးဖြစ်တယ်"

"ဟုတ်ကဲ့"

"ရှင်အင်္ဂုလိမာလဟာ လူ့ဘဝတုန်းက လူပေါင်းသတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခဲ့တဲ့ အကုသိုလ်ကံတွေ ရှိခဲ့တယ်၊ ဒါပေမဲ့ မြတ်စွာဘုရားနဲ့တွေ့ပြီး အရဟတ္တမဂ်ဉာဏ် (ကုသိုလ်)ကိုရတဲ့အခါမှာတော့ လူတွေသတ်ခဲ့တဲ့ အကုသိုလ်ကံတွေ ပျက်ပြယ်ပြီး ကုသိုလ်အဟုန်နဲ့ ကောင်းရာဘဝကို ရောက်ခဲ့ရတယ်"

"ဒီလိုဖြင့် အကုသိုလ် လုပ်နေတယ်ဆိုပေမယ့် အချိန်မီ သတိရပြီး ကုသိုလ်ကောင်းမှု ပြုရင်ရသေးတာပေါ့နော်"

"မင်းကလုပ်စေချင်ပေမယ့်၊ ကာယကံရှင်က လုပ်ချင်ဦးမှကိုးကွ၊ သူ့စိတ်နဲ့သူ့ကံ အကျိုးပေးကလည်း ရှိသေးတော့ တစ်ခါတစ်ရံ အကူအညီပေးချင်သော်လည်း မရတာမျိုးတွေ ရှိကြတယ်၊ ဒေဝဒတ်တို့ အဇာတသတ်မင်းတို့ဟာ မြတ်စွာဘုရားက ကယ်ချင်ပေမယ့် မရခဲ့သလိုပေါ့"

ထိုစကားကြားတော့ နီမောင်က စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် ဦးဇန်ကောင်းအားနှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။









# အခန်း (၆)

# အင်းစောင့်သရဲတို့တိုက်ပွဲ

မိုးယွန်းကြီး အင်းပေါက်ဝမှာ အရှေ့ဘက်ယွန်းယွန်းဘက်တွင် ရှိလေသည်။ ထိုနေရာမှာ ကျတ်ကုန်းအင်း နယ်နိမိတ်အစပ်နှင့်လည်း မဝေးလှပေ။

အင်းပေါက်ဝတွင် အင်းတဲကြီးတစ်လုံးရှိသည်။ အင်းတဲကြီးအတွင်းမှာတော့ အင်းသူကြီး ဦးမင်းဒင်နှင့် သူ့တပည့်များ အရက်သောက်ရင်းနှင့် ဝိုင်းဖွဲ့ကာ စကားပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်က ညနေစောင်း အချိန်မျိုး ဖြစ်နေလေသည်။

အင်းတဲတစ်ဝိုက်မှာတော့ အခြားနေထိုင်သော အိမ်များ မရှိပေ။ အင်းရာသီ မဟုတ်သောကြောင့်လည်း အင်းတဲတွင် ငါးခုတ်ငါးရွေးသော အလုပ်သမားများ မရှိပေ။ တဲတွင် အမြဲနေကြသူများသာ ရှိပေသည်။

အင်းသူကြီးဦးမင်းဒင်မှာ အသက်(၅၀)ကျော်အရွယ်သာ ရှိသေးပြီး အသားမည်းမည်းနှင့် စိတ်ကြမ်းလူကြမ်း ရှိသူတစ်ဦးပင် ဖြစ်သည်။

အရက်ကြိုက်သူ ဖြစ်သောကြောင့် နေ့ရောညပါ သောက်နေရာ ဘယ်အချိန်ကြည့်ကြည့် မျက်နှာမှာ နီနေတတ်သည်။

အသားမည်းမည်းနှင့် ကွမ်းကလည်း ပါးစပ်ထဲတွင် မပြတ်ဝါးနေရာ ပါးစပ်တစ်ဝိုက်တွင် သွေးစွန်းနေသကဲ့သို့ ထင်ရလေသည်။

ဦးမင်းဒင်မှာ ဒေါသကြီးသူတစ်ယောက် ဖြစ်သဖြင့် တပည့်များက ကြောက်ရွံ့ကြသည်။ သူကခိုင်းစေလျှင် ဘာမဆိုလုပ်ပေးဝံ့သော လက်ရွေးစင်မွေးထားသူများ ဖြစ်ပေသည်။

ဦးမင်းဒင်က အရက်သောက်နေရာမှ အရက်ခွက်ကို ပြန်ချထားလိုက်ပြီး ဆေးပြင်းလိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။





"ဟိုတလောက စံကျော်သေရတာ ငါ့စိတ်ထဲမှာ သိပ်ပြီးမကျေနပ်နိုင်သေးဘူး၊ ဘယ်လိုဖြစ်တယ်ဆိုတာ ငါ့ကို အစကပြန်ပြောကြစမ်း"

ဟုမေးရာ ထွန်းခဆိုသူက ပြောပြသည်။

"သူက ဟိုဘက်အင်းသူကြီးသမီး မြလေးညိုကို တွေ့တာနဲ့ သဘောကျသွားတယ်"

"သူကတော့ မိန်းမချောချောလှလှတွေ့ရင် သဘောကျနေတာပဲ"

ဦးမင်းဒင် တစ်ယောက်တည်း ပြောဆိုသလိုမျိုး ရေရွတ်လိုက်သည်။

"နောက်တော့ မြလေးညိုနဲ့ တွေ့ဖို့ဆိုပြီး လှေတစ်စင်းနဲ့ တစ်ယောက်တည်း ထွက်သွားတယ်၊ ကျွန်တော်တို့က အဖော် လိုက်ပေးဖို့ပြောတော့ သူက လက်မခံတာနဲ့ နေခဲ့ကြတာ"

"နောက်တော့ ဘယ်လိုဖြစ်သလဲ"

ထိုအခါ စိန်မိုးဆိုသူက ဝင်ပြောသည်။

"ညဦးပိုင်းအချိန် ကျွန်တော်တို့ အင်းထဲ လှည့်နေတဲ့အချိန်မှာ အော်သံကြားရတယ်၊ ဒါကြောင့် လှေနဲ့သွားကြည့်တော့ ကိုင်းတောစပ်မှာ သူ့လှေတွေ့ရတယ်၊ ကျွန်တော်တို့ ရောက်သွားတော့ သူသေနေပြီ"

"ဒါဖြင့် သူ့ကို မြလေးညို သတ်သွားတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အော်သံကြားလို့ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ လှေလည်းမတွေ့ဘူး၊ တခြားဘယ်သူမှလည်း မတွေ့လိုက်ဘူး ဆရာကြီး"

"ဒါဖြင့်တော့ စံကျော်ကို သရဲသတ်သွားတာပဲဖြစ်မှာပေါ့၊ ဟိုဘက်အင်းက သရဲသတ်လို့ သေတာပဲ ဖြစ်မှာပေါ့"

ဟု ဦးမင်းဒင်ကပြောပြီး သောက်လက်စ ဆေးပြင်းလိပ်ကို ပြန်ချထားလိုက်သည်။

"စံကျော်ရဲ့လှေကို ကျွန်တော်တို့ အင်းစပ်မှာ ပြန်တွေ့ရတာ ဆရာကြီး၊ ဟိုဘက်က သရဲကတော့ ဒီဘက်အင်းထဲကို လာဝံ့မှာမဟုတ်ဘူး၊ ဒီဘက်အင်းမှာလည်း အင်းစောင့်သရဲ ရှိတာပဲ"

ဟု တင်ဖေဆိုသူက ဝင်ပြောသည်။

ရှေးအခါက အင်း တမံ ချောင်းများတွင် သရဲများမွေးကာ အစောင့်ထားကြသည်။ နောက်ပိုင်း သစ်သီးများဈေးကောင်းလာသောအခါတွင် အစောင့်မရှိသော သစ်သီးခြံများတွင် သရဲစောင့်များ ထားကြသည်။

ဖူးရင်းခြံ၊ သရက်ခြံ၊ ပန္နဲခြံများတွင် လူမရှိလျှင် သရဲအစောင့်များ ထားကြသည်။ ပိုင်ရှင်မသိဘဲ ကြွေကျနေသော သစ်သီးတစ်လုံးပင် ဝင်ကောက်ယူ၍ မရပေ။

ထို့အတူပင် အင်းများမှာလည်း သရဲအစောင့်များထားကြသည်။ လူမစောင့်နိုင်သော ညအချိန်များတွင် သရဲအစောင့်များက ငါးမခိုးနိုင်အောင် စောင့်ပေးကြသည်။

ထိုသို့ အစောင့်အဖြစ် မွေးထားသော သရဲသဘက်ဘို့ကိုလည်း ဒီအတိုင်းထား၍ မရပေ။ နေစရာ ပေးထားရုံမဘဲ စားစရာလည်း မှန်မှန်ကျွေးမွေးရသည်။

မကျွေးနိုင်လျှင် မွေးထားသူကိုပြန်ပြီး ဒုက္ခပေးတတ်သည်။ ကျတ်ကုန်းအင်းဘက်မှာ သရဲတာတွေရှိသလို မိုးသွန်းကြီး အင်းဘက်မှာလည်း သရဲနက်ကျော်ရှိသည်။

ဦးမင်းဒင်က သူ့တူဖြစ်သူ စံကျော်သေရသည်မှာ ဟိုဘက်အင်းမှ သရဲတာတောလက်ချက်ဖြစ်မည်ဟု ထင်နေသည်။ ထို့ကြောင့် မကျေမနပ် ဖြစ်နေခြင်းဖြစ်၏။

"ငါ့အထင်တော့ လူမတွေ့ရဘဲ သေတာဆိုတော့ ဟိုဘက်က အင်းစောင့်သရဲ သတ်လို့သာ ဖြစ်မှာပေါ့၊ ဒီဘက်မှာရှိတဲ့ အင်းစောင့်သရဲက သိပ်အားမကိုးရဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ငါ့မှာ အကြံအစည်တစ်ခုရှိတယ်၊ ငနက်ကျော်က အားမကိုးရရင်တော့ ဒါထက် အားကိုးရတဲ့အစောင့်မျိုး ထပ်ရှာရမှာပေါ့၊ ဒါပေမယ့် ဒင်းကို ဒီအတိုင်းတော့ မထားနိုင်ဘူး၊ အသုံးချရဦးမယ်"

ဟု ပြောဆိုပြီး ချက်ထားသော ထမင်းဟင်းများကို အိုးတစ်လုံးဖြင့်ထည့်ကာ အနောက်ဖက်တွင်ရှိသော လှော်ပံ







www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးရှိရာသို့ သွားကြလေသည်။

ခါတိုင်း အင်းစောင့်သရဲကို အစားအစာကျွေးလျှင် အလုပ်သမားများကသာ သွားရောက်ကျွေးမွေးသော်လည်း ဒီတစ်ကြိမ်တော့ အင်းသူကြီးပါ လိုက်လာလေသည်။

အချိန်က . . ညနေပိုင်း နေဝင်ရီတရောအချိန်သို့ ရောက်နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုနေချေပြီ။

လက်ပံပင်ကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သောကြောင့် အိုမင်းရင့်ရော်လှပေပြီ။

အဝေးမှကြည့်လျှင် ခြေကားရား၊ လက်ကားရားနှင့် မကောင်းဆိုးဝါးကြီးတစ်ကောင် ရပ်နေသည်နှင့်ပင် တူလှသည်။

ထိုသစ်ပင်ကြီးအောက်ရောက်တော့ ဦးမင်းဒင်က ထမင်းဟင်းထည့်ထားသောအိုးကို အဖုံးဖွင့်ပြီး ယောက်မဖြင့် သုံးလေးချက် ခေါက်လိုက်သည်။

"ဒေါင် . . ဒေါင် . . ဒေါင်"

ထိုသို့ခေါက်လိုက်ပြီး မရှေးမနှောင်းမှာပင် လက်ပံပင်ပေါ်မှ သရဲနက်ကျော် ဆင်းလာသည်။

သစ်ပင်ကို ခြေထောက်ဖြင့်ခွ၊ လက်ဖြင့်ဖက်ထားပြီး ဒန်အိုးခေါက်သံ တစ်ချက်ကြားလျှင် တစ်ထစ်လျှောဆင်းလာရာ ခဏကြာတော့ အပင်အောက်သို့ ရောက်လာလေတော့





သည်။

"နက်ကျော် မင်းကို အင်းစောင့်ထားတာ အလကားပဲ၊ စံကျော် ဘာကြောင့်သေတာ မင်းသိသလား"

". . . . . . . . . . ."

"အေး . . ဟိုဘက်အင်းက သရဲသတ်လို့ သေရတယ်ဆိုတော့ မင်းသိရက်နဲ့ ဘာကြောင့် အကူအညီ ဝင်မပေးတာလဲ"

". . . . . . . . ."

"သူ့ပိုင်နက်ထဲမှာမို့ မသွားဝံ့ဘူး ဟုတ်လား၊ ဒီလိုဆိုရင် မင်းကို ဒီမှာထားနေလည်း အလကားပဲပေါ့၊ မင်းကို ဒီအင်းမှာ မထားတော့ဘူး၊ ဆရာခေါ်ပြီးတော့ နှင်ထုတ်ပစ်မယ်"

". . . . . . . ."

"အေး . . ဟိုဘက်အင်းက သရဲတာတေကို နှင်ထုတ်နိုင်ရင်တော့ မင်းကို ဒီအင်းမှာထားမယ်၊ မလုပ်နိုင်ရင်တော့ မင်းလည်း တခြားနေရာ သွားပေတော့"

ဟု ပြောဆိုကာ ထမင်းနှင့်ဟင်း ထည့်ထားသောအိုးကို အဖုံးပွင့်လျက် သစ်ပင်ခြေရင်း၌ ချထားပေးခဲ့ကာ ပြန်လာကြသည်။

အင်းတဲပြန်ရောက်တော့မှ မောင်ငွေဆိုသူက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးကို သရဲငနက်ကျော်က ဘာတွေပြော လိုက်သလဲ"

"ဒီကနေ့ည ဟိုဘက်အင်းထဲသွားပြီး သရဲတာတေနဲ့ ချကြမယ်လို့ ပြောတယ်၊ မနိုင်ရင်တော့ သူလည်း ဒီနေရာမှာ နေလို့ရမှာ မဟုတ်တော့ဘူး၊ တခြားနေရာ ပြေးရမှာပဲ၊ သူ ပြောတာဟုတ်မဟုတ် ဒီည ဒီမှာ စောင့်ကြည့်ရမှာပဲ"

ဟုပြောကာ ထိုတဲမှာပင် ထမင်းဟင်းများ ချက်ပြုတ် စားသောက်ရင်းနှင့် စောင့်ကြလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ အင်းနှစ်ခု စပ်ကြားနေ ရာလောက်မှ ဆူဆူညံညံအသံများ စတင်ကြားကြရသည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့် အင်းထဲမှ ဆူ ညံနေသော အသံများကို အတိုင်းသား ကြားနေကြရပေ သည်။

ရိုက်သံနှက်သံ၊ အော်ဟစ်ကြိမ်းမောင်းသံ၊ ရေထဲ တွင် နပန်းလုံးနေသော အသံများ၊ ငယ်သံပါအောင် အော် ဟစ်သံ၊ တဗုန်းဗုန်းနှင့် ပြေးလွှားနေသော အသံများကို အ တော်ကြာအောင် ကြားနေကြရပြီးနောက် တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ဦးမင်းဒင်က ထိုအသံများကို နားစွင့်နေရင်း ငြိမ် သွားတော့မှ ပြောသည်။

"သရဲနှစ်ကောင် သတ်ကြတဲ့ပွဲတော့ ပြီးသွားပြီထင်





တယ်၊ ဘယ်ကောင်ကျန်ခဲ့ပြီး ဘယ်ကောင် ထွက်ပြေးသွားပြီ လဲ မသိဘူး"

ထိုသို့ပြောရင်းနှင့် အင်းတဲအပြင်ဘက်သို့ ထွက် ကြည့်သည်။ အပြင်ဘက်တွင် မှိုဝါးဝါးလရောင် ရှိနေသဖြင့် အတန်အသင့် မြင်နိုင်လေသည်။

လက်ပံပင်ကြီးရှိသော နေရာဘက်မှာတော့ ထူးထူး ခြားခြား ဘာမှမတွေ့ရပေ။ ထို့အတူ အင်းတစ်ဝိုက်မှာလည်း ငြိမ်သက်နေတော့သည်။

ထိုအချိန်မှစပြီး နောက်ပိုင်းရက်များမှာတော့ အင်း တဲနောက်ဘက်မှ လက်ပံပင်ကြီး၌ သရဲငနက်ကျော်ကို မ တွေ့ကြရတော့ပေ။

နောက်ပိုင်း ရက်များရောက်တော့ ထွန်းခက ဦးမင်း ဒင်ကို အကျိုးအကြောင်း ပြောပြလေသည်။

"ဆရာကြီး လက်ပံပင်မှာ သရဲနက်ကျော် မရှိတော့ ဘူး"

"တာတေနဲ့သတ်တာ သူရှုံးလို့ ထွက်ပြေးသွားပြီ ထင် ပါရဲ့ကွာ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာကြီး၊ အင်းစောင့်သရဲ မရှိရင် ဟိုဘက်အင်းကလူတွေ ဒီဘက်အင်းထဲ ရောက်လာ ပြီးတော့ ငါးဝင်ခိုးကြလိမ့်မယ်"

"ဒီတော့လည်း နောက်ထပ် သရဲတစ်ကောင်ရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ထားရမှာပေါ့"

"ဟိုဘက်အင်းမှာ စောင့်နေတဲ့ သရဲတာတေက အတော်ကို ကြမ်းတမ်းတဲ့ပုံပေါ်တယ်၊ သာမန်သရဲမျိုးဆိုရင်တော့ ထွက်ပြေးရဦးမှာပဲ"

ဘရွှေစကားကြောင့် ဦးမင်းဒင်က ဆေးပြင်းလိပ်ကို တွင်တွင်ဖွာပြီး စဉ်းစားနေလေသည်။

သရဲ၊ သဘက်၊ ကျတ်၊ ဖုတ်၊ တစ္ဆေ၊ မှင်စာ၊ စသည်တို့မှာ ပရလောကသားများ ဖြစ်ကြသဖြင့် အနည်းနှင့်အများဆိုသလို ကမ္ဗဇိတ္တိအစွမ်း ရှိကြသည်။

မကောင်းဆိုးဝါးတို့တွင် သဘာဝအလျောက်ရှိသော ထိုအစွမ်းကို တန်ခိုးဟု မရေးသားသင့်ပေ။

တန်ခိုးဆိုသည်မှာ သိဒ္ဓိရှိသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာများ၌သာ အသုံးပြုသင့်ပေသည်။

အောက်တန်းစား ပရလောကသားများမှာရှိသော ကမ္ဗဇိတ္တိအစွမ်းမှာ ကံကံ၏အကျိုးကြောင့် ဖြစ်ပေါ်စကတည်းကပါလာခဲ့သော သဘာဝအစွမ်းသတ္တိတစ်မျိုးသာ ဖြစ်ပေသည်။ ထိုအစွမ်းသတ္တိမှာလည်း တစ်ဦးနှင့်တစ်ဦး၊ တစ်မျိုးနှင့်တစ်မျိုး မတူကြပေ။

အနိမ့်ဆုံးကတော့ ၎င်းတို့၏ မတင့်တယ်သော ခန္ဓာကိုယ်တို့က လူတို့ မမြင်တွေ့စေရန် ကွယ်ပျောက်ထားနိုင်ကြသည်။ ပရလောကသားချင်း တူသော်လည်း ကမ္ဗဇိတ္တိရှိတာ





ချင်း မတူပြန်ပေ။

အချို့က သတ္တိစွမ်းအား ကြီးမားသည်။

အချို့က နည်းပါးကြသည်။

ဘီလူး၊ ယက္ခိုက်၊ ရက္ခစိုး စသော မျိုးနွယ်တို့မှာ ပြိတ္တာမျိုးနွယ်ဝင်များ ဖြစ်ကြသော်လည်း ကမ္ဗဇိတ္တိ အစွမ်းသတ္တိ ပိုမိုရရှိကြသည်။

ပြုခဲ့သော ကံအတိုင်း ပြိတ္တာဘဝသို့ ရောက်ရသော်လည်း တန်ခိုးသတ္တိ ရရှိပုံချင်းတော့ မတူကြပေ။

သို့ကြောင့် အစွမ်းသတ္တိများသောသူက နည်းသောသူကို နှိပ်စက်ခြင်း ပြုကြသည်။

သရဲချင်းတူသော်လည်း ကမ္ဗဇိတ္တိချင်း မတူပေ။

ထို့ကြောင့် ကမ္ဗဇိတ္တိနည်းသော သရဲငနက်ကျော် ထွက်ပြေးရခြင်း ဖြစ်ဟန်ရှိသည်။

"မင်းတို့ပြောတာ ဟုတ်တယ်၊ သာမန်သရဲဆိုရင်တော့ ဟိုဘက်အင်းက သရဲတာတေလာပြီး နှိပ်စက်တာနဲ့ ထွက်ပြေးရဦးမှာပဲ၊ ငါတို့က လူတွေဆိုတော့ ဘယ်သရဲက ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ ဘယ်သိနိုင်ပါ့မလဲ"

ဟု စဉ်းစားရကြပ်နေသော အသံမျိုးဖြင့် ညည်းတွားရေရွတ်လိုက်သည်။

"ကျွန်တော် တစ်ခုတော့ ပြောပါရစေ"

တင်ဖေဆိုသူက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ"

"ကျွန်တော်တို့ ပေါင်းဝရွာဘက်မှာ အတော်ကြမ်းတဲ့ သရဲမတစ်ကောင် ရှိတယ်လို့တော့ ပြောသံကြားမိတယ်"

တင်ဖေမှာ ပေါင်းဝရွာမှ လာရောက်အလုပ်လုပ်နေသူဖြစ်ပြီး သူနေသောရွာက မဝေးလှပေ။

"ဘယ်မှာ ရှိတာလဲ"

"သုသာန်မှာပဲနေတယ်၊ သူ့ကို သုသာန်စောင့် မဖဲဝါလို့ ခေါ်ကြတယ်"

ထိုစကားကိုတော့ ဦးမင်းဒင်ကိုယ်တိုင် စိတ်ဝင်စားသွားလေသည်။

"အေး. . နာမည်တော့ ကြားဖူးသားပဲ၊ ဒါပေမယ့် အင်းထဲခေါ်လို့ လာပါ့မလား၊ ငါ ကြားဖူးတာတော့ တချို့သရဲသဘက်တွေက သူ့နေရာနဲ့သူပဲ နေကြတယ် ဆိုလားပဲ"

"ကျွန်တော်တို့ရွာဘက်မှာ ဆရာတစ်ယောက်လည်း ရှိတယ်၊ သူက မဖဲဝါကို ခိုင်းစရာရှိရင် ခေါ်ခိုင်းလို့ ရတယ်လို့တော့ ပြောသံကြားတယ်"

"ဟန်ကျလိုက်ပလေ တင်ဖေရယ်၊ မဖဲဝါဆိုတာ ငါတို့ လူပျိုလောက်ကတည်းက ကြားဖူးတဲ့ နာမည်ပဲ. .၊ သူက သုသာန်ပဲစောင့်တယ်၊ တခြားနေရာရော လာပါ့မလား"

"အဲဒါတော့ ဆရာနဲ့တွေ့တော့မှ ဆရာကြီး မေးကြည့်ပေါ့၊ ဆရာ့ကို ငွေအသင့်အတင့် ပေးလိုက်ရင်တော့





သူဆောင်ရွက်ပေးမှာပါ"

ဦးမင်းဒင်ကတော့ ထိုစကားကို ကြားကတည်းက အတော်ပင် စိတ်အားတက်ကြွနေလေတော့သည်။

ယခု နွေရာသီတွင် အင်းထဲ၌ အစောင့်မရှိသော်လည်း အရေးမကြီးလှသေးပေ။

အင်းရာသီအစဖြစ်သော မိုးဦးကျရာသီမှ စပြီး ငါးပုဇွန်ပေါများသော တစ်ရာသီလုံး အင်းထဲတွင် အစောင့်မရှိ၍ မဖြစ်တော့ပေ။ လူအစောင့်များအပြင် သရဲသဘက်အစောင့်များပါ ထားကြရသည်။

အင်းဆိုသည်မှာ ကျယ်ဝန်းသောနေရာများ ဖြစ်သဖြင့် လူများချည်းစောင့်၍ မလုံလောက်ပေ။ လူမသွားနိုင်သော ညအချိန်များတွင် သရဲသဘက်များက စောင့်ပေးကြရသည်။ ခြောက်တန်ခြောက်၊ လှန့်တန်လှန့်၊ သတ်တန်လျှင်လည်း သတ်ဖြတ်ကြရသည်။

သို့ကြောင့် အင်းတစ်အင်း၌ သရဲအစောင့်ကတော့ လိုပေသည်။ ယခု အင်းစောင့်သရဲ ငနက်ကျော် မရှိတော့သည့်အခါ ပေါင်းဝသုသာန်မှ မဖဲဝါထံသွားရန် ကြံစည်စိတ်ကူးနေကြခြင်းပင် ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၇)

# သုသာန်စောင့်မိစ္ဆာ မဖဲဝါ

ပေါင်းဝရှာရှိသောနေရာမှာ မိုးယွန်းကြီးအင်းရှိသော နေရာနှင့်တော့ မဝေးလှပေ။ထိုနေရာတစ်ကြောမှာရှိကြ သည့် ရွာများမှာ အင်းအစပ်နှင့် မဝေးလှဘဲရှိကြရာ တစ်နေ ရာမှတစ်နေရာ သွားလာကြရာတွင် ရေမရှိသောအခါ ကုန်း လမ်းမှသွားကြရပြီး ရေများသော အခါများမှာတော့ လှေ ငယ်များအသုံးပြုကာ လှော်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ပေါင်းဝရွာသို့ လူတစ်စု ရောက်လာလေသည်။ ဦးဆောင်လာသူမှာ ရွာခံတစ်ဦးဖြစ်သော တင်ဖေဖြစ်လေသည်။ ၎င်းနောက်မှာတော့ မိုးယွန်းကြီး အင်းသူကြီး ဦးမင်းဒင်နှင့် လူအချို့ ပါလာကြသည်။

ပေါင်းဝရွာမှာလည်း စည်ကားသော ရွာတစ်ရွာဖြစ်ပြီး ရွာတန်းရှည်ကြီး ဖြစ်သည်။

တောရွာတို့ ထုံးစံအတိုင်း အလယ်တွင် မြေသားတာလမ်းဖောက်ထားပြီး တဖက်တချက်တွင် မျက်နှာချင်းဆိုင် အိမ်များ ဆောက်လုပ်ကာ နေထိုင်ကြလေသည်။

ကွမ်းသီးပင်၊ အုန်းပင်၊ သရက်ပင်စသော သီးပင်များက အိမ်တိုင်းမှာ စိုက်ပျိုးထားကြသောကြောင့် အပင်ချင်းယှက်ကာ တစ်ရွာလုံး အုံ့အုံ့ဆိုင်းဆိုင်း ရှိလေသည်။

ကျေးရွာတစ်ရွာ၏ သက်တမ်းကို သိလိုလျှင် ထိုရွာမှာ စိုက်ပျိုးထားသော သစ်ပင်ကြီးများကို ကြည့်ပါက သိနိုင်သကဲ့သို့ သက်တမ်းရင့်လှသော အပင်ကြီးများကို ကြည့်ရုံနှင့် သက်တမ်းကြာမြင့်လှပြီဖြစ်သော ရွာတစ်ရွာ ဖြစ်သည်ကို သိနိုင်ကြလေသည်။

တင်ဖေက ၎င်း၏ အလုပ်ရှင်ဖြစ်သော ဦးမင်းဒင်တို့ကို ရွာအစွန်ဘက်မှာရှိသော အိမ်တစ်လုံးသို့ ခေါ်သွားလေသည်။

အိမ်ဟုသာ ဆိုသော်လည်း ဖြစ်သလို ဆောက်ထား





သော တဲကြီးတစ်လုံးပင် ဖြစ်၏။

"ဗျို့.. ဆရာ ဇာဂရ ရှိသလားဗျ"

တဲပေါက်ဝရောက်တော့ တင်ဖေက အသံပြုလိုက်သည်။

"ရှိတယ်ဟေ့၊ ဘယ်သူတွေလဲ"

"ကျွန်တော် တင်ဖေပါဗျ"

"ဝင်ခဲ့လေကွာ၊ ဘာကိစ္စရှိလို့လဲ"

ဟု ပြောသဖြင့် တဲအတွင်း ဝင်သွားကြလေသည်။

တဲအတွင်းမှာတော့ တစ်ဝက်ကို မြေသားအတိုင်းထားပြီး ကျန်တစ်ဝက်ကိုတော့ လူနေရန် စင်သဘောမျိုး ထိုးထားသည်။

တဲအတွင်းမှာ လူတစ်ယောက် ထိုင်နေသည်။

ဇာဂရပင် ဖြစ်သည်။

အသက်(၅၀)ကျော်ခန့်ရှိပြီး အညိုရောင် အဝတ်များ ဝတ်ထားသည်။

ဦးခေါင်းပေါ်မှာ သျှောင်ထုံးငယ်တစ်ခု ထုံးထားပြီး ပုဝါဟောင်းတစ်ထည်ဖြင့် ပတ်ပေါင်းထားသည်။

ကွမ်းမပြတ်ဝါးနေကာ တဲအတွင်း နေရာအနှံ့တွင် ကွမ်းတံတွေးများ၊ တဲတိုင်များမှာလည်း လက်ဖြင့်သုပ်ထားသော ထုံးများက နေရာအနှံ့ ရှိနေကြလေသည်။

ဦးမင်းဒင်တို့ကတော့ ကွပ်ပျစ်များပေါ်မှာ ဝင်ထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တင်ဖေက ဦးမင်းဒင်အကြောင်းကို ပြောပြပြီး သူတို့လာသော အကြောင်းကိစ္စကိုပါ ပြောပြလိုက်သည်။

ဇာဂရက ကွမ်းမပြတ်ဝါးနေရင်းမှ နားထောင်နေသည်။ စကားဆုံးတော့မှ . . .

"အင်းတဲမှာစောင့်ဖို့ အင်းစောင့်သရဲ လိုချင်တယ်ဆိုရင်တော့ လွယ်ပါတယ်၊ သရဲသဘက် ပြိတ္တာကောင်တွေက ပေါများလွန်းလို့ နေစရာတောင် မရှိကြဘူး၊ မမြင်ရလို့သာ မြင်သာမြင်ရရင် သစ်ပင်တွေမှာရော ချုံတွေပေါ်မှာရော နေရာလွတ်တောင် မရှိကြဘူး"

ဟုပြောသည်။

"ကျုပ်တို့က သာမန် သရဲသဘက်မျိုးဆိုရင် မဖြစ်ဘူး၊ ဟိုဘက် အင်းစောင့်သရဲ နှိပ်စက်တာနဲ့ ပြေးရဦးမှာပဲ၊ ဒါကြောင့် ဒီနေရာကို တကူးတက လာခဲ့ကြတာပဲ"

ဦးမင်းဒင် စကားကြောင့် ဇာဂရက တစ်ချက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်လိုသရဲမျိုး လိုချင်တာလဲ"

"မဖဲဝါကို ခေါ်ချင်လို့ လာကြတာ"

"သုသာန်စောင့် မဖဲဝါက ကြမ်းတယ်၊ သူ့ကို ခေါ်လို့ရမယ် မထင်ဘူး၊ ရရင်လည်း သူကကြမ်းတော့ သူနှိပ်စက်တဲ့ဒဏ်ကို ခင်ဗျားတို့ ခံနိုင်မယ် မထင်ဘူး"





"ကျုပ်က အဲသည်လို ကြမ်းတဲ့သရဲမျိုးမှ ကြိုက်တယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို အင်းထဲကို ခေါ်သွားချင်တယ်၊ ခင်ဗျားရအောင်ဆောင်ရွက်ပေးပါ၊ ခင်ဗျားအတွက် ငွေပေးပါ့မယ်"

ဟုပြောပြီး လွယ်အိတ်ကို ပုတ်ပြလေသည်။

ဇာဂရကလည်း ငွေမမြင်ရသေးသော်လည်း ငွေပေးမည်ဆိုသဖြင့် စိတ်ဝင်စားသွားသော အမူအရာဖြင့် ဦးမင်းဒင်လွယ်ထားသော လွယ်အိတ်ကို တစ်ချက်ကြည့်ကာ သက်ပြင်းချလိုက်သည်။

"ကျုပ်ပြောတာက ဒီလိုပါ၊ တခြား သရဲသဘက်တွေဆိုရင် နေစရာလည်းပေးမယ်၊ စားစရာလည်းကျွေးမယ်ဆိုလို့ကတော့ ကြိုက်သလောက် ခေါ်သွားလို့ရတယ်။ မဖဲဝါကအဲဒီလိုမဟုတ်ဘူးဗျ၊ သူက တခြားနေရာတွေမှာမနေချင်ဘူး၊ သုသာန်မှာပဲ နေချင်တာ များတယ်"

"ဒါထက်မေးပါရစေဦး၊ မဖဲဝါဆိုတာ ဒီသရဲမ တစ်ကောင်ပဲ ရှိတာလား"

"သုသာန်မှာနေကြတဲ့ သရဲတွေကိုတော့ မဖဲဝါလို့ခေါ်ကြတာများပါတယ်၊ တချို့ကျတော့လည်း သုသာန်မှာနေတဲ့သရဲကို သုသာန်စောင့်တဲ့ သရဲလို့ ထင်ကြပြီး၊ မိန်းမသရဲဆိုရင်လည်း မဖဲဝါလို့ချည်း ထင်နေတာကိုး . . ."

"ဒီမှာရှိတဲ့ မဖဲဝါကရော . . ."

"သူကတော့ ပေါင်းဝသုသာန်မှာ ရောက်နေတာ အ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာပါပြီ၊ ပြောရရင်တော့ ကမ္ဘာဇိတ္တိလည်း အတော်ရှိတယ်”

“ကျုပ်တို့ သူ့ကို ခေါ်သွားချင်တယ်၊ ခင်ဗျား လုပ်ပေးနိုင်မလား”

ဦးမင်းဒင်က စကားကို လိုရင်းဖြတ်ပြောလိုက်သည်။

“ဒါက ကျုပ် သဘောနဲ့ လုပ်ပေးလို့မရဘူး၊ ခင်ဗျားတို့ ဆန္ဒရှိရင် သူ့ကိုခေါ်ပြီး မေးပေးမယ်၊ သူသဘောတူတော့လည်း ခေါ်သွားပေါ့၊ သဘောမတူတော့လည်း နေပေါ့”

ဟုပြောပြီး ပါးစပ်တွင်းမှ ကွမ်းတံတွေးကို ထွေးထုတ်လိုက်သည်။

“ဒါဖြင့် ဘယ်တော့တွေ့ရမလဲ”

“အခုခေါ်လို့မရဘူး. . .၊ ညဘက်ရောက်တော့မှ သုသာန်သွားပြီး တွေ့ရမယ်”

ထိုစကားကြားတော့ ဦးမင်းဒင်မှာ တစ်ချက်တွန့်သွားလေသည်။

“ညအချိန်မတော် သုသာန်သွားရမှာဆိုတော့ ဖြစ်ပါ့မလား”

“သုသာန်မှာနေခဲ့တဲ့သရဲကို တွေ့ချင်ရင်တော့ သူနေတဲ့သုသာန်ကို သွားရမှာပဲ. . .၊ သရဲမွေးချင်တဲ့သူက သရဲကြောက်လို့လား”

“မကြောက်ပါဘူး၊ သွားဆိုတော့လည်း သွားရုံပေါ့”





ဟု ပြန်ပြောလိုက်သည်။

ထို့နောက် နေ့လည်ဘက်တွင် ဧည့်သည်များ စားသောက်ရန် ထမင်း၊ ဟင်း၊ အရက် စသည်တို့ကိုတော့ ရွာခံဖြစ်သော တင်ဖေကပင် စီစဉ်ဆောင်ရွက်ပေးလေသည်။

နေ့ဘက်အချိန် ထမင်းစားသောက်ပြီးတော့ ထိုတဲမှာပင် တရေးတမော အိပ်ကြသေးသည်။

ညနေစောင်းတော့မှ ပြန်နိုးလာကြရာ ထိုအချိန်တွင် ဇာဂရက သုသာန်သွားသောအခါ ယူသွားမည့်ပစ္စည်းများကို ပြင်ဆင်ထားပြီးနှင့်ပေပြီ။

အခြားတော့မဟုတ်ပေ။

အမဲသားအစိမ်းများကို အနေတော်တုံးထားပြီး အခြား သားစိမ်းငါးစိမ်းများပင်ဖြစ်သည်။

နေဝင်ရီတရော အချိန်ရောက်တော့ သုသာန်သို့ သွားကြလေသည်။ ဇာဂရအပါအဝင် ငါးယောက်ဖြစ်သည်။

ပေါင်းဝသုသာန်မှာ ရွာအနောက်ဘက် အတော်ဝေးသောနေရာတွင်ရှိသည်။

ထိုနေရာတွင် သစ်တောအုပ်များ ရှိသည်။

ချောင်းရိုးတစ်ခုလည်း ရှိသည်။

ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သလို. . နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အထိကရသစ်ပင်ကြီးများလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သစ်ပင်ကြီးများမှာ အရွက်မရှိတော့ဘဲ အရိုးပြိုင်းပြိုင်းကျနေပေရာ. . . အဝေးမှလှမ်းကြည့်သောအခါ မကောင်းဆိုးဝါးကြီးများ ရပ်နေသည်နှင့်ပင် တူ၏။

သုသာန်ထဲမှာလည်း ရှေးအစဉ်အဆက်ကပင် ပြုလုပ်ထားခဲ့သော အုတ်ဂူအတော်များများရှိကြသည်။

အချို့လည်း ထုံးရောင်အမျိုးမျိုး သုတ်ထားကြပြီး အချို့ ရေညှိများတက်နေပြီး ဆေးမသုတ်ထားကြသဖြင့် အမည်းရောင်အတိုင်းပင် ရှိနေကြသည်။

အတော်များများကတော့ မြေမြှုပ်သင်္ဂြိုဟ်ခြင်း ပြုလုပ်ကြရာ နေရာအတော်များများတွင် မြေပုံများ၊ မှတ်တိုင်များ ရှိကြလေသည်။

သုသာန်သို့ရောက်သောအခါ ချောင်းစပ်နှင့် မနီးမဝေးမှာရှိသော ဇရပ်ရှိရာသို့ သွားကြသည်။

၎င်းတို့ထံမှာ မီးထွန်းရန် မပါကြသော်လည်း ဇာဂရထံမှာတော့ ရေနံဆီမီးအိမ်ဟောင်းတစ်လုံး ပါလာသည်။

ဇရပ်နားရောက်တော့ ထိုမီးအိမ်ကို သစ်သားမီးခြစ်ဖြင့် မီးထွန်းလိုက်ရာ အတော်အသင့် မြင်သာသော အခြေအနေ ရကြသည်။ ထိုမီးရောင်ကိုပင် အသုံးပြုကာ ဇရပ်ရှိရာသို့ သွားကြသည်။

ဇရပ်မှာ အတော်ပင်ကြီးသည်။

ကျွန်းသားတိုင်ကြီးများဖြင့် ဆောက်ထားကာ သွပ်ချပ်များ မိုးထားသော်လည်း နှစ်ပရိစ္ဆေကြာမြင့်ခဲ့ပြီးသောကြောင့် ပြိုကျပျက်စီးနေချေပြီ။ သံကွာနေသော သွပ်မိုးချပ်တို့မှာ လေတိုက်သည့်အခါ တဗျမ်းဗျမ်းဖြင့် အသံမြည်သော တိတ်ဆိတ်သောအချိန် ဖြစ်သောကြောင့် အတော်ပင် ပူလောင်လှသည်။

ဇရပ်ကြမ်းခင်းကိုတော့ အုတ်၊ အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသည်။

ခေါင်းရင်းဘက်တွင် အလောင်းကို သရဏဂုံတင်ပေးသော ဘုန်းကြီးများ ထိုင်သောနေရာကို မြှင့်ထားပြီး အလောင်းတင်သောနေရာကိုလည်း ထိုရှေ့မှာပင် သီးခြားပြုလုပ်ထားလေသည်။

ထိုနေရာရောက်တော့ ဇာဂရက ပြောသည်။

"ကြောက်တတ်ကြရင် ကျုပ်နောက်ဘက်မှာပဲနေကြ ကျွေးမွေးရင်တော့ သုသာန်မှာရှိတဲ့ မကျွတ်မလွတ်သေးတဲ့ တစ္ဆေသရဲတွေ လာကြမှာပဲ"

ဟု ပြောသဖြင့် ဦးမင်းဒင် အပါအဝင် အားလုံး ဇာဂရနောက်ဘက်မှာ ဝင်နေကြသည်။

ဦးမင်းဒင်မှာ သရဲသဘက်များကို မကြာခဏ မြင်တွေ့ဖူးသဖြင့် စိတ်ခိုင်လှပြီဟု ထင်သော်လည်း ယခုလို မှောင်မည်းနေသော အချိန်တွင် သုသာန်မှဇရပ်ပေါ်တွင် ရောက်နေသောအခါ ကြောက်သလို၊ စိုးရိမ်စိတ်ဝင်လာသလို ဖြစ်နေ







www.burmeseclassic.com

www.burmeseclassic.com



သည်။

ဇာဂရက မီးအိမ်ကို တစ်နေရာမှာတင်ထားပြီး နောက် အသင့်ယူဆောင်လာသော အသားတုံး၊ ငါးတုံးများ ကို ဇရပ်အပြင်ဘက်သို့ ပစ်ပေးနေသည်။

ဇရပ်ပေါ်မှာ ထွန်းထားသော မီးရောင်က ဇရပ်အ ပြင်ဘက်သို့ မရောက်သဖြင့် မှောင်နေသည်။

ထိုအမှောင်ထဲမှာပင် ပုံပန်းသဏ္ဌာန်အမျိုးမျိုး ရှိကြ သော သရဲတစ္ဆေများရောက်လာပြီးနောက် ဇာဂရပစ်ကျွေး သော အသားတုံး၊ ငါးတုံးများကို အလုအယက် ကောက်ယူ စားသောက်နေကြသည်။

အကောင်ကြီးများက နိုင်ထက်စီးနင်း လုယူကြသလို အကောင်အရွယ်အစားသေးသော မှင်စာတို့ကလည်း ရ သည့်နည်းနှင့် လုယက်ကာ စားသောက်ကြရလေသည်။

အချို့ကလည်း အမှောင်ထဲမှ နီရဲနေသော မျက်လုံး ပြူးကြီးများဖြင့် အစာကျွေးနေသူကို လှမ်းကြည့်နေကြသည်။

အချို့ကလည်း အာသာငမ်းငမ်း လျှာတရမ်းရမ်းဖြစ် ကာ ဇာဂရထံမှ အသားငါးများကို စောင့်မျှော်နေကြသည်။

မည်သို့ပင်ရှိစေ..

ဇရပ်အောက်မှာ ရောက်နေကြသော သရဲတစ္ဆေတို့ မှာ ဇရပ်ပေါ်တော့ တက်မလာဝံ့ကြပေ။

ခဏကြာတော့ ဇရပ်အနောက်ဘက်မှာရှိသော ပျဉ်း





မပင်ကြီး တစ်ပင်ပေါ်မှ 'ဟေး'ဟု အော်လိုက်သည့် အသံကြီး ကို အားလုံးကြားလိုက်ကြရသည်။

ထိုအသံ ကြားရသည်နှင့် ဇရပ်အောက်မှာ ရှိနေကြ သော သရဲတစ္ဆေတို့မှာ ချက်ချင်းဆိုသလို ကြက်ပျောက်ငှက် ပျောက် ပျောက်သွားကြလေတော့သည်။

ဇရပ်ပေါ်မှာ ရှိနေကြသည့် ဦးမင်းဒင်တို့မှာ အသံ ကြားလိုက်ရသော ပျဉ်းမပင်ကြီး ရှိရာသို့ လှမ်းကြည့်လိုက်ကြ သည်။

ပျဉ်းမပင်ကြီး ရှိသောနေရာမှာ ဇရပ်ရှိသောနေရာ နှင့် မဝေးလှသဖြင့် ဝိုးတဝါး လှမ်းမြင်ကြရသည်။

သူတို့ လှမ်းကြည့်နေသော အချိန်မှာပင် ထိုသစ် ပင်ပေါ်မှ နောက်ထပ် အသံနက်ကြီး ကြားရပြန်သည်။

"ဟေး.."

ထိုအသံကြားတော့ ဇာဂရက ပြောသည်။

"မဖဲဝါ လာတော့မယ်"

ထိုသို့ပြောသဖြင့် အားလုံး အသက်ရှူရန်ပင် မေ့နေ ကြကာ အော်သံကြားသောနေရာဘက်သို့ လှမ်းကြည့်နေကြ သည်။

ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှ ခြေတစ်ဖက်ဖြင့် အောက်သို့ ဆင်းလာသည်။

ထိုခြေတစ်ဖက်ကပင် ကျွန်းပင်တစ်ပင်ခန့် အရွယ်အ



www.burmeseclassic.com

www.burmeseclassic.com



စားကြီးသည်။

ကြည့်နေရင်းမှာပင် နောက်ထပ် ခြေထောက်တစ်ဖက်ပါ အောက်သို့ရောက်လာပြီးနောက် မည်းမည်းသဏ္ဍာန်ကြီး သစ်ပင်အောက် ရောက်လာသည်။

ထန်းပင်တစ်ပင်လို မြင့်သောကြောင့် အရပ်က သူ ဆင်းလာသော ပျဉ်းမပင်လောက် မြင့်နေသည်။

မိန်းမတစ်ယောက်၏ ပုံပန်းသဏ္ဍာန်ပင်ဖြစ်ပြီး ဆံပင်များကို နောက်ဖက်တွင် ချထားသည်။

ဦးမင်းဒင် စိတ်ထဲမှာတော့. . .

"ဒီလောက်ကြီးတဲ့ သရဲမသာ ငါ့အင်းမှာ လာစောင့်ပေးရင်. . လူမပြောနဲ့ ဘယ်သရဲသဘက်မှ အနားသီဝံ့မှာမဟုတ်ဘူး"

ဟု လောဘစိတ်ဖြင့် တွေးနေလေသည်။

နောက်တော့ သစ်ပင်အောက်မှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးက ခြေတစ်လှမ်းတည်းဖြင့် လှမ်းလိုက်ရာ ဇရပ်ရှိသော နေရာသို့ ရောက်လာလေသည်။

ဇရပ်နံဘေး ရောက်လာတော့ စောစောက မြင်ရသော သဏ္ဍာန်ကြီး မဟုတ်တော့ပဲ သာမန်မိန်းကလေးတစ်ယောက် အရွယ်အစားမျိုး ဖြစ်နေသည်။

ဆံပင်ကို ဖားလျားချထားပြီး အင်္ကျီလုံချည်တို့ကို ဖြစ်သလို ဝတ်ထားလေသည်။





ဇာဂရက အမဲသားတုံးများကို တစ်တုံးပြီးတစ်တုံး ပစ်ပေးရာ မြေမကျအောင် ဖမ်းယူပြီး စားနေသည်။

"မဖဲဝါ နင့်ကို နေစရာလည်း ပေးမယ်၊ စားစရာလည်း ကျွေးမယ်၊ လိုက်နေမလား"

"ဘယ်နေရာလဲ"

"မိုးယွန်းကြီးအင်းမှာ စောင့်ပေးရမှာ ငါတို့နေရာနဲ့ တစပ်တည်းပဲ"

ဘာမှပြန်မပြောပဲ အမဲသားများကိုသာ ပလုပ်ပလောင်း စားနေသည်။

"နေမှာလား"

ဇာဂရက ထပ်မေးသည်။

"ငါ့ကို အစာကျွေးရင်နေမယ်၊ အကြာကြီးတော့ မနေဘူး၊ ငါက သုသာန်မှာပဲ နေချင်တယ်"

"နင် နေချင်သလောက်သာ နေပါ၊ နေရင် ပြီးတာပဲ"

ဟု ပြောသောအခါ ဘာမှပြန်မပြောပဲ ဆောင့်ကြောင့်ထိုင်ပြီး အမဲသားများ စားနေပြန်သည်။

ဇာဂရက ရှိသမျှ အသားတုံး ငါးတုံးများကို အားလုံး ပစ်ပေးလိုက်ပြီးနောက် ဦးမင်းဒင်ဘက်သို့ လှည့်ပြောလေသည်။

"ခင်ဗျားတို့ သူ့ကိုခေါ်သွားလို့ရပြီ၊ ခေါ်ရင်လည်း အခု ညတွင်းချင်းပဲ ခေါ်သွားမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်တော့ ဘာတွေလုပ်ပေးရမလဲ"

"ခင်ဗျားပိုင်တဲ့အင်းထဲမှာ ထားချင်တဲ့နေရာ ထားလို့ရတယ်၊ တစ်ခုတော့ရှိတယ် အစာကျွေးဖို့တော့ မမေ့နဲ့နော်၊ တကယ်လို့ မေ့နေရင် သူလာပြီး သတိပေးလိမ့်မယ်၊ သတိပေးလို့မှ မရရင် ခင်ဗျားတို့ကို ပြန်ပြီး ဒုက္ခပေးလိမ့်မယ်"

ထိုစကားကြားတော့ ဦးမင်းဒင်စိတ်ထဲမှာ စိုးရိမ်စိတ်တော့ နည်းနည်းဝင်သွားလေသည်။

"ရပါတယ် သူလိုက်လာရင် ပြီးတာပဲ"

"အကြောင်းရှိတော့လည်း ကျုပ်ကို လာပြောပေါ့၊ မဖဲဝါက ကျုပ်စကားတော့ နားထောင်ပါတယ်"

ဟု ပြောလေသည်။

ထို့နောက် ဦးမင်းဒင်က လွယ်အိတ်ထဲမှ ငွေအချို့ကို ထုတ်ပြီး ဇာဂရအား ပေးလိုက်သည်။

"ကဲ လူသူမနီးခင် ပြန်ကြပေတော့"

ဟု ပြောသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ဇရပ်ပေါ်မှ ဆင်းကြရလေသည်။

"ကိုင်း မဖဲဝါရေ၊ နင် သုသာန်မှာနေရတော့ စားရတစ်လှည့် မစားရတစ်လှည့်နဲ့ ဒုက္ခများတယ်၊ သူတို့ဆီမှာနေပြီး သူတို့ခိုင်းတာလုပ်ပေးရင် မှန်မှန်စားရမယ်၊ သူတို့ နောက်ကသာ လိုက်သွားပေတော့"

ဟု ပြောပြီးနောက် ဦးမင်းဒင်ကိုလည်း ထိုနေရာမှ





ပြန်ထွက်ခဲ့ကြလေသည်။

သူတို့ ထွက်လာပြီးနောက် အတော်ကြာသောအခါ နောက်ဘက်မှ အသံမကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ မနီးမဝေးနေရာမှ လိုက်လာသော သင်္ချိုင်းတစ်ခုကို မြင်ရတော့မှ စိတ်အေးသွားကာ ဆက်လျှောက်လာကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၈)

# စည်းကျော်သူများအတွက် လျော်ကြေး

နောက်တစ်နှစ် အင်းရာသီသို့ ရောက်သောအခါမှာတော့ အခြေအနေများက တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားပေတော့သည်။

ယခင်နှစ်များကကျတ်ကုန်းရွာဘက်မှာ ရှိသောအင်းက အခြေအနေကောင်းသည်။ အင်းအနေအထားချင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မိုးယွန်းကြီးအင်းကကြီးပြီး၊ ကျတ်ကုန်းအင်းက ကျဉ်းသည်။ မိုးယွန်းကြီးအင်း၏ လေးပုံတစ်ပုံခန့်သာ ရှိသည်။

သို့သော် ငါးအထွက်ကျတော့ မတိမ်းမယိမ်းပင်ရကြလေသည်။

အင်းများမှာ အင်းစောင့်သရဲများ ထားကြသော်လည်း ကျတ်ကုန်းအင်းစောင့်သရဲက ပိုကြမ်းသောကြောင့် ဟိုဘက်အင်းမှ လူများက ဒီဘက်အင်းသို့ ငါးမခိုးဝံ့ကြပေ။

ကျတ်ကုန်းအင်းဘက်မှ အလုပ်သမားများကတော့ လစ်လျှင်လစ်သလို ဟိုဘက်အင်းထဲသို့ ဝင်ပြီး ငါးခိုးဖမ်းကြသည်။ ဟိုဘက်အင်းမှာရှိသော သရဲနက်ကျော်က ခြောက်လှန့်သော်လည်း မရပေ။

သရဲနက်ကျော်လာလျှင် ဒီဘက်အင်းမှ အင်းစောင့်သရဲတာတေက လိုက်လံရိုက်ပုတ်လျှင် ထွက်ပြေးရသည်ကများလေသည်။

သို့ကြောင့် ငါးဖမ်းသူတို့မှာ သရဲအနှောင့်အယှက်မရှိသောကြောင့် စိတ်တိုင်းကျပင် ငါးဖမ်းယူ၍ ရကြလေသည်။

ဒီနှစ်ရာသီရောက်တော့ အခြေအနေက ပြောင်းသွားလေသည်။

ဒီဘက်အင်းမှ လူများ ဟိုဘက်အင်းထဲဝင်ပြီး ငါးဖမ်းလျှင် မဖဲဝါ၏လက်ချက်ဖြင့် ပြေးကြရသည်။





အချို့ အသက်သေသည်အထိ ရှိလာသည်။

ထိုအကြောင်းကို ဦးမိုးညိုသိတော့ သူမွေးထားသော သရဲတာတေကို လွှတ်သည်။ သရဲတာတေလည်း ပြန်ပြေးလာရသည်။

သို့ကြောင့် ဒီဘက်အင်းမှ လူများက ဟိုဘက်အင်းထဲ ဝင်၍မရတော့ဘဲ ဟိုဘက်အင်းမှလူများကသာ ဒီဘက်အင်းထဲသို့ စိတ်ကြိုက်ဝင်ပြီး ငါးဖမ်းကြသည်။

အင်းများကကျယ်သောကြောင့် ညအချိန်ရောက်လျှင် ငါးခိုးသူများကို တွေ့အောင်ရှာဖွေဖို့ရန် မလွယ်လှပေ။

ထို့ထက်ပိုဆိုးသည်က အင်းထဲသို့ လှည့်လည်နေသူတို့မှာ ဟိုဘက်အင်းစပ် ရောက်သည်နှင့် အင်းစောင့်မဖဲဝါ ခြောက်လှန့်သဖြင့် ပြန်ပြေးကြသည်။

တစ်ခါက အင်းစပ်သို့ရောက်သောအခါ နောက်ဘက်မှ ခြေသံ၊ ရေသံ ကြားရသဖြင့် လှည့်ကြည့်သောအခါ ထန်းပင်ခန့် အရပ်မြင့်ပြီး၊ ဆံပင်ဖားလျားချထားသော သရဲမကို တွေ့ကြရသဖြင့် နောက်ကြောင်းသို့ ပြန်လှော်ပြေးကြသည်။

သို့သော် ခြေလှမ်းကျဲကြီးဖြင့် လိုက်လာသောကြောင့် မလွတ်တော့ပေ။ အနားသို့ရောက်တော့ လှေကိုခွပြီးရပ်ထားရာ လှော်ပြေး၍ မရတော့ပေ။

အရပ်အမောင်းက မြင့်လှသောကြောင့် ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချောင်းကြားထဲသို့ ရောက်နေသောလှေမှာ. . ထန်းပင်နှစ်ပင်ကြားသို့ ရောက်နေသကဲ့သို့ ရှိလေသည်။

လှေသမားတို့မှာ လှေလှော်ပြေး၍ မရတော့သဖြင့် ရေထဲဆင်းပြေးကြရလေသည်။

ခါတိုင်း ထိုကဲ့သို့သော အန္တရာယ်၊ အနှောင့်အယှက်မျိုးနှင့် တွေ့ကြုံရလျှင် အင်းစောင့်သရဲတာတေ ရောက်လာပြီး အကူအညီ ပေးလေ့ရှိသည်။

ယခု အစအနပင် မတွေ့ရပေ. . ။

ထိုအကြောင်းကို ဦးမိုးညိုသိသောအခါ ဒေါသူပုန်ထကာ ဆူပူကြိမ်းမောင်းလေသည်။

"မင်းတို့ အသုံးမကျတဲ့သူတွေပဲ၊ အင်းထဲမှာ အလုပ်လုပ်နေကြပြီး သရဲနဲ့တွေ့လို့ လှေပါထားခဲ့ပြီး ထွက်ပြေးရတယ်လို့ကွာ. .'

"အခုတွေ့တဲ့ သရဲမက အရင်တွေ့တဲ့ သရဲတွေနဲ့ မတူဘူး ဆရာကြီး"

"ဘယ်လို သရဲမို့လဲ"

အလုပ်သမားများက သူတို့ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောလိုက်ကြလေသည်။

"မင်းတို့ သရဲခြောက်ခံနေရတဲ့ အချိန်မှာ ငါတို့အင်းက သရဲတာတွေ မလာဘူးလား"

"မလာဘူး ဆရာကြီး"





ထို့ကြောင့် ဦးမိုးညိုမှာ အတော်ပင် ဒေါပွသွားလေသည်။

ညအချိန်ရောက်သောအခါ အမဲသားငါးများ ထည့်ထားသော အိုးကိုယူပြီး အင်းတဲအနောက်ဘက်၌ရှိသော လက်ပံပင်ရှိရာသို့ သွားလေသည်။

ထိုနေရာရောက်သည်အထိ သရဲတာတေ၏ အရိပ်အရောင်ကို မတွေ့ရသဖြင့် ဒန်အိုးကို ယောင်းမဖြင့် ခေါက်လိုက်သည်။

"ဒေါင်. . ဒေါင်. . ဒေါင်"

နှစ်ကြိမ်သုံးကြိမ်ခေါက်တော့မှ သစ်ပင်ခွကြားက ဆင်းလာသည်။

"ဘာဖြစ်နေတာလဲ တာတေ"

". . . . . . . . ."

"ဘာ. . ဟိုဘက်အင်းက သရဲမ ထုထောင်းရိုက်နှက်ထားတာခံရလို့ ကြောက်နေတယ် ဟုတ်လား"

". . . . . . . ."

"သရဲချင်းကိုတောင် မင်းက ကြောက်နေရသလား"

". . . . . . . ."

"သူက မင်းထက်ပိုပြီး စွမ်းအားရှိလို့ မင်းမနိုင်တော့ရင် ငါက နောက်ထပ်သရဲတစ်ကောင် ရှာရမှာပေါ့ကွာ"

ဟုပြောပြီး အမဲသားငါးများ ထည့်ထားသောဒန်အိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုနေရာမှာပင် ချထားပေးခဲ့ပြီး အိမ်ပြန်လာခဲ့လေသည်။

အိမ်ပြန်ရောက်တော့ အစ်မဖြစ်သူ ဒေါ်မင်းဇာနှင့် သမီးဖြစ်သူ မြလေးညိုတို့ကိုခေါ်ပြီး ထိုအကြောင်းများကို ပြောပြလိုက်သည်။

“အရင်က ဟိုဘက်အင်းစောင့်သရဲကို ဒီဘက် အင်းစောင့်သရဲက နိုင်ရတယ်၊ အခု ဟိုဘက်အင်းမှာ မဖဲဝါဆိုတဲ့ သရဲမတစ်ကောင် ရောက်နေတယ်၊ သူ ရောက်နေပြီးကတည်းက ဒီဘက်အင်းက သရဲတာတေတောင် နှိပ်စက်ခံနေရလို့ ဟိုဘက်အင်းစပ်တောင် မသွားဝံ့တော့ဘူး”

ဒေါ်မင်းဇာကတော့ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိဖွာနေရင်းနှင့် နားထောင်နေသည်။

အစကတည်းက ဒေါသကြီးတတ်သော မြလေးညိုကတော့ စိတ်ထဲမှာ မခံချင်ဖြစ်နေသည်။

“အခုဆိုရင် ဒီဘက်အင်းက လူတွေက ဟိုဘက်အင်းစပ်တောင် မသွားဝံ့ကြတော့ ဟိုဘက်အင်းက လူတွေက ထင်တိုင်းကြဲပြီး လုပ်ချင်တိုင်း လုပ်နေကြတယ်”

“သရဲတာတေ မသွားဝံ့တာထားပါဦး၊ ဒီဘက်ကအလုပ်သမားတွေက သွားမကြည့်ကြဘူးလား”

ဒေါ်မင်းဇာက ဝင်ပြောသည်။

“အလုပ်သမားတေါက နေ့ဘက်တော့ သွားဝံ့တယ်၊ ညအချိန်သွားရင် ဟိုဘက်အင်းက ခြောက်လှန့်လွှတ်လို့ .





မသွားမလာဝံ့အောင် ဖြစ်နေကြတယ်၊ ဟိုတလောက အကြောက်လွန်ပြီး တစ်ယောက် သေသွားတယ်၊ ရိုးရိုးရောဂါနဲ့ သေတာလို့ သတင်းလွှင့်ထားရတယ်”

ဦးမိုးညိုက စိတ်ပျက်လက်ပျက်ဖြစ်နေသော အမူအယာမျိုးဖြင့် ပြောပြသည်။

ဒေါ်မင်းဇာက သောက်လက်စ ဆေးလိပ်ကို ပြန်ချထားလိုက်ရင်း ပြောသည်။

“ငါတတ်တဲ့ ပညာတွေကလည်း ဒီလို သရဲသဘက်တွေကို နှိမ်နင်းလို့ မရဘူး၊ ဒါမျိုးက အထက်လမ်းအောက်လမ်း ပညာမျိုးတတ်တဲ့ ဆရာမျိုးနဲ့မှ ရမယ်”

ဒေါ်မင်းဇာ စကားကြားတော့ မြလေးညိုက ဝင်ပြောသည်။

“ဒီလိုတော့ ကြာရှည် အဖြစ်မခံပါဘူး အမေရယ်၊ သူတို့က တစ်မျိုးလုပ်လာတော့ ကိုယ့်ဘက်ကလည်း တစ်ခုခု ကြံစည်ရမှာပေါ့၊ အင်းလေလံ ဆွဲယူရတဲ့ငွေက နည်းတာမှ မဟုတ်တာ၊ ဒီနှစ် အရှုံးပေါ်သွားရင် နောင်နှစ်ဆိုရင် ဆက်လုပ်နိုင်ဖို့ မလွယ်ဘူး”

ထိုစကားကြောင့် ဦးမိုးညိုက သမီးဖြစ်သူကို တစ်ချက်ကြည့်လိုက်သည်။

“ကျွန်မ သံပချိုင်တို့ကိုခေါ်ပြီး အင်းထဲ သွားကြည့်လိုက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား. . တော်ကြာ"

"ဖြစ်ပါတယ် ကျွန်မဆီမှာ ကြီးကြီးပေးထားတဲ့ နာနာရုပ်ဆေးနဲ့ စီရင်ထားတဲ့ ရုပ်တုရှိတယ်၊ ကိုယ်က သူ့ကို မနိုင်ရင်တောင် သူက ကိုယ့်ကို ဘာမှ အန္တရာယ်မပေးနိုင်ပါဘူး"

ဟုပြောကာ နေရာမှ ထသွားလေသည်။

ဒေါ်မင်းဇာသည် ဆေးအစီအရင်နှင့် ရုပ်တုများ စီရင်ရာတွင် များစွာကျွမ်းကျင်သူ ဖြစ်သည်။

သို့ကြောင့် တူမဖြစ်သူ မြလေးညိုအား အမှောင့်ပယောဂနှင့် နာနာဘာဝတို့ မနှောက်ယှက်စေရန် ဆေးဖြင့် ရုပ်တုတစ်ခု စီရင်ပေးထားသည်။

ရုပ်တုမှာ နှစ်လက်မလောက်သာရှိပြီး ဂဝံမျက်နှာဖုံးပုံစံမျိုး ဖြစ်သည်။

(ဆေးစီရင်ပုံမှာ ပုတ်သင်သည်းခြေ၊ လင်းနို့သည်းခြေ၊ ဗျိုင်း၊ သည်းခြေ၊ ဖားပြုတ်သည်းခြေ၊ နွားသည်းခြေ ကြက်သည်းခြေတို့နှင့် သစ်ပင်နှစ်ပင် ပွတ်တိုက်ကျိတ်နေလျှင် ထိုအမြစ်ကိုယူ၊ ထို့ပြင် သံလိုက်စသည်တို့ကို ပိုးစုန်းကြူး နှစ်မတ်သား အလေးချိန်ရအောင်စုပြီး ပေါင်းစပ်ရသည်။

သည်းခြေရှစ်မျိုး၊ သစ်ကျိတ်ပင်အမြစ်၊ သံလိုက်၊ ပိုးစုန်းကြူး စသော ဆေးလေးမျိုးကို ကြိတ်ပြီး လိုသောရုပ်တုပြုလုပ်စီရင်ရသည်။

ရွတ်ဆို အသက်သွင်းရသော မန္တာန်မှာ. . .





"ဉုံ. . ဖုတ်ကြီး ပြိတ္တာပြေး၊ ဝင်ဆရာဝင်၊ ဉုံဩောင်းချုပ်၊ သနနချုပ်၊ ဆရာချုပ်"

အသေကောင်ဟူသမျှ ဒွါရကိုးပါးကို ဆေးသုပ်၍ ခေါ်လျှင် လိုက်လေ၏။

ဆေးကို ခုနစ်ရက် ခုနစ်ခါ ဖုတ်သွင်းပြီး ကျွဲခေါင်းနှစ်ခုကို ဝတစ်လုံး ရေးပြီးလျှင်. . .

"ဉုံ သဗ္ဗေတောင်မိုးကာ ဟတ္ထိ ထိလျှင်သွားဟ၊ ကပ်ဆရာကပ်၊ တိုက်ဆရာတိုက်"

ဤမန္တာန်ဖြင့်တိုက်သော် ကျွဲခေါင်းနှစ်ခု တိုက်လေ၏။

"ဉုံရတ္တာဩတ္တာမမရေတ္တာဩတ္တာ
ဒူရေဟိ၊ မမဒူရေဟိ၊ သံနဖာဟာဟိ"

ထိုဂါထာဖြင့် ဆေးကိုကိုင်ကာခေါ်သော် အသက်မရှိသော သစ်ပင်ဝါးပင် အရာဝတ္ထုတို့ လာစေလိုလျှင် လာပြီး ပြန်စေလိုလျှင် ပြန်၏။

နာနာဘာဝတို့ကိုလည်း ထိုအတိုင်းပြုစေလို၍ ရလေသည်။)

မြလေးညိုမှာ ထိုဆေးဖြင့် စီရင်ထားသော ရုပ်တုရှိသဖြင့် သရဲသဘက် နာနာဘာဝတို့ကို မကြောက်ရွံ့ခြင်း ဖြစ်သည်။ အချိန်က ညဦးပိုင်းအချိန် ကျော်လာလေပြီ။

မိုးရာသီဖြစ်သောကြောင့် ကောင်းကင်တွင် တိမ်ညို



www.burmeseclassic.com

www.burmeseclassic.com



တိမ်မည်းတို့ ရှိနေသဖြင့် အလင်းရောင် သိပ်မရှိပေ။

လဆန်းရက် ဖြစ်သဖြင့် လရောင်အသင့်အတင့် ရှိသော်လည်း တိမ်များကြောင့် လင်းတစ်ခါ မှောင်တစ်လှည့် ဖြစ်နေလေသည်။

ထိုကဲ့သို့ အလင်းရောင်မရှိ အချိန်များကို ငါးခိုးချင်သူများက သဘောကျကြသည်။

အင်းသမားအချင်းချင်းသော်လည်းကောင်း ရွာများက လူများသော်လည်းကောင်း ထိုကဲ့သို့ အလင်းရောင် မရှိသောအချိန်မျိုးဆိုလျှင် အင်းထဲသို့ လာရောက်ကာ ငါးဖမ်းကြသည်။

အင်းထဲတွင် ငါးဖမ်းလိုလျှင် 'ဒူးဖိ၊ လက်စမ်း၊ ငါးများတစ်တံ'ဆိုသော စကားအတိုင်း ဒူးဖြင့်ဖိ လက်ဖြင့်စမ်း၍သော်လည်းကောင်း၊ ငါးမျှားတံ အမြောက်အများ မသုံးဘဲ တစ်တံတည်းနှင့် ထိုင်မျှား၍သော်လည်းကောင်း ပြုလုပ်ခွင့်ရှိသည်။ ထို့ထက် မပိုရပေ။

သို့သော် လောဘရှိသူများက ထိုသို့ မပြုလုပ်ပဲ ညအချိန်ရောက်တော့မှ အင်းထဲဝင်ပြီး ကွန်ဖြင့်ပစ်ချ၍သော်လည်းကောင်း ပိုက်ဖြင့်ဆွဲ၍သော်လည်းကောင်း ခိုးဖမ်းကြသည်။

ထိုသူများတွေ့လျှင်တော့ အသုံးပြုသောလှေ၊ ပိုက်ကွန်စသည်တို့ကို သိမ်းယူရုံမကဘဲ လူကိုပါ ခိုးမှုဖြင့် အပြစ်





ပေး၍ ရလေသည်။

ကျွတ်ကုန်းအင်းတွင် အင်းသူကြီး ဦးမိုးညိုပြီးလျှင် အလုပ်သမားများက မြလေးညိုကို ကြောက်ရွံ့ကြသည်။

မြလေးညိုက မိန်းမပျိုတစ်ယောက် ဖြစ်သော်လည်း ယောကျ်ားတစ်ယောက်ကဲ့သို့ သတ္တိရှိသူဖြစ်သည်။

ယောကျ်ားအလုပ်သမားများနှင့် ညအချိန်မတော် အင်းထဲသို့ သွားဝံ့သည်။

သရဲသဘက်များနှင့် တွေ့လျှင်လည်း မကြောက်ပေ။ ယခုလည်း သူတို့အင်းမှာ မွေးထားသော အင်းစောင့်သရဲက အင်းထဲမသွားတော့သဖြင့် ငါးခိုးသူများ အင်းထဲဝင်နေကြရာ သူမကိုယ်တိုင် သွားကြည့်ရန် အပြင်သို့ ထွက်လာခြင်းဖြစ်သည်။

အပြင်ဘက်မှာတော့ အလုပ်သမားအချို့ ရှိနေကြသည်။

ထိုလူများထဲမှ လူလေးယောက်ကို ရွေးခေါ်လိုက်သည်။ သံပချိုင်၊ စံနက်ကျော်၊ သာဒိုးလှနှင့် မှတ်ကြီး ဆိုသူလေးယောက်ဖြစ်သည်။

ရင်းတို့လေးယောက်မှာ မြလေးညိုထက် အသက်အရွယ်ကြီးကြသော်လည်း ထိုအင်းမှာ အလုပ်လုပ်တာ ကြာခဲ့ပြီဖြစ်သဖြင့် မြလေးညို၏သဘောကို သိနေကြသူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံပချိုင်ရေ၊ ငါတို့ အင်းထဲသွားရအောင် ဓားလှံ၊ လက်နက်တွေ၊ လက်နှိပ်မီးတွေ၊ တစ်ခါတည်း ယူလာကြ"

ဟုပြောပြီး လှေဆိပ်သို့ ဆင်းသွားလေသည်။

သံပချိုင်တို့ လေးယောက်လည်း ထွေထွေထူးထူး ပြန်မေးမနေတော့ပဲ လိုအပ်သော ဓားလှံလက်နက်များကို ပြင်ဆင်ကြရလေသည်။

"ဒီအချိန်မျိုးမှာ အင်းထဲသွားရင်တော့ ဟိုသရဲမနဲ့ တွေ့ကြဦးမယ် ထင်တယ်"

အတွေ့အကြုံ ရှိနေပြီဖြစ်သော စံနက်ကျော်က ပြောသည်။

"တွေ့တော့လည်း တွေ့ပေါ့ကွာ၊ မိန်းကလေးဖြစ်တဲ့ မြလေးညိုတောင် မကြောက်တာ ငါတို့က ဘာကြောက်စရာ ရှိသလဲ"

သံပချိုင်က ပြောသည်။

"သူက မြင်မှမမြင်ဖူးသေးတာကိုးကွ၊ ဘယ်ကြောက်မှာလဲ၊ ငါတို့က သန်းရွှေသေတဲ့ အခေါက်တုန်းက တွေ့ခဲ့ကြတာ ဘယ်မေ့ပါ့မလဲ၊ လှေကို ဟိုဘက်ဒီဘက်ခွပြီး ရပ်ထားလို့ ရေထဲဆင်းပြေးရတာ ခုထိမမေ့သေးဘူး"

"မင်း ဒီလောက်ကြောက်နေရင်လည်း နေခဲ့ပေါ့ကွာ"

သံပချိုင်က စိတ်မရှည်သည့် လေသံမျိုးဖြင့် ပြောလိုက်တော့မှ အသံတိတ်သွားလေတော့သည်။





ထို့နောက်မှာတော့ ပစ္စည်းများကိုပါ ယူဆောင်ပြီး လှေရှိရာသို့ ဆင်းသွားကြလေသည်။

လှေထဲမှာတော့ မြလေးညိုက သူတို့အရင် ရောက်နှင့်နေလေပြီ။

လှေထွက်လာတော့ ညဉ့်နက်ပိုင်း ရောက်နေချေပြီ။ ထိုအချိန်မျိုးတွင် ငါးခိုးသမားများ ဝင်ရောက်လေ့ရှိကြလေသည်။

ကောင်းကင်မှာ လရောင်အနည်းငယ် ရှိနေသော်လည်း အင်းထဲမှာတော့ လင်းတစ်ခါ မှောင်တစ်လှည့် ဖြစ်နေလေသည်။

သို့ကြောင့် လှေကို ရေသံ၊ တက်သံ မကြားရအောင် လှော်ကာသွားကြလေသည်။

အင်းရဲ့ကြီးအင်းနှင့် နယ်နိမိတ်ချင်း စပ်နေသော ရေတိမ်ပိုင်းတွင် ကိုင်းတောများရှိသည်။

ရေအောက်တွင် တဝက်တပျက် နစ်မြုပ်နေကြသည့် သစ်ပင်ကြီးများ ရှိကြသည်။

ရေထဲတွင် ပေါက်လေ့ရှိကြသည့် ပျဉ်းမပင်၊ ရေတကျီးပင်၊ ကျီးပင် စသည်တို့ ဖြစ်ကြသည်။ ရေထဲမှာ ပေါက်နေကြသောကြောင့် တဝက်လောက်က ရေထဲ၌ နစ်မြုပ်နေရာ သိပ်မမြင့်လှပေ။

နွေရာသီ အင်းရေခမ်းသွားသောအချိန်တွင် ထိုသစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်များမှာ ကုန်းမြေပေါ်တွင် ရှိနေကြပြီး မိုးရာသီ အင်းရေတိုးလာသောအခါမှသာ ရေထဲရောက်သွားကြခြင်း ဖြစ်လေသည်။

ရေကြိုက်သော ကိုင်းတောကြီးများကတော့ နွေရာသီမှာ အရွက်များခြောက်ပြီး နီကြောင်ကြောင် ဖြစ်နေသော်လည်း ရေနှင့်ထိလိုက်သည်နှင့် ကိုင်းပင်ကြီးများလောက် အလုံးအရွယ်အစား ကြီးမားလာကာ အရွက်ဖားဖားကြီးများနှင့် မှိုင်းညို့နေလေသည်။

အချို့ကိုင်းတောကြီးမှာ ကမ်းစပ်၌ ရှိနေကြပြီး အချို့က ရေထဲသို့ တဝက်တပျက် ရောက်နေကြသည်။

ထိုနေရာမျိုးမှာ ငါး အင်မတန်များသည်။

ငါးများက ကိုင်းပင်များကြားတွင် ခိုအောင်းနေတတ်ကြသည်။ ကိုင်းတောကြီးများထဲတွင် ငါးများပေါသလို ဖားများလည်း ပေါသည်။ မြွေဆိုးများလည်း ပေါသည်။ ကိုင်းတောအတွင်းမှာ ငါးရှာသူများမှာ မြွေအန္တရာယ်ကို ဂရုစိုက်ကြရသည်။

ငါးခိုးသူများကလည်း ကိုင်းတောထဲဝင်ပြီး ငါးဖမ်းရသည်ကို သဘောကျကြလေသည်။

ငါးအရများသည်ကတစ်ကြောင်း လူသူမမြင်စေဘဲ အကာအကွယ်ရခြင်းက တစ်ကြောင်းကြောင့် ဖြစ်ပေသည်။ သို့သော် ကိုင်းတောထဲဝင်ပြီး ငါးရှာရသည်မှာ အန္တရာယ်





တော့များသည်။

မကြာခဏ မြွေနှင့်တွေ့ပြီး အကိုက်ခံကြရသဖြင့် အသက်သေကြရသည်။

မြလေးညိုတို့မှာ ကိုင်းတောများရှိသည့် နေရာတစ်ဝိုက်သို့ ရောက်သောအခါမှာတော့ လှေသံ၊ ရေသံ မကြားရစေရန် သတိထားပြီး သွားကြလေသည်။

ကိုင်းတောကြီးများမှာ အင်းနှင့် အင်း၏အစပ်၌ ရှိသဖြင့် ဟိုဘက်အင်းမှ ငါးဖမ်းသမားများကလည်း ဒီဘက်အင်းထဲဝင်ပြီး ငါးဖမ်းကြသလို ဒီဘက်အင်းထဲမှ ငါးဖမ်းသမားများကလည်း လစ်ရင်လစ်သလို ဟိုဘက်အင်းထဲဝင်ပြီး ငါးဖမ်းကြသည်။

သို့ကြောင့် သတိထားကြရပြီး ထိုနေရာရောက်တော့ ဓားလှံလက်နက်များကို အဆင်သင့် ပြင်ထားကြရလေသည်။

ထိုနေရာတစ်ဝိုက်ရောက်တော့ စံနက်ကျော်က မနေနိုင်ပဲ လေသံတိုးတိုးဖြင့် ပြောသည်။

"ငါတို့ တလောက ဟိုသရဲမနဲ့တွေ့တာ ကိုင်းတောစပ်မှာရှိတဲ့ ပျဉ်းမပင်ကြီး နားမှာပဲ"

ဟုပြောကာ မနီးမဝေးမှာရှိသော ပျဉ်းမပင်ခြောက်ကြီးကို လက်ညှိုးထိုးပြသည်။

ပျဉ်းမပင်ခြောက်ကြီးမှာ အရွက်များမရှိပဲ အရိုးပြိုင်းပြိုင်းထကာ ညအမှောင်ထဲတွင် မကောင်းဆိုးဝါးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် မတ်တတ်ရပ်နေသည်နှင့်ပင် သဏ္ဍာန်တူလှပေသည်။

သူတို့လှေ ကိုင်းတောစပ်ရောက်သည်နှင့် ထိုကိုင်းတောထဲတွင် ဝင်ပြီး ငါးရှာနေသော လှေတစ်စင်းမှာ ဟိုဘက်အင်းထဲသို့ ပြန်ထွက်သွားလေသည်။

မြလေးညိုတို့က အသံကြားသဖြင့် ထိုနေရာဘက်ရောက်တော့ ဟိုဘက်အင်းထဲတွင် လှော်ပြေးသွားသော လှေတစ်စင်းကို လှမ်းမြင်ကြရသည်။

သို့သော် အနည်းငယ် ဝေးသွားပြီ ဖြစ်သဖြင့် ဝိုးတဝါးသာ လှမ်းမြင်ကြရတော့သည်။

"ငါတို့အင်းထဲကို ငါးဝင်ခိုးနေတဲ့ ငါးသူခိုးတွေပဲ ဖြစ်မယ်"

"ဒါဖြင့် နောက်က လိုက်ကြမလား"

"သူတို့အင်းထဲ ဝင်လိုက်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ငါးသူခိုး မမိတော့လဲ သူတို့အင်းထဲက ငါးခိုးပြီး ပြန်တာပေါ့"

ပြောပြောဆိုဆိုနှင့် တစ်ဖက်အင်းအတွင်းသို့ ဝင်ရန်ပြင်ဆင်မှာပင် မမျှော်လင့်သော အတားအဆီးတစ်ခုက ပေါ်လာလေသည်။

မနီးမဝေးမှာရှိသော သစ်ပင်ပေါ်မှ . . မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် ဆင်းလာပြီး သူတို့လှေသွားမည့်





လမ်းတည့်တည့်တွင် ရပ်နေသည်။

အရပ်အမောင်းက ထန်းပင်တမျှမြင့်ပြီး ကိုယ်လုံးကလည်းကြီးသည်။

ပုံပန်းသဏ္ဍာန်မြင်ရုံနှင့် မိန်းမတစ်ယောက်မှန်း သိကြရပြီး ဆံပင်များက နောက်ဘက်တွင် တလွင့်လွင့်ရှိနေသည်။

လှေရှေ့တွင် ထိုကဲ့သို့ ရပ်နေသောကြောင့် မြလေးညိုတို့လှေက ရှေ့ဆက်သွား၍ မရတော့သောကြောင့် ရပ်တန့်လိုက်ရသည်။

"အဲဒါ . . ငါပြောတဲ့ ဟိုဘက်အင်းမှာစောင့်နေတဲ့ မဖဲဝါဆိုတဲ့ သရဲမပဲ"

ထိုသို့ ပြောနေစဉ်မှာ ရှေ့မှာရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးက ဖျပ်ခနဲ ပျောက်သွားလေသည်။

လှေပေါ်မှာ ရှိနေကြသူများက ဇဝေဇဝါဖြင့် ဟိုဟိုဒီဒီကြည့်နေကြစဉ် သူတို့ရှိနေသော နေရာနှင့် မနီးမဝေးကိုင်းတောတွင်းမှ လှေငယ်တစ်စင်း ထွက်လာလေသည်။

မြင်ရုံနှင့် ငါးခိုးသည့်လှေမဟုတ်မှန်း သိနိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် . . ထိုလှေပေါ်တွင် လှေလှော်လာသော မိန်းမတစ်ယောက်တည်း ပါလာသောကြောင့်ဖြစ်သည်။

ဖြေးဖြေးချင်း လှော်လာသောလှေက သူတို့လှေနှင့် မနီးမဝေးရောက်တော့ ရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှာ ပါလာသော အမျိုးသမီးမှာ မြလေးညို နှင့် အသက်ချင်း မတိမ်းမယိမ်းလောက်ရှိပြီး ဆံပင်ရှည်များ ကို နောက်ဘက်သို့ ဖြန့်ချထားသည်။

လေတိုက်သောအခါ ဆံပင်ရှည်များက နောက် ဘက်သို့ တလူလူလွင့်နေသည်။

လှေချင်း မဝေးလှသောကြောင့် တစ်ဦးနှင့်တစ်ဦး ကောင်းစွာမြင်နေကြရသည်။

"နင်ဘယ်သူလဲ"

မြလေးညိုက လှမ်းမေးလိုက်သည်။

"ငါက ဒီအင်းမှာ စောင့်နေတဲ့ မဖဲဝါပဲ၊ နင်ဘယ်သူ လဲ"

"ငါက မြလေးညိုပဲ၊ ကျွတ်ကုန်းအင်းက ငါတို့ပိုင်တဲ့ အင်းပဲ"

"အေး. . ဒီလိုဆိုရင် ကိုယ်နဲ့သက်ဆိုင်တဲ့ အင်းမှာပဲ နေ၊ တခြားအင်းထဲကို မဝင်ပါနဲ့၊ ငါစောင့်နေတဲ့ အင်းထဲကို ဝင်ရင်တော့ ငါ တားဆီးရမှာပဲ"

"ငါတို့က နင်တို့အင်းထဲ မဝင်ချင်ပါဘူး၊ ဟိုဘက်က လူတွေတော့ ငါတို့အင်းထဲဝင်ပြီး ငါးခိုးကြတယ်၊ နင်ကရော ဘာကြောင့်ကြည့်နေတာလဲ"

"ဘာပဲဖြစ်ဖြစ်. . ငါ့တာဝန်က ဒီဘက်အင်းထဲကို မ သက်ဆိုင်တဲ့လူတွေ မဝင်အောင် တားဆီးပေးဖို့ပဲ နင်တို့





သည်း ဘယ်တော့မှ မဝင်နဲ့၊ စည်းကျော်လာရင်တော့ ငါက တားဆီးရမှာပဲ၊ အဲဒီကျရင် ငါ့အဆိုးမဆိုနဲ့ပေါ့"

ဟု ပြောဆိုပြီး မဖဲဝါဆိုသော အမျိုးသမီးက သူ့လှေ ကို နောက်ကြောင်းပြန်လှည့်သွားရာ ကိုင်းတောများအစပ်သို့ ရောက်သောအခါ ဖျပ်ခနဲ ပျောက်သွားလေတော့သည်။

ထိုကဲ့သို့ လာပြောသွားသောကြောင့် မြလေးညိုတို့ မှာ ရှေ့ဆက်လိုက်ကြရမလား၊ မလိုက်ဘဲ ပြန်လှည့်ကြရ လေမလား. . မသိကြဘဲ ရှိနေလေသည်။

"ဒါ. . ငါတို့ကိုလာပြီး ခြောက်လှန့်သွားတာပဲ၊ ဒီ ဘက်က လူတွေကျတော့ ဟိုဘက်အင်းထဲကို မဝင်ရဘူး၊ ဟိုဘက်က လူတွေကျတော့ ဒီဘက်အင်းထဲကို ဝင်ချင်တိုင်း ဝင်ပြီး လုပ်ချင်တိုင်း လုပ်နေကြတယ်"

မြလေးညိုက မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေ သည်။ ထိုအခါ သာဒိုးလှက ဝင်ပြောသည်။

"သရဲနဲ့ဖက်ပြီး ရန်ဖြစ်လို့က မဖြစ်ဘူး၊ လူလူချင်းသာ ဒီလိုလူပါးဝလာလို့ကတော့ ဘယ်ခံမလဲ အခုတော့"

"ဒီတော့လည်း ငါတို့ဘက်မှာလည်း သူ့ကိုနိုင်တဲ့ သရဲ ထပ်ရှာရမလို ဖြစ်နေပြီပေါ့ကွာ"

ဟု ပြောဆိုပြီး စောစောက မည်းမည်းသဏ္ဌာန်ကြီး ဆင်းလာသော သစ်ပင်ရှိရာသို့ လှမ်းကြည့်လိုက်တော့မှ ဘာ မှမတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်ပိုင်းရောက်တော့ သူတို့လှေ ပြန်လှည့်လာကြလေသည်။

ထို့နောက်ပိုင်းမှာလည်း တဖက်အင်းမှာ ရှိနေကြသော ငါးခိုးသမားများက ဒီဘက်အင်းထဲဝင်ပြီး စိတ်တိုင်းကျ ငါးဖမ်းကြပြန်လေသည်။

ဘာမှမတတ်နိုင်ကြပေ။









# အခန်း (၉)

# နီမောင်နှင့် ပရလောကသားများ

မိုးဦးကျရာသီရောက်လာပြီ ဖြစ်သောကြောင့် ကျေးလက်တောရွာများမှာ နေထိုင်ကြသူများအတွက် လယ်ယာလုပ် ငန်းခွင်ဝင်ရန် ပြင်ဆင်ကြရပေသည်။

လယ်ပိုင်မြေပိုင် ရှိသူများကလည်း မိမိတို့ လယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ လယ်ထဲများ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခြင်း၊ ကျွဲနွားများထားရန် တင်းကုပ်များ ပြင်ဆင်ခြင်း၊ စပါးသိုလှောင်ထားသော ကျီများ မိုးလေလုံစေရန် ကြိုတင်ပြင်ဆင်ခြင်း၊ ကောက်ရိုးပုံများ ရေလွတ်သောနေရာတွင် စနစ်တကျရှိစေရန် ပြင်ဆင်ပြုလုပ်ရခြင်းများအပြင် . . ၊ ကျွဲနွားမပြည့်စုံလျှင် ကျွဲနွားဝယ်ယူဖြည့်ဆည်းရခြင်း၊ ထွန်တုံးထွန်တံများ ပြုပြင်ခြင်း၊ မြက်နုတ်ဓားအပါအဝင် လယ်ယာလုပ်ငန်း ဝင်သောအခါ အသုံးပြုကြမည့် ပစ္စည်းကိရိယာတို့ကို စုဆောင်းပြင်ဆင် ကြရပေသည်။

မိုးရာသီရောက်သည်နှင့် . . လယ်သမားများကဲ့သို့ ချောင်းသမား၊ အင်းသမားများလည်း အလုပ်ရှုပ်ကြလေသည်။

ငါးပုစွန်ထောင်သောပိုက်၊ မြှုံး၊ ယင်း စသောကိရိယာများ ပြင်ဆင်ကြရသလို ပုဇွန်ထောင်မည့်နေရာများ၊ ငါးထောင်မည့်နေရာများကိုလည်း ရွေးချယ်ပြီး ထိုနေရာမှာ တဲကြီးများဆောက်ခြင်း၊ ငါးပုဇွန် တင်သောစင်များဆောက်ခြင်း ပုဇွန်ကျပ်တိုက်သောစင်များ၊ ငါးကျပ်တိုက်သောစင်များ ပြုလုပ်ကာ ပြင်ဆင်ကြရသောအချိန်ဖြစ်သဖြင့် များစွာအလုပ်ရှုပ်သော အချိန်မျိုးပင် ဖြစ်ကြလေသည်။

နီမောင်တို့နေသော ပေပင်ကုန်းရွာမှာ အင်းများနှင့်နီးသောနေရာတွင် ရှိလေသည်။ ၎င်းတို့ပိုင်ဆိုင်သော လယ်မှာ အင်းစပ်တွင် ရှိလေသည်။





သို့ကြောင့် လယ်တဲကို အင်းစပ်နှင့် မနီးမဝေးမှာပင် ဆောက်လုပ်ရန် ပြင်ကြသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က နီမောင်တို့မောင်နှမနှစ်ယောက်ကို မောင်နှမရင်းများသဖွယ်၊ ခင်မင်နေသောကြောင့် နှစ်စဉ်ဆိုသလိုပင် သူတို့ထံမှာပင် အလုပ်လုပ်ကြလေသည်။

၎င်းတို့နှစ်ယောက်မှာ အလုပ်အကိုင် ကောင်းကြသဖြင့် အခြားလယ်ပိုင်ရှင်များက ခေါ်ယူလိုကြသည်။

အခကြေးငွေကို တိုးပေးပြီး ခေါ်သော်လည်း မသွားကြပဲ သစ္စာရှိစွာနှင့်ပင် သူတို့နှင့်အတူ လုပ်ကိုင်ခဲ့ကြသည်မှာ အတော်ပင် ကြာခဲ့ပေပြီ။

နီမောင်တို့ မိသားစုကလည်း ၎င်းတို့နှစ်ယောက်ကို အလုပ်သမားလိုပင် သဘောမထားကြတော့ပဲ အခငွေကြေးဆန်စပါး စသည်တို့ကိုလည်း အလိုရှိလျှင် ပေးကမ်းကြလေသည်။

မိုးဦးကျရောက်သည်နှင့် ၎င်းတို့နှစ်ယောက်အပြင် နီမောင်နှင့် ရင်မေတို့နှစ်ယောက်ပါ အတူ လုပ်ကိုင်ကြလေသည်။ နီမောင်တို့သုံးယောက်က လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသောအခါ ရင်မေက စားသောက်ဖို့ရန် ချက်ပြုတ်ပေးရသည်။

ရင်မေက သူမနှင့် အဖော်ရစေရန် ခင်စန်းနှင့် ကျော့



www.burmeseclassic.com

www.burmeseclassic.com



မေတို့နှစ်ယောက်ကိုပါ ခေါ်ထားလေသည်။

သုံးယောက်စလုံး (၁၈)နှစ်၊ (၁၉)နှစ်အရွယ် ရောက်နေကြပြီ ဖြစ်သောကြောင့် သင့်တင့်သော ရုပ်ရည်လည်း ရှိကြသည်။

၎င်းတို့သုံးယောက်မှာ ကောက်စိုက်သော အချိန်ရောက်လျှင် အခြားအလုပ်သမားများနှင့်ရောပြီး ကောက်စိုက်ကြသည်။

ကောက်စိုက်ချိန် မရောက်သေးခင်မှာတော့ လယ်တဲတွင် အလုပ်လုပ်သူများအတွက် ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးကြရသည်။

ယခုနှစ်ဦးမှာတော့ နီမောင်တို့ လယ်တဲဆောက်သောနေရာကို ရွှေ့ကြရသည်။ မနှစ်က အရေးကြီးသောအချိန် မိုးများသော အချိန်တို့တွင် ရေမြုပ်ခဲ့သဖြင့် ဒီနှစ်မှာတော့ တဲဆောက်သောနေရာကို ကုန်းမြင့်သောနေရာ၌ ရွေးချယ်ပြီးဆောက်ရန် ပြင်ကြလေသည်။

ယခင်တဲဟောင်းကိုဖျက်ပြီး ထိုမှ သစ်ဝါးစသည်တို့ကို လှည်းဖြင့် သယ်ဆောင်သွားပြီး တဲဆောက်မည့်နေရာတွင် စုပုံထားကြလေသည်။

ထိုသို့ စုပုံထားခဲ့ပြီး ရွာသို့ ပြန်သွားကြသည်။

နောက်တစ်နေ့ တဲဆောက်ရန်သွားတော့ သူတို့ ပုံထားခဲ့သောသစ်ဝါးများ မရှိတော့ပေ။





"ငါတို့ မနေ့က ပုံထားခဲ့တဲ့ သစ်ဝါးတွေ ဘယ်ရောက်သွားပြီလဲ"

"တစ်ယောက်ယောက်များ လာယူသွားတာလား"

"ဒီလိုတော့ လုပ်မယ်မထင်ပါဘူး၊ တောထဲသွားရင် သစ်ဝါးတွေ လိုသလောက် ခုတ်ယူလို့ ရနေတာပဲ၊ သူများသုံးပြီးသား သစ်သားအဟောင်းတွေကိုတော့ ဘယ်သူမှ တကူးတက ယူမယ်မထင်ပါဘူး"

"ဟုတ်ပါရဲ့ နောက်ပြီး ဒီနေရာက ရွာနဲ့လည်း မနီး၊ အင်းတဲရှိတဲ့ နေရာတွေနဲ့လည်း မနီးပါဘူး၊ ထူးဆန်းလိုက်တာ"

ဟု ပြောဆိုပြီး လိုက်လံရှာဖွေကြရာ တဲဆောက်ရန် ရည်ရွယ်ထားသော နေရာနှင့် မနီးမဝေးမှာရှိသော ရေမရှိသည့် ချောင်းရိုးထဲတွင် သူတို့ပုံထားသော သစ်သားများကို ပြန်တွေ့ရသည်။

သစ်သားများမှာ အစီအရီ ပုံထားခြင်းမျိုး မဟုတ်ပဲ ပြန့်ကျဲနေရာ တစ်စုံတစ်ယောက်က ဖြစ်သလို ပစ်ချထားခြင်းမျိုး ဖြစ်သည်။

"ဒီမှာရောက်နေပါလား၊ အံ့သြစရာပဲ"

"ဘယ်သူကများ ဒီလောက်လေးတဲ့ သစ်သားတွေကို အပင်ပန်းခံပြီးတော့ ဒီချောင်းထဲ လာပစ်ချထားခဲ့တာလည်း မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ သစ်သားများကို ပြန်သယ်တင်ကာ တဲဆောက်သည့်နေရာသို့ ရွှေ့ကြရပြန်သည်။

သစ်သားများ ပြန်သယ်တင်နေရသောကြောင့် ထိုနေ့က တဲဆောက်ရန်ပင် အချိန်မရတော့သဖြင့် ပြန်လာကြရလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ တဲဆောက်ရန်အတွက် ဦးဘရှိန်ပါ လိုက်လာသည်။

ထိုနေရာရောက်တော့ ပုံထားသော သစ်သားများကို မတွေ့ကြရပြန်ပေ။

"မင်းတို့ သစ်တွေက ဘယ်မှာလဲ"

ဦးဘရှိန်က မေးသဖြင့် နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"မနေ့ကလည်း အဲသည်လိုပဲ အဖေ"

ထို့နောက် လိုက်လံရှာဖွေသောအခါ အတော်ဝေးဝေးမှာရှိသော သစ်ခြုံများနောက်ဘက်တွင် ရောက်နေသည်ကို တွေ့ရပြန်သည်။

ဦးဘရှိန်က အခြေအနေကို ကြည့်ပြီးပြောသည်။

"ဒါ လူလုပ်တာ မဟုတ်ဘူး"

"ဗျာ. . လူလုပ်တာမဟုတ်ရင် ဘယ်သူလုပ်တာလဲ အဖေ"

"မင်းတို့သိချင်ရင် ညဘက် လာစောင့်ကြည့်တဲ့အခါ





တွေ့ရလိမ့်မယ်"

ဟု ပြောသဖြင့် နီမောင်တို့ သုံးယောက်စလုံး စိတ်ဝင်စားကြလေသည်။

ထို့နောက် သစ်ဝါးများကို တဲဆောက်မည့်နေရာတွင် ပြန်ပုံထားခဲ့ပြီး ရွာသို့ပြန်သွားကြသည်။

ညနေပိုင်း ထမင်းစားသောက်ပြီးတော့ လိုအပ်သော ပစ္စည်းများကို ယူဆောင်ပြီး ထိုနေရာသို့ တစ်ခေါက်ပြန်သွားကြသည်။

နေဝင်ရီတရော အချိန်လောက်တွင် ထိုနေရာသို့ ပြန်ရောက်သွားပြီး မနီးမဝေးမှ လှမ်းကြည့်သောအခါ ပုံထားသောသစ်ပုံကြီးကို အခြေအနေမပျက် လှမ်းမြင်ကြရလေသည်။

သို့ကြောင့် မနီးမဝေးမှာ ရှိနေသော သစ်ပင်ကြီး တစ်ပင်အောက်မှာပင် သုံးယောက်သား ထိုင်စောင့်နေကြလေသည်။

နေဝင်သွားတော့ အမှောင်ရိပ်များ သမ်းလာသည်။

သို့သော် အခြေအနေကတော့ ထူးထူးခြားခြား မတွေ့ရပေ။

ညဦးပိုင်းအချိန်ရောက်သောအခါ အရှေ့ဘက်မှ လရောင်ထွက်လာသောကြောင့် အလင်းရောင်အချို့ ရလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို အတန်အသင့် လှမ်းမြင်ကြရသည်။

ထိုအချိန်ကျော်သွားတော့ သစ်များပုံထားသော နေရာသို့ လူမည်းကြီးနှစ်ယောက် ရောက်လာကြသည်။

နီမောင်တို့ကလည်း သစ်ပင်အကွယ်မှ အရိပ်အခြေ လှမ်းကြည့်နေကြလေသည်။

လူမည်းကြီးနှစ်ယောက်က သစ်များပုံထားသောနေရာရောက်သောအခါ ပုံထားသောသစ်များကို ဆွဲယူသွားကြပြီး အတော်ဝေးဝေးရောက်အောင် ပစ်ကြလေသည်။

ဒီတော့မှ နီမောင်တို့လည်း သဘောပေါက်သွားကြတော့သည်။

"ငါတို့သစ်တွေ နေရာရွှေ့နေတာ ဒင်းတို့ လက်ချက်ပဲကိုး"

"ဘာကြောင့်များ ဒီလိုလာလုပ်ကြတာလဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ် ဒီလိုမတရား လာလုပ်ကြတော့ ဘယ်ခံလို့ ဖြစ်ပါ့မလဲ"

ဟုပြောကာ စောထီးက အပြင်ထွက်သွားပြီး

"ဟေး ဘာလုပ်နေကြတာလဲ"

ဟု အော်လိုက်ရာ သစ်များကို နေရာရွှေ့နေသော လူမည်းကြီးနှစ်ယောက်မှာ ဖျပ်ခနဲ ပျောက်သွားကြလေတော့သည်။





"ဘယ်ရောက်သွားပြီလဲ"

"အော်သံကြားလို့ ထွက်ပြေးသွားကြတာ ဖြစ်မှာပေါ့"

"ငါတော့ ပြေးသွားတာ မတွေ့လိုက်ရဘူး"

ဟု ပြောပြောဆိုဆိုနှင့် သုံးယောက်သား ထိုနေရာသို့ သွားကြည့်ကြသည်။

သစ်ချောင်းများ ဖရိုဖရဲ ဖြစ်နေသည်မှလွဲပြီး အခြား ထွေထွေထူးထူး ဘာမှမတွေ့ကြရပေ။

သုံးယောက်သား ထိုနေရာတွင် အတန်ကြာအောင် ရပ်နေကြစဉ် အမှောင်ရိပ်ထဲမှ နောက်တစ်ယောက် ထွက်လာပြန်သည်။

ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်ပင် ဖြစ်သည်။ နီမောင်တို့နှင့် သက်တူရွယ်တူခန့်ရှိပြီး ရုပ်ရည်က သနားကမားရှိသည်။

မနီးမဝေးရောက်တော့ ရှေ့တိုးမလာဘဲ ရပ်လိုက်သည်။ ထိုအချိန်မျိုးတွင် လူသူကင်းမဲ့သောနေရာတွင် အမျိုးသမီးတစ်ယောက်တည်း တွေ့ရခြင်းမှာ သာမန်မဟုတ်မှန်းတော့ ရိပ်မိကြသည်။

"နင် ဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"ငါက ဒီဘက်အင်းကို စောင့်ပေးနေရတဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်နာမည် ဘယ်သူလဲ"

"မဖဲဝါ. ."

နီမောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့ သုံးယောက်စလုံး ထိုနာမည်မျိုး ကြားဖူးနေကြပြီးဖြစ်သဖြင့် အံ့သြသွားကြခြင်း ဖြစ်သည်။

"ငါတို့ချထားတဲ့ သစ်တွေကို ဖယ်ပစ်နေတာ နင့်လူတွေလား"

"ဟုတ်တယ်"

"ဘာကြောင့် ဒီလိုလုပ်တာလဲ"

"နင်တို့ တဲဆောက်မယ့်နေရာက အင်းနယ်နိမိတ်နဲ့ မလွတ်ဘူး၊ ဒါကြောင့် ဖယ်ပစ်တာ"

"ဒီနေရာက ငါတို့ပိုင်တဲ့လယ်ပဲ"

"ဒါပေမယ့် နယ်မြေချင်းက စပ်နေတော့ မလွတ်ဘူး၊ ဒါကြောင့် တခြားနေရာ ရွှေ့ဆောက်ပါ"

ထိုစကားကြားတော့ နီမောင်စိတ်ထဲမှာ မခံချင်စိတ် ဖြစ်သွားလေသည်။

မိမိတို့ပိုင်ဆိုင်သော လယ်မြေထဲတွင် တဲဆောက်သည်ကိုပင် အင်းစောင့် သရဲတစ္ဆေက လာရောက်ဖယ်ခိုင်းသဖြင့် အခြားနေရာ ရွှေ့ပေးရလျှင်တော့ လူကြား၍မှ ကောင်းတော့မည် မဟုတ်ပေ။





ထို့ကြောင့်. .

"နင်လာပြောလည်း ငါတို့ကတော့ ငါတို့ ပိုင်ဆိုင်တဲ့ လယ်မြေပေါ်မှာ တဲဆောက်ရမှာပဲ၊ ဒါကြောင့် ငါတို့ကိုလာပြီး အနှောက်အယှက် မပေးပါနဲ့. . ၊ ငါတို့ကလည်း နင်တို့ကို အနှောက်အယှက် မပေးပါဘူး"

ဟုပြောလိုက်ရာ မဖဲဝါဆိုသော အမျိုးသမီးမှာ နောက်ထပ်ဘာမှ မပြောတော့ပဲ ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

နီမောင်တို့ သုံးယောက်လည်း အဖြေသိကြရပြီ ဖြစ်သောကြောင့် ညဉ့်နက်ပိုင်းရောက်တော့မှ ရွာဘက်သို့ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန် ထိုနေရာသို့ တစ်ခေါက်သွားကြည့်သောအခါ ၎င်းတို့ ပုံထားခဲ့သော သစ်ဝါးတို့မှာ ခြေရာလက်ရာမပျက် ရှိနေသည်ကို တွေ့ကြရပေသည်။

ထို့ကြောင့် တဲဆောက်သောကိစ္စကို ဆက်လက်လုပ်ကိုင်ကြလေတော့သည်။

တဲဆောက်ပြီးသော အခါမှာလည်း လယ်ယာလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ကြရသဖြင့် ထိုအကြောင်းများကို သတိမရတော့ပေ။

သို့သော် သတိတော့ထားပြီး လုပ်ကိုင်ကြရသည်။

နေ့ဘက်အချိန်များတွင် ဦးဘရှိန်၊ နီမောင်၊ နင်မေ၊



www.burmeseclassic.com

www.burmeseclassic.com



တို့ပါ အခြားအလုပ်သမားများနှင့် လယ်တဲသို့သွားကာ လုပ်ကိုင်ကြလေသည်။

လယ်တဲမှာတော့ ညအချိန်ရောက်လျှင် စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က အမြဲနေကြသည်။

နီမောင်ကလည်း အခြားအလုပ်များ မရှိသည့်အခါ လယ်တဲမှာ သွားအိပ်လေသည်။

ဦးဘရှိန်နှင့် ရင်မေတို့ကတော့ နေ့ဘက်အချိန်များ တွင်သာ လယ်တဲမှာနေကြပြီး ညနေစောင်းသည်နှင့် ရွာသို့ ပြန်သွားကြလေတော့သည်။

နီမောင် အိပ်သောညများတွင် လယ်တဲတွင် ထူးထူး ခြားခြား ဘာမှမတွေ့ရသော်လည်း ၎င်းလာမအိပ်သော ည များမှာတော့ အနှောက်အယှက်များ ရှိပေသည်။

"နီမောင် မင်းမရှိတဲ့ညတွေဆိုရင် ငါတို့နှစ်ယောက် ကို လာပြီးနှောက်ယှက်တာတွေရှိတယ်"

ဟု ငမဲအောင်က ပြောသည်။

"ဘယ်လို နှောက်ယှက်သလဲ"

"အိပ်နေရင် တဲကိုလာပြီး လက်နဲ့ပုတ်တယ်၊ နောက် ညရောက်တော့ နွားတွေကို ကြိုးဖြေလွှတ်ကြတယ်"

"တယ်လည်း ဆိုးနေပါလား"

"ဟုတ်တယ် ဒီအတိုင်းဆိုရင်တော့ ဒီနေရာမှာ ဆက် နေဖို့တောင် မလွယ်လှဘူး"





"ဒီလိုတော့ ဘက်လျှော့ပေးလို့ ဘယ်ဖြစ်မလဲ၊ ငါတို့ က သူတို့ကို ဘာမှအနှောက်အယှက် ပေးနေတာ မဟုတ်ပဲ နဲ့ သူတို့က ရန်သူလို သဘောထားပြီး အနှောက်အယှက် လာပေးနေရင်တော့ တစ်ခုခုလုပ်ရမယ်"

ဟုပြောကာ ထိုညတွင် လယ်တဲမှာပင် ညအိပ်လေ သည်။ ညအချိန်ရောက်တော့ အပြင်ဘက်ထွက်ပြီး ပြော သည်။

"ဒီနေရာမှာ ရှိနေတဲ့ ပြိတ္တာအပေါင်းတို့ ဒီနေရာက ငါတို့ပိုင်ဆိုင်တဲ့လယ်၊ ပိုင်ဆိုင်တဲ့နေရာဖြစ်တယ်၊ ငါတို့က သင်တို့ကို အနှောက်အယှက် မပေးဘူး၊ သင်တို့ကလည်း အနှောက်အယှက် မပေးကြပါနဲ့၊ တကယ်လို့ ဆိုးနေရင်တော့ ငါတို့ဘက်က တုံ့ပြန်ရလိမ့်မယ်"

ဟု ပြောပြီး တဲအတွင်း ပြန်ဝင်လာသည်။

ညဦးပိုင်း အချိန်မှာတော့ အနှောက်အယှက်များ မ တွေ့ရပေ။ သို့ကြောင့် ညဉ့်နက်ပိုင်းရောက်တော့ စိတ်ချလက် ချပင် အိပ်ယာဝင်ကြလေသည်။

အိပ်ပျော်သွားစ အချိန်မှာပင် နီမောင်နားထဲမှာ တစ် စုံတစ်ယောက်သော အသံကို ကြားလိုက်ရသောကြောင့် ပြန် နိုးလာသည်။

ကြည့်လိုက်တော့ စောထီးနှင့် ငမဲအောင်တို့ နှစ် ယောက်မှာ နှစ်နှစ်ချိုက်ချိုက်ပင် အိပ်ပျော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်ကြည့်လိုက်တော့ ကျွဲနွားများထားသော တင်းကုပ်ဘက်မှ အသံပင်ဖြစ်သည်။

တင်းကုပ်ထဲမှာထားသော ကျွဲနွားများလန့်ပြီး တရှုးရှုး တရှားရှား ဖြစ်နေကြသည်။

နီမောင်က တဲပေါက်မှ လှမ်းကြည့်လိုက်သောအခါ ကျွဲနွားများထားသောတဲနှင့် မနီးမဝေးတွင် ရပ်နေသော သဏ္ဍာန်တစ်ခုကို တွေ့ရသည်။

သို့ကြောင့် အပြင်ဘက်ထွက်သွားပြီး ကြည့်လိုက်တော့ တင်းကုပ်နားတွင် မိန်းမတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

ဆံပင်ဖားလျားချထားသော ထိုမိန်းမမှာ တစ်နေ့က တွေ့ခဲ့ရသော မိန်းမပင်ဖြစ်မည်ဟု စိတ်ထဲမှ ထင်လိုက်လေသည်။

နီမောင်က ထိုနေရာသို့ လျှောက်သွားလေသည်။

မနီးမဝေးရောက်တော့ ရပ်ပြီး ပြောလိုက်သည်။

"ဘာကြောင့် လာပြီးနှောက်ယှက်နေတာလဲ၊ ငါတို့ဘက်က ဘာမှလာပြီး ကျူးလွန်တာမျိုးမရှိပဲ အခုလိုလာပြီး နှောက်ယှက်နေတာတော့ မကောင်းပါဘူး၊ ရန်သူလိုသဘောထားပြီး အနှောက်အယှက် ပေးနေရင်တော့ တုံ့ပြန်ရလိမ့်မယ်၊ အဲဒီအခါကျတော့ အပြစ်မပြောလေနဲ့"

ဟု ပြောလိုက်သည်။





ထိုသို့ပြောသော်လည်း နေရာမှာ ရပ်မြဲရပ်နေသေးသောကြောင့် မေးလိုက်သည်။

"နင် ဘာလိုချင်လို့လဲ"

ဘာမှပြန်မပြောပေ။

အတန်ကြာတော့ ထိုနေရာမှ ပြန်လှည့်သွားပြီး မြင်ကွင်းမှ ပျောက်သွားလေသည်။

နီမောင်လည်း ထိုနေရာမှာပင် ရပ်ကာ အခြေအနေစောင့်ကြည့်နေသော်လည်း ဘာမှမထူးခြားတော့မှ တဲအတွင်းသို့ ပြန်ဝင်လာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၀)

# သုသာန်မြေတွင် တဲဆောက်မိခြင်း

နောက်တစ်ရက်မှာတော့ နီမောင်တစ်ယောက် ရွာသို့ပြန်သွားပြီး ဦးဗန်ကောင်းထံသို့သွားကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် နီမောင်ပြောပြသော အကြောင်းအရာများကို နားထောင်နေပေလ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စကားဆုံးတော့မှ ပြန်ပြောသည်။

"သရဲတစ္ဆေ၊ ဖုတ်ပြိတ္တာတွေကတော့ နေရာအနှံ့အပြားမှာ သူ့အဆင့်အတန်းနဲ့သူ ရှိနေကြတာပါပဲ၊ မမြင်သင့် မမြင်ထိုက်လို့သာ မမြင်ကြရတာပါ၊ တကယ်လို့သာ မြင်ခွင့်ရမယ်ဆိုရင် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ခြေချစရာမရှိအောင် ပြည့်ကျပ်နေတာကို တွေ့ရမှာပါ"

"များလိုက်တာနော်"

"များတာပေါ့ကွာ၊ လူတွေ့က တစ်နေရာမှာ လူတွေစုဝေး နေတာမြင်ရင် 'လူတွေများလိုက်တာ၊ ဒီ့ထက်ပိုများလာရင် ကမ္ဘာမှာ နေစရာမရှိဘူးလို့ ညီးတွားကြတယ်၊ ငါ ဥပမာတစ်ခုပြောပြမယ်၊ လူတွေများတယ်ဆိုတဲ့ မြို့တစ်မြို့လုံးမှာ ရှိကြတဲ့ လူတွေဟာ ခြအုံတစ်အုံ၊ ပုရွက်ဆိတ်အုံတစ်အုံမှာ ရှိကြတဲ့ သတ္တဝါတွေလောက် ဘယ်များပါ့မလဲ"

"ဟုတ်ကဲ့"

"ဒါထက် ရေထဲမှာနေတဲ့ ငါးတစ်ကောင် ပုဇွန်တစ်ကောင်က ပေါက်တဲ့အရေအတွက်ဟာ သိန်းနဲ့သောင်းနဲ့ချီပြီး များတယ်"

"များလိုက်တာနော်"

"ဒါကြောင့်. . လူ့ဘုံလူ့ဘဝမှာ လူတွေ တိုးပွားလာတယ်ဆိုတာ တိရိစ္ဆာန်ဘုံလောကနဲ့ နှိုင်းယှဉ်တဲ့အခါ မပြော





ပလောက်သေးဘူး"

"မှန်ပါတယ် အဘရယ်"

"လူ့ဘုံထက် တိရိစ္ဆာန်ဘုံက အရေအတွက်က ပိုများသလို တိရိစ္ဆာန်ဘုံအရေအတွက်ထက် ပြိတ္တာဘုံလောကသားတွေက ပိုများကြတယ်၊ သစ်ပင်တစ်ပင်မှာ လူများများ မနေနိုင်ကြဘူး၊ ဒါပေမယ့် ခြ၊ ပုရွက်ဆိတ် ပိုးမွှားတွေက မရေမတွက်နိုင်အောင် ရှိနေကြတယ်၊ အဲဒါထက် မမြင်နိုင်တဲ့ ပြိတ္တာလောကသားတွေက ဒုနဲ့ဒေးနဲ့ ရှိကြတယ်"

"ဒီလိုဆိုရင် ငရဲဘုံမှာလည်း အများကြီး ရှိကြမှာပဲပေါ့နော်"

"ရှိတာပေါ့ကွာ၊ ငရဲကြီးရှစ်ထပ်အပြင် ငရဲငယ်တွေကလည်း အများကြီးရှိသေးတယ်၊ ငရဲကြီးတစ်ထပ်မှာ ငရဲငယ် (၂၀)ရှိတယ်၊ ငရဲကြီးရှစ်ထပ်ဆိုတော့. . ငရဲပေါင်း (၁၆၀) တောင်ရှိတယ်၊ အဲဒီဘုံတွေမှာလည်း မရေမတွက်နိုင်အောင် ရှိနေကြတယ်"

"ကြောက်စရာပဲ"

"လူတွေက မသိလို့ မကြောက်ကြတာပါ၊ တချို့ကျတော့လည်း သိရက်နဲ့ ဇွတ်တိုးကြတာတွေလည်း ရှိတယ်၊ ဒီဘဝ ဒီကိုယ်နဲ့စံမယ်၊ နောက်ဘဝနောက်ကိုယ်နဲ့ ခံမယ်ဆိုပြီး အကုသိုလ်တွေ လုပ်ကြတယ်၊ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံဆိုတာ ငရဲခံရရုံနဲ့တင် မပြီးသေးဘူး၊ ဖြစ်လေရာ ဘုံဘဝတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ ဆက်ပြီးခံကြရတယ်ဆိုတာ သဘောပေါက်ရင်တော့ လုပ်ဝံ့ကြတော့မှာ မဟုတ်ပါဘူး"

"ကျွန်တော်တို့လည်း မကောင်းတာ မလုပ်ကြပါဘူး၊ ဒါပေမယ့် ဒီမကောင်းဆိုးဝါးတွေက ဘာကြောင့်လာပြီး အနှောက်အယှက် ပေးနေကြတယ် မသိပါဘူး"

"ရှုပ်ထွေးနေတဲ့ ချည်ခင်ကို ရှင်းချင်ရင် အစရှာရသလိုမျိုးပေါ့၊ သူတို့လည်း အကြောင်းမရှိပဲနဲ့တော့ မင်းတို့ဆီလာပြီး နှောက်ယှက်ကြမယ် မထင်ဘူး၊ အကြောင်းတစ်ခုခုရှိလို့သာဖြစ်မှာပါ"

"ကျွန်တော် အခုလာတာ တခြားတော့ မဟုတ်ပါဘူး၊ အဘ ကျွန်တော်တို့တဲကိုလိုက်ခဲ့ပြီး တစ်ချက်လောက်ကြည့်ပေးပါ"

"အေးလေ အဖြေသိရအောင် လိုက်ခဲ့ပါ့မယ်"

ဟု ပြောဆိုကာ ဆေးကုသွားသောအခါ ယူဆောင်လေ့ရှိသော ဆေးဝါးပစ္စည်းများ ထည့်ထားသော လွယ်အိတ်တစ်လုံး တောင်ဝှေးတစ်ချောင်းကိုယူကာ နီမောင်နှင့်အတူ လိုက်လာလေတော့သည်။

ရွာထဲသို့ ရောက်သောအခါ နီမောင်က အိမ်သို့ဝင်ပြီး ဦးဇန်ကောင်းအတွက် ကွမ်းဆေးလက်ဖက်တို့ကို ထပ်မံယူပြီးမှ လယ်တဲသို့ သွားကြလေသည်။

လယ်တဲမှာ အင်းစပ်နှင့် မနီးမဝေးမှာ ရှိသော





ကြောင့် ရွာနှင့် အနည်းငယ်ဝေးလေသည်။

နွေရာသီမှာတော့ လယ်ကွင်းများမှ ဖြတ်သွား၍ ရသော်လည်း မိုးရာသီ လယ်ကွက်များထဲ ရေဝင်သောအခါ သွားလာ၍ မရတော့ပေ။ ထိုအခါ ကန်သင်းများအပေါ်မှ ကွေ့ပတ်ပြီး လျှောက်ကြရသည်။

သွားလာရတာ ခရီးမတွင်သောကြောင့် ညနေစောင်းတော့မှ လယ်တဲသို့ ရောက်သွားကြသည်။ စောထီးနှင့် ငမဲအောင်တို့ကလည်း ဦးဇန်ကောင်း ပါလာသဖြင့် ဝမ်းသာနေကြသည်။

နေဝင်ချိန်ရောက်တော့ ဦးဇန်ကောင်းက ထိုနေရာတစ်ဝိုက်သို့လှည့်ကာ တစ်ယောက်တည်း လိုက်ကြည့်နေသည်။

ထိုနေရာတစ်ဝိုက်တွင် ချောင်းရိုးတစ်ခုရှိသည်။

မိုးရာသီ ရေများတော့မှ ချောင်းတွင်းမှာ ရေရှိပြီး နွေရာသီရောက်လျှင် မရှိတော့ပေ။

ချောင်းကမ်းစပ် တစ်ဖက်တစ်ချက်မှာတော့ ကိုင်းပင်များနှင့်ခြုံများ တောက်လျှောက်ပြည့်နေသည်။

နီမောင်တို့ တဲဆောက်ထားသောနေရာမှာ ချောင်းနှင့် မနီးမဝေး ကုန်းမြင့်ပေါ်တွင် ဖြစ်သည်။

ထိုနေရာနှင့် မနီးမဝေးမှာလည်း ပျဉ်းမပင်ကြီးအချို့ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန်ဖြစ်သဖြင့် ထိုသစ်ပင် သစ်ကိုင်းများပေါ်တွင် အိပ်တန်းပြန်လာသော ဗျိုင်းမျိုးစုံတို့ ရှိနေကြသည်။ ဦးဗန်ကောင်းက ထိုနေရာတစ်ဝိုက်သို့ လှည့်လည်ကြည့်ရှုပြီး မှောင်ရီသမ်းတော့မှ တဲသို့ ပြန်လာသည်။

"ဒီနေရာကို နေဖူးသလား"

"အရင်ကတော့ မနေဖူးဘူးအဘ၊ ဟိုနှစ်တွေက ရွာနဲ့မဝေးတဲ့နေရာမှာပဲ တဲဆောက်ကြတယ်၊ မနှစ်က ရေကြီးတော့ တဲလည်းမြုပ်၊ ကျွဲနွားတွေလည်း ဒုက္ခရောက်ကြတာနဲ့ ဒီနှစ်တော့ ကုန်းမြင့်တဲ့ ဒီနေရာမှာ လာဆောက်ကြတာပါ၊ ဘာဖြစ်လို့လဲ အဘ"

"သေသေချာချာတော့ မသိရသေးဘူး၊ ငါ့စိတ်ထဲမှာတော့ ဒီနေရာမှာ တစ်ခုခု ရှိနေပုံပဲ၊ ညကျတော့ သိရမှာပေါ့"

ဟု ပြောပြလေသည်။

နီမောင်တို့ သုံးယောက်ကတော့ ဦးဗန်ကောင်းစကား ကြားကတည်းက စိတ်ဝင်စားနေကြလေပြီ။

ညဦးပိုင်း အချိန်ကျော်တော့ ဦးဗန်ကောင်းက စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကို ထမင်းနှင့် ဟင်းနှစ်ပွဲ ပြင်ခိုင်းလေသည်။

သို့ကြောင့် ချက်ပြုတ်ထားသော ဟင်းနှင့် ထမင်းကို ဖက်များနှင့်ထည့်ကာ ပြင်ပေးလိုက်သည်။

ဦးဗန်ကောင်း ထိုထမင်းထုပ်များကိုယူ၍ အပြင်သို့





ထွက်သွားရာ နီမောင်တို့သုံးယောက်လည်း နောက်မှ လိုက်သွားကြလေသည်။

အပြင်ဘက်ရောက်တော့ ချောင်းစပ်နှင့် မနီးမဝေး၌ရှိသော သစ်ပင်ကြီးအောက်တွင် ကွင်းပိုင်ကြီးအတွက် တစ်ပွဲပြင်ထားပေးခဲ့သည်။

ထိုနေရာနှင့် မနီးမဝေးတွင် အင်းစပ်၌ ပေါက်နေသည့် သစ်ပင်တစ်ပင်ရှိရာ ထိုနေရာသို့ သွားကာ နောက်ထပ် ထမင်းတစ်ပွဲကိုပြင်၍ ချထားပေးလိုက်သည်။

"ဒီအင်းနဲ့သက်ဆိုင်သူ လာစားလှည့်ပေတော့"

ဟု ပြောဆိုရေရွတ်ကာ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

တော်တော်နှင့်တော့ ထူးခြားမှု မတွေ့ရသေးပေ။

"လာပါ့မလား အဘ. .၊ အဘက ဆရာဆိုတော့ ကြောက်ပြီး လာဝံ့ပါ့မလား"

နီမောင်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"လာမှာပါ. .၊ ငါက သူတို့ကို ရန်ပြုဖို့ ခေါ်တာမှမဟုတ်ပဲ၊ ကျွေးချင်မွေးချင်လို့ မေတ္တာနဲ့ခေါ်တာပဲ ရောက်လာပါလိမ့်မယ်"

ထိုသို့ ပြောဆိုနေစဉ် အတော်ဝေးဝေးမှ လျှောက်လာသော ခြေသံကြီးကို ကြားရသဖြင့် လှမ်းကြည့်လိုက်သော အခါ သူတို့ရှိသော နေရာဘက်သို့ တစ်လှမ်းချင်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာနေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ကြရလေသည်။

"ဟိုမှာ လာနေပြီ"

အရပ်အမောင်းက ထန်းပင်လောက်မြင့်ပြီး အလုံးအထည်ကလည်း အတော်ကြီးသည်။

လေတိုက်နေသောကြောင့် နောက်ဘက်တွင် ချထားသော ဆံပင်များက လွင့်နေရာ ကောက်ရိုးပုံ လေပွေဝင်မွှေနေသည်နှင့်ပင် တူပေသည်။

မနီးမဝေးရောက်လာတော့ အရပ်က တဖြည်းဖြည်းနိမ့်သွားပြီး ကိုယ်လုံးကလည်း သေးလာသည်။

သူတို့ရပ်နေသော နေရာနှင့် မနီးမဝေးရောက်သောအခါ သာမန်လူတစ်ယောက် အရွယ်အစားမျိုးလောက်သာ ရှိပေတော့သည်။ မိန်းမတစ်ယောက်ပင် ဖြစ်၏။

၎င်းက. . ထမင်းဟင်းများ ချပေးထားသောနေရာရောက်သောအခါ ရှေ့ဆက်တိုးမလာတော့ဘဲ ရပ်တံ့သွားသည်။

"မိတ်ဆွေအနေနဲ့ ကျွေးမွေးခြင်း ဖြစ်ပါတယ်၊ ငါတို့ကို မိတ်ဆွေလို သဘောထားရင် ငါတို့ကျွေးမွေးတဲ့ ထမင်းဟင်းတွေကိုစားပါ"

ဦးပန်ကောင်းက ထိုသို့ပြောလိုက်သောအခါ ဖက်ဖြင့်ပုံပေးထားသော ထမင်းဟင်းများအနီးတွင် ဆောင့်





ကြောင့်ထိုင်ကာ စားသောက်ရ ခဏချင်းမှာပင် ကုန်သွားလေသည်။

"နင့်နာမည် ဘယ်သူလဲ"

"မဖဲဝါ. ."

"သုသာန်တွေကိုစောင့်တဲ့ မဖဲဝါ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုကြောင့် ဒီနေရာရောက်နေတာလဲ"

"သူတို့ခေါ်လာလို့ပါ"

"အရင်ဘဝက မကောင်းမှုတွေပြုခဲ့လို့ အခု သရဲဘဝရောက်နေတယ်၊ အခုဘဝမှာ မကောင်းမှု ပြုနေဦးမယ်ဆိုရင်တော့ ကျွတ်မှာမဟုတ်တော့ဘူး"

"သူတို့ခိုင်းလို့ လုပ်ပေးနေတာပါ"

"ဒီတဲမှာ နေကြတဲ့လူတွေကို ဘာကြောင့် အနှောက်အယှက်ပေးနေရတာလဲ၊ နင် စောင့်ရှောက်တဲ့. . အင်း နယ်နိမိတ်နဲ့ မလွတ်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့် ခြောက်လှန့်နေတာလဲ"

"ခြောက်လှန့်ကြတာ ငါတို့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူတွေလဲ"

"သူတို့ တဲဆောက်ထားတဲ့နေရာက. . အရင်က သုသာန်ဟောင်းတစ်ခုပါ၊ ခြောက်လှန့်တာက. . သုသာန်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းမှာ ရှိနေကြတဲ့ မကျွတ်မလွတ်သေးတဲ့ မိစ္ဆာတွေပါ။ သူတို့က ဘုရားစာ တရားစာတွေ ရွတ်နေကြတော့ သူတို့ ဒီနေရာမှာ မနေနိုင်ကြလို့ တခြားမှာ သွားနေကြရတယ်. . ဒါကြောင့် ဒီနေရာမှာ မနေစေချင်လို့ ခြောက်လှန့်နေကြတာပါ"

ဒီတော့မှ နီမောင်တို့လည်း သဘောပေါက်သွားကြသည်။

"ဒါဖြင့် နင်ကရော ဒီနေရာကို ဘာလာလုပ်တာလဲ"

"သူတို့ကို အန္တရာယ်မဖြစ်စေချင်လို့. . သတိပေးရအောင် လာတာပါ"

"ကောင်းပြီ. . . ဒီလိုလာပြောပြတာ ကျေးဇူးတင်ပါတယ်၊ ငါတို့ကိုလည်း မိတ်ဆွေလိုသဘောထားပါ။ အနှောက်အယှက်လည်း မပေးပါနဲ့၊ တခြားအနှောက်အယှက်ပေးကြတဲ့ မိစ္ဆာတွေကိုလည်း အဝေးရောက်အောင် ဖယ်ပေးပါ"

ဟု ဦးဇန်ကောင်းက ပြောလိုက်သောအခါ ခေါင်းညိတ်ပြပြီး နီမောင်ကို ကြည့်နေသည်။

နီမောင်က ထိုအခြေအနေကို သဘောပေါက်သဖြင့် ရှေ့သို့ထွက်သွားလေသည်။

"နင် ဘာပြောချင်လို့လဲ"

"မကြာခင် ဟိုဘက်အင်းက မိန်းမတစ်ယောက်ကို ငါသတ်ရတော့မယ်၊ သူက ငါ့ကို ရန်သူလို သဘောထားပြီး





အနှောက်အယှက်ပေးနေတယ်"

ထိုစကားကြားတော့ နီမောင်စိတ်ထဲတွင် မြလေးညို ကို ချက်ချင်းသတိရလိုက်သည်။

"ကျွတ်ကုန်းရွာက မြလေးညိုကို ပြောတာလား"

"ဟုတ်တယ်၊ သူက နင့်အပေါ်မှာ သံယောဇဉ်ရှိနေတယ်၊ နင် သူ့ကိုတားဆီးပေးပါ"

"ဘယ်လိုတားဆီးပေးရမှာလဲ"

"လူပဲဖြစ်ဖြစ် သရဲတစ္ဆေပဲဖြစ်ဖြစ် 'စည်း'ဆိုတာရှိတယ်၊ သူ့ဘက်စည်း၊ ကိုယ့်ဘက်စည်း အကျော်ရဘူး၊ တကယ်လို့ ကျော်လာရင် ငါ့တာဝန်က ဘယ်သူ့ကိုပဲဖြစ်ဖြစ် သတ်ရမှာပဲ"

မမဖဲဝါစကားကြောင့် နီမောင်စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်သွားလေသည်။

"ဒီလိုမဖြစ်အောင် ငါ ဘာလုပ်ပေးရမလဲ"

"သူတို့ ငါတို့ စည်းထဲမဝင်ဖို့ နင် သတိပေးထားပါ။ ငါ့တာဝန်က စည်းကျော်လာတဲ့သူတွေကို သတ်ဖြတ်ရမယ့် တာဝန် ဖြစ်နေလို့ပါ"

ဟု ပြောပြီး ပြန်သွားလေတော့သည်။

မဖဲဝါရှိနေသောအချိန်က ငြိမ်သက်နေသော ပတ်ဝန်းကျင်မှာ သူပြန်သွားသော အချိန်မှာတော့ ချုံများပေါ်မှာသော်လည်းကောင်း၊ သစ်ပင်များပေါ်မှာသော်လည်း လှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားရှား ဖြစ်နေကြသော မည်းမည်းသဏ္ဍာန်များကို ပိုးတဝါး လှမ်းမြင်ကြရလေသည်။

"ဒီနေရာတစ်ဝိုက်မှာရှိနေတဲ့ ပရလောကသားတွေပေါ့ကွာ၊ သူတို့လည်း စားချင်သောက်ချင်လို့ ဖြစ်မှာပေါ့၊ နောက်ရက်တွေကျတော့ ထမင်းဟင်းကို ပိုပိုလျှံလျှံချက်ပြီး ကျွေးမွေးထားလိုက်ပေါ့၊ ဘယ်လောက်ဆိုးတဲ့ ခွေးပဲဖြစ်ဖြစ် သူ့ကိုအစာကျွေးဖူးတဲ့သူကို ဘယ်တော့မှ ပြန်မကိုက်ဘူး၊ လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ ပရလောကသားတွေနဲ့ပဲဖြစ်ဖြစ် ရန်သူဖြစ်နေတာထက် မိတ်ဆွေဖြစ်နေရင် ကိုယ့်အတွက် အထောက်အပံ့ရတာပေါ့"

ဟုပြောကာ တဲအတွင်းသို့ ပြန်ဝင်လာကြလေသည်။

အချိန်မှာ ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့ပေပြီ၊ အပြင်ဘက်မှာတော့ ဖား၊ ပုရစ်၊ ဖားလက်တက်အော်သံများသာ မှန်မှန်ကြားနေရသည်။

တဲအတွင်းရောက်တော့ အသင့်ကြိုထားသော လက်ဘက်ရည်သောက်ရင်း စကားပြောကြလေသည်။

"သူပြောသွားတဲ့အတိုင်း . . ဒီနေရာက သချိုင်းအပောင်းကြီးဖြစ်နေရင် ဆက်နေလို့မှ ဖြစ်ပါ့မလားအဘ"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"လယ်လုပ်ငန်းတွေ မစခင်၊ မိုးမများခင် တခြားနေရာရွှေ့ရရင် ကောင်းမလားလို့ပါ"





"တဲတွေ တင်းကုပ်တွေတောင် ဆောက်ပြီးမှတော့ကွာ ရွှေ့မနေတော့ပါနဲ့၊ ရွှေ့မနေတော့ပါနဲ့၊ သူတို့ကို တောင်းပန်ပြောဆိုပြီး တစ်နှစ်တော့နေပေါ့၊ နောက်တစ်နှစ် အလုပ်သိမ်းတော့မှ နောက်တစ်နေရာ ရွှေ့ချင်လည်းရွှေ့ပေါ့၊ ငါပြောသလို မိတ်ဆွေဖွဲ့ပြီးသာ နေကြပါ"

ဦးဖန်ကောင်းစကားကြားတော့မှ အနည်းငယ် စိတ်သက်သာရာ ရသွားကြလေသည်။

"ဒါထက် အဘကို မေးရဦးမယ်၊ သူပြောသွားတာဟို ဘက်အင်းက မြလေးညိုကို ပြောသွားတာ ဖြစ်မယ်အဘ၊ ကျွန်တော်တို့က ဒီအကြောင်း သွားပြောရင် သူက လက်ခံပါ့မလား၊ တော်ကြာ တစ်မျိုးထင်သွားမှာလည်း စိုးရသေးတယ်"

နီမောင်စကားကြားတော့ ဦးဖန်ကောင်းက သောက်လက်စ လက်ဘက်ရည်ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ယုံတာမယုံတာတော့ သူ့ဘက်က အပိုင်းပေါ့၊ မိတ်ဆွေတစ်ယောက်အနေနဲ့ သတိပေးသင့်တာတော့ သတိပေးရမှာပေါ့၊ လွန်သွားပြီးမှဆိုရင် မင်းလည်း စိတ်မကောင်း ဖြစ်နေရုံကလွဲပြီး ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး"

ဟု ပြောကာ စကားဝိုင်းသိမ်းကြကာ အိပ်ရန် ပြင်ကြလေသည်။ ထိုညက နီမောင်မှာ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ အတွေးများနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါအကြောင်း၊ သုသာန်မြေမှ တဲဆောက်မိသော အကြောင်းများအပြင် မဖဲဝါပြောသွားသော စကားထဲတွင် 'မြလေးညိုက သံယောဇဉ်ရှိနေတယ်'ဟူသော စကားများက ပဲ့တင်ထပ်နေလေတော့သည်။









# အခန်း(၁၁)

# အာယာတရန်ငြိုးများ

လောကတွင် ကံကြမ္မာအလှည့်အပြောင်းတို့သည် ချားရဟတ်ကြီး လည်နေသကဲ့သို့ အနိမ့်အမြင့် အပြောင်းအလဲ ဖြစ်နေတတ်ပေသည်။ မြလေးညိုတို့လည်း ထိုကဲ့သို့ အပြောင်းအလဲမျိုးဖြင့် ကြုံတွေ့နေကြရပေသည်။

ဃခင်နှစ်များက ကျတ်ကုန်းအင်းကို လုပ်ကိုင်ခဲ့သည်မှာ များစွာအဆင်ပြေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖက်မှာရှိသော မိုးယွန်းကြီးအင်းနှင့် အပြိုင်လုပ်၍ ရခဲ့ပေသည်။ အင်းနယ်နိမိတ်ချင်းယှဉ်လျှင် လေးပုံတစ်ပုံခန့် ပင်ရှိသော်လည်း ငါးအထွက်ကျတော့ မတိမ်းမယိမ်းပင် ရကြလေသည်။

ထိုသို့ရခြင်းမှာ တရားသောနည်း မတရားသောနည်းဖြင့် လုပ်ခဲ့ကြသောကြောင့် ဖြစ်သည်။

ယခင်က သူတို့အင်းမှာ အင်းစောင့်အဖြစ်ထားသော သရဲတာတေ ရှိသည်။ ဟိုဘက်အင်းမှာလည်း အင်းစောင့်အဖြစ်ထားသော သရဲနက်ကျော် ရှိသည်။

သို့သော် နက်ကျော်က တာတေကို ကြောက်ရသည်။ တာတေလာလျှင် ထွက်ပြေးရသည်။

ထို့ကြောင့် ဒီဘက်အင်းမှ ငါးဖမ်းသမားများက ဟိုဘက် အင်းထဲအထိဝင်ပြီး ငါးဖမ်းကြသည်။

လူမိုက်များလာလျှင်လည်း သရဲတာတေက ခြောက်လှန့်သဖြင့် ပြန်ပြေးရသည်က များသည်။

လူမိုက်များမှာ လူလူချင်းသာ မိုက်ဝံ့သော်လည်း တစ္ဆေသရဲနှင့်တွေ့လျှင် ကြောက်တတ်သူများသည်။

သို့ကြောင့် ကျတ်ကုန်းအင်းမှာ သေးသော်လည်း ငါးအထွက်များခဲ့ခြင်း ဖြစ်သည်။

မြလေးညိုတို့လည်း ဦးခေါင်းမော့ပြီး အလုပ်လုပ်နိုင်သည့် အခြေအနေမျိုး ရခဲ့ကြပေသည်။





ဒီနှစ်ရောက်တော့ အခြေအနေက ပြောင်းလဲသွားပေတော့သည်။ ဟိုဘက်အင်းမှာ သုသာန်စောင့် သရဲမ မဖဲဝါ ရောက်လာသည်။

ဘယ်နေရာကဘယ်လို ရောက်လာသည်တော့ မသိကြပေ။ မဖဲဝါ ရောက်လာတော့ ဒီဘက်အင်းစောင့်သရဲ တာတေက ကြောက်ရသည်။

သရဲနက်ကျော်ကို နိုင်ခဲ့သမျှ မဖဲဝါနှင့်တွေ့တော့ ထွက်ပြေးရသည်။ ဒီဘက်အင်းကလူတွေကို ဟိုဘက်အင်း ဝင်လျှင် ခြောက်လှန့်သည်။ ခြောက်လှန့်၍မှ မရလျှင် သတ်ဖြတ်ပစ်သည်။

လူတစ်ယောက်နှစ်ယောက် သေပြီးသည့်နောက်မှာတော့ မဝင်ဝံ့ကြတော့ပေ။

ထို့ထက် ဟိုဘက်အင်းမှ လူများကပါ ဒီဘက်အင်းထဲသို့ ရဲရဲတင်းတင်းဝင်ရောက်ကာ ငါးဖမ်းကြသည်။

သရဲတာတေလည်း ဘာမှမတတ်နိုင်တော့ပေ။

မဖဲဝါကို ကြောက်သဖြင့် သစ်ပင်ပေါ်မှပင် မဆင်းဝံ့တော့ပေ။ ဒီနှစ်ကတော့ မြလေးညိုတို့ဘက်က ခံရသောနှစ်ဖြစ်သည်။

ဟိုဘက်အင်းက လူတွေက ညဘက်ရောက်သည်နှင့် ဒီဘက်အင်းထဲဝင်ကာ ငါးဖမ်းကြသည်။ ဒီဘက်အင်းက လူတွေ လာတာမြင်သည်နှင့် ဟိုဘက်အင်းထဲ ဝင်ပြေးကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်မှ ဝင်လိုက်သွား၍ ဟိုဘက်အင်းထဲ ရောက်သည်နှင့် သရဲမ မဖဲဝါရောက်လာပြီး ခြောက်လှန့်လေသည်။ သို့ကြောင့် ဆက်မလိုက်ဝံ့ပဲ ထွက်ပြေးကြရသည်။

မြလေးညိုမှာ ထိုအခြေအနေကို မခံမရပ်နိုင် ဖြစ်နေသည်။ လူလူချင်း မကြောက်တတ်သောလည်း သရဲနှင့်တွေ့တော့ ဘာမှမတတ်နိုင်ပေ။

သရဲမကြောက်သော်လည်း လှေကိုမှောက်ပစ်သောအခါ ဆက်လိုက်၍မရတော့သဖြင့် လှည့်ပြန်ရသည်က များလေသည်။

မြလေးညိုထံတွင် ဒေါ်မင်းဇာ စီရင်ပေးထားသော ဂဝံမျက်နှာဖုံးပုံသဏ္ဍာန် နာနာရုပ်၊ ဆေးရုပ်တုတစ်ခုရှိသည်။

နှစ်လက်မ အရွယ်လောက်သာ ရှိသေးသော်လည်း အစွမ်းထက်လှသည်။

သရဲတစ္ဆေ၊ ဖုတ်ပြိတ္တာတို့ မကပ်ရောက်နိုင်ကြပေ။

သို့သော် မဖဲဝါက ကမ္ဘဇိတ္တိရှိသော ပရလောကသားဖြစ်ပေသည်။ ရုပ်တုရှိသော မြလေးညိုကို အန္တရာယ်မပေးနိုင်သော်လည်း ကျန်အလုပ်သမားများကို အန္တရာယ်ပေးသည်။ အနှောက်အယှက်ပေးသည်။

သို့ကြောင့်. . . ကျတ်ကုန်းအင်းမှာ ယခင်နှစ်များလောက် ငါးအရ မများတော့ပေ။





ထိုအခါ မြလေးညိုမှာ အလိုလိုနေရင်း ဒေါသထွက်နေတော့သည်။ လူလူချင်းသာဆိုပါက ဖြစ်တဲ့နည်းဖြင့် စာရင်းရှင်း၍ ရသော်လည်း မမြင်ရသော ပရလောကသားများနှင့် စာရင်းရှင်းရသည်က ခက်သည်။

သူ့အားကိုးရသော လူမိုက်များလည်း မတတ်နိုင်ပေ။

မခံချင်သဖြင့် သူမကိုယ်တိုင် သရဲမနှင့် နပန်းလုံးရန်လည်း မဖြစ်ပေ။ သို့ကြောင့် စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေလေသည်။

စိတ်မကြည်သာသဖြင့် အလုပ်သမားများနှင့် ဆက်ဆံသည့် အခါမှာလည်း ပြေပြေပြစ်ပြစ် မဖြစ်တော့ပေ။

ဒေါသနှင့် ပြောဆိုဆက်ဆံသောကြောင့် အချို့အလုပ်သမားများမှာ မကျေမနပ် ဖြစ်လာကြတော့သည်။

အချို့က အပြစ်မရှိ အပြစ်ရှာကြပြီး ပြောသည်ဟု ထင်သည်။ အချို့က နိုင်ထက်စီးနင်း ပြောဆိုဆက်ဆံသည်ဟု ထင်ကြသည်။

သို့ကြောင့် အလုပ်ထွက်သူထွက် အလုပ်ပြောင်းသူပြောင်း အခြားအလုပ်များသို့ ရောက်သူက ရောက်သွားကြရာ အင်းတဲတွင် အလုပ်သမားပင် သိပ်မကျန်တော့ပေ။

ယခင်နှစ်များက ငါးခုတ်ငါးရွှေသော စင်များတွင် ငါးရွှေသူတို့၏ စကားပြောသံများ၊ သီချင်းဆိုသံများဖြင့် စည်ကားနေသော်လည်း ယခုနှစ်ရောက်တော့ တိတ်ဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်နေလေသည်။

မလွဲသာသဖြင့် (အချို့အလုပ်ရှင်ထံမှ ငွေပိုယူထားကြသောကြောင့် မလွဲသာသဖြင့် လာရောက်လုပ်ပေးနေကြရခြင်းဖြစ်၏။) လာရောက်လုပ်နေသူများသာ ရှိတော့ပြီး အချို့မလာကြတော့ပေ။

လယ်ယာလုပ်ငန်း ဝင်လုပ်သူလုပ် ကောက်စိုက်သူစိုက်၊ အခြားအင်းတဲများ သွားရောက်လုပ်ကိုင်သူက လုပ်ကြသောကြောင့် သူတို့အင်းတဲမှာ လူနည်းသွားခြင်း ဖြစ်ပေသည်။

ထိုကိစ္စများမှာ ဦးမိုးညိုနှင့် မြလေးညိုတို့ သားအဖနှစ်ယောက်ကြောင့်ပင် ဖြစ်ပေသည်။

ယခင်က ဦးမိုးညိုက ဆိုးသည်။

အလုပ်သမားများအပေါ်မှာ ပြောဆိုဆက်ဆံရာမှာ ကြမ်းတမ်းသည်။

မထင်လျှင် မထင်သလိုပြောကာ ဆဲဆိုကြိမ်းမောင်းလေ့ရှိသော်လည်း ဦးမိုးညိုက အလုပ်ရှင်လည်းဖြစ်၊ အသက်အရွယ်လည်း ကြီးသောကြောင့် သည်းခံနိုင်ကြသည်။

နောက်ပိုင်း မြလေးညိုက ဦးမိုးညိုနေရာတွင် ဝင်လာပြီး စီမံအုပ်ချုပ်သောအခါ ထိုကဲ့သို့ပင် ပြောဆိုဆက်ဆံလေသည်။ ထိုအခါ မခံနိုင်ကြပေ။





အဘယ်ကြောင့်ဆိုသော် မြလေးညိုက အသက်ငယ်သည့်အပြင် မိန်းကလေးတစ်ယောက် ဖြစ်သောကြောင့်ပင်. . .

အချို့က ဦးမိုးညိုကို ကြောက်သဖြင့် ဦးမိုးညိုမျက်နှာကို ထောက်ထားသည်းခံပေးနေကြခြင်းဖြစ်ပြီး မြလေးညိုကိုတော့ မကြောက်ကြပေ။

ဒါကို မြလေးညိုကတော့ မသိရှာပေ။

သူတို့ အင်းထဲတွင် လက်သပ်ကျွေးမွေးထားသောလူမိုက်အချို့ ရှိကြလေသည်။

ဖိုးထင်၊ သံပချိုင်၊ စံနက်ကျော်၊ သာနီးလှ၊ မှတ်ကြီး၊ ဆိုသူတို့ ဖြစ်ကြပြီး ၎င်းတို့အထဲကပင် မြလေးညိုအပေါ်ရန်ငြိုးဖွဲ့သူက ဖွဲ့နေကြသည်။

ယခင်က သရဲတာတေရှိသဖြင့် မထိဝံ့မစဝံ့ကြသော်လည်း ယခု တာတေက အားကိုး၍ မရတော့ပေ။

အင်းထဲသို့ မသွားဝံ့တော့သဖြင့် သူနေသော ပျဉ်းမပင်မှာပင် နေသည်။ သို့ကြောင့် စားချိန်တန်၍ မစားရလျှင်တော့ လာတောင်းသည်။

မကျွေးလျှင် ခြောက်လှန့်နှောက်ယှက်သဖြင့် မအိပ်ကြရတော့ပေ။

ဒီနေရာတွင် အလျင်းသင့်သဖြင့် သရဲမွေး၍ စေခိုင်းသူတို့အကြောင်းကို ထည့်သွင်းရေးသားရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲ၊ သဘက်၊ တစ္ဆေ စသည်တို့မှာ မိစ္ဆာဟုခေါ်သော ပရလောကသားစာရင်း၌ ပါဝင်သည်။

လူတို့ကို အကူအညီပေးရန်ထက် ခြောက်လှန့်နှောက်ယှက်မှုသာ ပြုတတ်ကြသည်။

ရှေးအတိတ်ဘဝကံ မကောင်းခဲ့သဖြင့် သရဲသဘက်ဘဝ ရောက်နေရသဖြင့် ထိုဘဝရောက်တော့လည်း ကောင်းသောအလုပ်ကို မလုပ်ချင်ကြပေ။

ခြောက်လှန့်ခြင်း နှိပ်စက်သတ်ဖြတ်ခြင်းတို့ကိုသာ အစဥ်သဖြင့် ပြုလုပ်လိုကြသည်။

ထိုကဲ့သို့သော ပရလောကသားတို့ကို မွေးမြူ၍ စေခိုင်းသောအလုပ်မှာ များစွာအန္တရာယ်များလှပေသည်။

မိစ္ဆာများကလည်း အလွယ်တကူ လိုက်လာကြခြင်း မဟုတ်ပေ။ နေစရာပေးပြီး စားစရာကျွေးမှ လာရောက်ကြခြင်း ဖြစ်ကြလေသည်။

တစ်ခုတော့ရှိသည်။ ထိုသို့ခေါ်ထားပြီးလျှင်တော့ ခိုင်းစရာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကျွေးတာတော့ မှန်မှန်ကျွေးရသည်။

ဥပမာ နေ့စဥ် အမဲသား တစ်ပိသာ ကျွေးပါမည်ဟု ကတိရှိခဲ့လျှင် မဖြစ်ဖြစ်တဲ့နည်းဖြင့် ရှာကြံကျွေးမွေးရသည်။

မကျွေးလျှင် မွေးသူကိုပြန်ပြီး အန္တရာယ်ပေးလေတော့သည်။





ပရလောက မိစ္ဆာသားတို့တွင် ကျေးဇူးတရားဆိုတာ မရှိ၊ ကြောင့်ကျထောက်ထားစရာလည်း မရှိကြပေ။

ထို့ပြင် အသုံးလိုစဥ်က ခေါ်ထားပြီး အသုံးမလိုတော့မှ မကျွေးနိုင်တော့မှ လူတစ်ယောက်ကို နှင်သကဲ့သို့ "သွားပေတော့"ပြောရုံနှင့်လည်း မရပေ။

သို့ကြောင့် သရဲမွေးသူတို့မှာ ခိုင်းရတာနည်းနည်း ကျွေးရတာများပြီး နောက်ဆုံး မွေးသူတို့ပင် ပြန်ပြီးအန္တရာယ်ပေးသည်မျိုးနှင့် ကြုံတွေ့ရတတ်ပေသည်။

ဦးမိုးညိုတို့လည်း ယခုလို အဖြစ်မျိုးနှင့် ကြုံတွေ့နေကြရလေသည်။ မွေးထားသော သရဲတာတေမှာ ယခင်က အားကိုးရသော်လည်း ယခုအားကိုး၍ မရတော့ပေ။

တစ်ဖက်အင်းတွင် သုသာန်စောင့် မဖဲဝါရောက်လာပြီးကတည်းက တာတေမှာ အင်းထဲကိုပင် မသွားဝံ့တော့ပေ။

သို့သော် ခိုင်း၍မရတော့သော်လည်း ကျွေးတာကတော့ ကျွေးနေရသေးသည်။

မြလေးညိုတို့မှာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို လုပ်ငန်းမကောင်းတော့သည့်အချိန်မှာ အခြားအနှောက်အယှက်တို့ကလည်း များစွာ ရှိနေကြပေသည်။

တစ်နေ့တော့ မြလေးညိုတို့အိမ်သို့ နီမောင် ရောက်လာလေသည်။ နီမောင် ရောက်လာသောအချိန်မှာ ဦးမိုးညိုနှင့် မြလေးညိုတို့ သားအဖနှစ်ယောက်က မရှိပဲ ဒေါ်မြလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြနှင်းဖြူတို့သာ ရှိကြလေသည်။

ဒေါ်မြလေးကတော့ နီမောင်ရောက်လာကတည်းက အခြားလုပ်စရာရှိသည်များ လုပ်နေကာ အနားကိုပင်မလာပေ။ မြနှင်းဖြူကသာ နီမောင်ကို ဧည့်ခံလေသည်။

"နီမောင် နင် ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာပါ။ ငါ မြလေးညိုနဲ့ တွေ့ချင်လို့လာတာ"

"အဖေနဲ့အမေက အင်းထဲသွားနေကြတယ်၊ ထမင်းစားချိန်လောက်မှ ပြန်ရောက်လာကြလိမ့်မယ်၊ နင်တွေ့ချင်ရင် ခဏတော့ စောင့်မှဖြစ်မယ်"

"ရပါတယ်၊ ငါ စောင့်နေပါ့မယ်၊ ဒါထက် နင်တို့ ဒီနှစ်လုပ်ငန်းတွေ အဆင်ပြေကြရဲ့လား"

"ငါကတော့ သိပ်မသိပါဘူး၊ ဒါပေမယ့် ပြောသံကြားတာတော့ အဆင်ပြေပုံမရဘူး"

"ငါ မြလေးညိုနဲ့ တွေ့ချင်တာလဲ ဒီအကြောင်းတွေ မေးချင် ပြောချင်လို့ပါ"

"အခုလို တကူးတကလာပြီး မေးဖော်ရတာ ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

"ငါက . . အလုပ်တွေမအားလို့ ဒီဘက်ကိုသာမရောက်ပေမယ့် စိတ်ထဲမှာတော့ အမြဲသတိရနေတာပါ"

မြနှင်းဖြူက ကျေနပ်သော အမူအယာဖြင့် တစ်ချက်





ပြုံးလိုက်လေသည်။

"မမနဲ့ တွေ့ချင်တာ ဘယ်လိုကိစ္စမျိုးလဲဟင်"

"အလုပ်နဲ့ သက်ဆိုင်တဲ့ကိစ္စတွေ ပြောချင်လို့ပါ၊ ငါ သူ့ကို သတိပေးစရာလေးတွေရှိလို့ လာတာပါ"

ထိုစကားကြောင့် မြနှင်းဖြူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မမကတစ်မျိုးပဲ မိန်းကလေးတန်မဲ့ ညအချိန်မတော်အင်းထဲသွားချင် သွားနေတော့တာပဲ"

ထိုသို့ပြောနေစဉ် မြလေးညိုတစ်ယောက်တည်း ပြန်ရောက်လာလေသည်။ ဦးမိုးညိုတော့ မပါပေ။

မြလေးညိုက နီမောင်ကိုမြင်တော့ အံ့ဩသွားဟန်ရှိလေသည်။

"နီမောင် နင်ဘယ်တုန်းက ရောက်နေတာလဲ"

"စောစောကပါပဲ"

"ဘာလဲ ငါ့ညီမကို လူပျိုလာလှည့်တာလား"

"မဟုတ်ပါဘူး၊ နင်နဲ့ စကားပြောချင်လို့ လာခဲ့တာပါ"

ဟုပြောတော့ အံ့ဩသွားသော အမူအယာဖြစ်သွားကာ အနားမှာ ဝင်ထိုင်လေသည်။

ထိုအခါ မြနှင်းဖြူက အလိုက်သိစွာနှင့်ပင် နေရာမှထသွားလေသည်။

"နင် ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် အင်းအံလုပ်တွေ အဆင်ပြေရဲ့လား မြလေးညို"

"သိပ်တော့အဆင်မပြေဘူး၊ နင် ဘာကြောင့် မေးတာလဲ"

"ငါ သတင်းကြားလို့ မေးတာပါ၊ ဒီလိုပေါ့ဟာ အလုပ်ဆိုတာ အဆင်ပြေတဲ့အခါပြေ၊ မပြေတဲ့အခါလည်း ရှိမှာပေါ့၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ စိတ်လိုက်မာန်ပါတော့ ဘာကိုမှ မလုပ်ပါနဲ့"

"နင် ဘာကို ပြောချင်တာလဲ၊ ငါ့ကို ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ"

"နင် ဟိုဘက်အင်းထဲကို ဝင်ဖို့ကြံတိုင်း ဟိုဘက်အင်းက သရဲမ မဖဲဝါနဲ့ တွေ့နေရတယ် မဟုတ်လား"

"နင် ဘယ်လိုသိတာလဲ"

"ငါ့မှာလည်း သိနိုင်တဲ့အကြောင်းတွေ ရှိပါတယ်၊ ငါ ပြောချင်တာက နင် အလုပ်လုပ်တဲ့အခါ စည်းမကျော်ပါစေနဲ့၊ စည်းကျော်ရင် နင် အန္တရာယ်နဲ့ တွေ့လိမ့်မယ်"

ထိုစကားကြားတော့ မြလေးညို မျက်နှာမှာ တင်းခနဲဖြစ်သွားလေသည်။ နီမောင့်မျက်နှာကိုလည်း အမိပ္ပါယ်တစ်မျိုး သဘောပေါက်သော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

"ဒီစကားတွေက ဟိုဘက်အင်းသူကြီးကလွှတ်ပြီး အပြောခိုင်းတာ မဟုတ်လား"





"ငါ့ကို အထင်မလွဲပါနဲ့ မြလေးညို၊ ဟိုဘက်အင်းသူကြီးကို ငါမသိပါဘူး၊ သူတို့နဲ့လည်း ဘာမှပတ်သက်မှု မရှိပါဘူး၊ ငါ အခုလာပြောတာ နင့်အတွက် စေတနာနဲ့ လာပြောတာပါ"

ဟု ပြောလိုက်တော့ တင်းနေသော မျက်နှာအမူအယာမှာ အနည်းငယ် ပြန်လျော့သွားလေသည်။

"ငါပြောတာ လွဲသွားရင် ဘယ်လိုမှ မအောင်းမေ့ပါနဲ့၊ ဒါပေမယ့် ငါ့ကိုတော့ အမှန်အတိုင်းတော့ ပြောပြသွားပါ၊ နင် ဒီအကြောင်းတွေကို ဘယ်လိုသိတာလဲ၊ နင့်ကို ဘယ်သူပြောတာလဲ"

ဟု မေးပြန်သည်။

နီမောင်က မတတ်သာတော့သဖြင့် အမှန်အတိုင်းပင် ပြောပြလိုက်ရသည်။

"မဖဲဝါ လာပြောပြလို့ သိတာပါ"

"ဟင်. ."

"ဒါကလည်း ငါ့အစွမ်းအစနဲ့ သိရတာ မဟုတ်ပါဘူး၊ ငါတို့ရွာမှာရှိတဲ့ ဆရာကြီး ဦးဗန်ကောင်းက ခေါ်မေးတုန်းက သူပြောပြလို့ သိရတာပါ၊ ငါ့ကို ဘယ်လိုမှ မထင်ပါနဲ့၊ ငါက နင့်အပေါ်မှာ တကယ့်စေတနာနဲ့ လာပြောပြတာပါ"

ဟု ပြောပြီး နီမောင်က နေရာမှ ပြန်ထသည်။

ထိုအခါ မြလေးညိုမှာ ပျာပျာသလဲ ဖြစ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နေ . . နေပါဦး၊ ငါ စောစောကပြောတဲ့စကား လွန်သွားရင် မှားသွားရင် ငါ့ကိုခွင့်လွှတ်ပေးပါ နီမောင်ရယ်"

ဟု တောင်းပန်သည်။

"ငါ နင့်ရဲ့စိတ်သဘောကို သိပါတယ်၊ နင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး"

"ဒီလိုဆိုရင် သူ ဘာတွေပြောသွားတယ်ဆိုတာ ငါ့ကို ပြန်ပြောပြစမ်းပါ"

နီမောင်က မဖဲဝါနှင့် တွေ့စဉ်က ပြောပြသွားသော အကြောင်းတွေကို ပြန်ပြောပြလိုက်သည်။

ထိုအထဲတွင် မြလေးညိုက နီမောင့်အပေါ်မှာ သံသယဇဉ်ရှိနေသည်ဆိုသော စကားတော့ မပါပေ။

"သူက ငါတို့ အခုဆောက်တဲ့တဲအောက်မှာ သချိုင်းဟောင်းရှိလို့ မကောင်းဆိုးဝါးတွေလာပြီး နှောက်ယှက်နေတာကိုပါ ပြောပြပေးသွားတယ်၊ သူက ပရလောက ရောက်နေရပေမယ့် လူတွေနဲ့ နီးစပ်မှုရှိပါတယ်၊ တတ်နိုင်သလောက်လည်း အကူအညီ ပေးချင်ပုံရတယ်၊ နင် သူနဲ့တော့ဖက်ပြီး ပြိုင်ဘက်မလုပ်ချင်ပါနဲ့"

ဒီတစ်ကြိမ်မှာတော့ မြလေးညိုက တင်းတင်းမာမာ အသံမျိုးနှင့် ဘာမှပြန်မပြောတော့ပေ။

"သဘောတစ်ခုပြောရရင် သူမျှားကျွေးတာစား၊ ပေး





တာယူရတဲ့သူဟာ လူပဲဖြစ်ဖြစ် ပရလောကသားပဲဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ် သခင်ဆိုင်တဲ့သူ ခိုင်းစေတာကိုတော့ တာဝန်ကျေအောင် လုပ်ပေးကြရတယ်၊ သူလည်း သရဲဘဝ ရောက်နေပေမယ့် သူ့တာဝန်သူ ကျေပွန်အောင် လုပ်နေရတော့ သူနဲ့ဝေးဝေးနေတာ ကောင်းမယ်ထင်လို့ပါ"

"နင်ပြောတာကို ငါသဘောပေါက်ပါတယ်၊ ငါလည်း ဒီလိုမလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဟိုဘက်အင်းက လူတွေက အဲဒီ သရဲမအားကိုးနဲ့ ငါတို့အင်းထဲကို ဝင်ပြီး ငါးခိုးနေကြတယ်"

နီမောင်က မကျေမနပ်ဖြင့် ပြောနေသော မြလေးညို စကားကိုသာ နားထောင်နေသည်။

"နီမောင် နင်ပြောတဲ့စကားကို ငါ နားထောင်ပါ့မယ်၊ ငါ့ကိုလည်း တစ်ခုလောက်ပြန်ပြီး အကူအညီ ပေးပါလား"

"ငါက ဘယ်လိုအကူအညီ ပေးရမလဲ"

"နင်နဲ့သိတဲ့ ဆရာကြီးကို ခေါ်လာပြီးတော့ ဟိုဘက်အင်းထဲကလူတွေ သရဲသဘက်တွေ ငါတို့အင်းဘက် ဝင်မလာအောင် တားဆီးပေးပါလား"

"ဆရာကြီးက အဲဒီလို အလုပ်မျိုးတွေ လုပ်မလုပ်တော့ ငါမသိဘူး၊ ဒီကပြန်သွားရင်တော့ အကျိုးအကြောင်း ပြောကြည့်ပေးပါ့မယ်"

"တကယ်လို့ အကူအညီ ပေးနိုင်ရင်တော့ နင့်ရဲ့ကျေး



www.burmeseclassic.com

www.burmeseclassic.com



ရူးကို ငါမမေ့ပါဘူး နီမောင်ရယ်”

ဟု ပြောလေသည်။

ထို့နောက် နီမောင်လည်း မြလေးညိုကို နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။









# အခန်း(၁၂)

# အင်းတဲအတွင်းမှ ကယ်တင်သောသူ

နောက်ပိုင်း အင်းရာသီစတင်သော အခါမှာလည်း မြလေးညိုတို့ အင်းအခြေအနေမှာ မကောင်းလှပေ။ သူခိုးသူဝှက်များခြင်း၊ အနှောက်အယှက်များခြင်းတို့ကြောင့် သိသိသာသာကြီး လျော့ကျသွားလေသည်။

ဒီဘက်အင်းတွင် အင်းစောင့်သူရဲ မရှိတော့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညအချိန် ငါးခိုးသူများကလည်း ရဲရဲတင်းတင်းပင် ဝင်ရောက် ဖမ်းယူကြသည်။

အင်းလုပ်သူအချင်းချင်း ဝင်ရောက်ခိုးယူခြင်း ရှိသလို အင်းနှင့်နီးသော ပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားများက ပါ ဝင်ရောက်ခိုးယူကြသဖြင့် ငါးအရနည်းလာခြင်း ဖြစ်ပေ သည်။

ရွာများမှာနေကြသူတို့မှာ ငါးဖမ်းကိရိယာများ ရှိကြ သည်။ မြုံး၊ ယင်း၊ ပိုက်ကွန်၊ ဆောင်း၊ စသည်တို့ အိမ်တိုင်းမှာ ရှိကြသည်။

အင်းထဲတွင် ဝင်ရောက်ဖမ်းဆီးခွင့် မကြုံသောအခါ လယ်ထဲ၊ ချောင်းတွေမြောင်းတွေထဲ ဆင်းကာ ရှာဖွေစား သောက်ကြသည်။

လယ်ကွင်းများထဲတွင် စပါးပင်များ မစိုက်ခင်ဆိုပါက လယ်ကွင်းများထဲ ဝင်ရောက်ရှာဖွေကြသည်။

စပါးပင်များစိုက်ပြီးသွားလျှင်တော့ ချောင်းမြောင်းစ သည့်နေရာများသို့ ဆင်းရှာကြသည်။

အင်းများမှာ လိုင်စင်ရှိသောကြောင့် မဝင်ဝံ့ကြပေ။ လိုင်စင်ရှိသော ချောင်း၊ မြောင်း၊ အင်းထဲသို့ဝင်ပြီး ငါးရှာပါ က ဖမ်းဆီးအပြစ်ပေးခြင်း ခံကြရသည်။

အချို့အင်းများမှာ လူမိုက်များရှိသဖြင့် လှည့်လည် စောင့်ကြပ်ကြသည်။ အချို့အင်းများမှာ သရဲသဘက်များ





မွေးကာ အစောင့်ထားကြသောကြောင့် မဝင်ဝံ့ကြပေ။

သာမန်လူနှင့်တွေ့လျှင် အဖမ်းခံရသည်။

လူဆိုးလူမိုက်နှင့်တွေ့လျှင် အရိုက်အနှက် ခံရသည်။

သရဲသဘက်နှင့်တွေ့လျှင်တော့ အသတ်ခံရသည်။

ထို့ကြောင့် သရဲရှိသော အင်းများကို မဝင်ဝံ့ကြခြင်း ဖြစ်ပေသည်။

ယခင်က ကျတ်ကုန်းအင်းမှာ သရဲအစောင့်ရှိသော ကြောင့် မဝင်ဝံ့ကြပေ။ ယခု သရဲအစောင့်မရှိမှန်း သိကြ သောအခါ ရဲရဲတင်းတင်းပင် ဝင်ရောက်ငါးဖမ်းကြခြင်း ဖြစ် သည်။ သို့ကြောင့် ဒီနှစ်တွင် ကျတ်ကုန်းအင်း၌ ငါးပုဇွန် အရ နည်းနေခြင်း ဖြစ်တော့သည်။

ထိုအခါ အလုပ်ရှင်တို့ကလည်း အလုပ်သမားများ အပေါ်၌ မကြည်မလင်ဖြစ်လာပြီး ဆူပူကြိမ်းမောင်းမှု များ လာသည်။

သို့ကြောင့် အချို့အလုပ်သမားများမှာ ထိုနေရာမှ အလုပ်ထွက်ကာ အခြားအင်းသို့ ရွှေ့ပြောင်းသွားကြသည်မျိုး ရှိလေသည်။

ယခင်က ဦးမိုးညိုအတွက် အားကိုးရပြီး လူရင်းအ ဖြစ်ထားသော တပည့်လေးငါးယောက် ရှိသည်။

သံပချိုင်၊ စံနက်ကျော်၊ သာနိုးလှ၊ ဖိုးထင်၊ မှတ်ကြီး၊ တို့ ဖြစ်ကြသည်။ ၎င်းတို့ ငါးယောက်အနက်မှ စံနက်ကျော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးတို့နှစ်ယောက်မှာ အလုပ်မှထွက်ကာ မိုးယွန်းကြီး အင်းသူကြီးထံ သွားရောက်လုပ်ကိုင်နေကြသည်။

ဒီဘက်အင်းတွင် နှစ်ပေါင်းအတော်ကြာအောင် အလုပ်လုပ်ခဲ့ကြသူများ ဖြစ်သဖြင့် ကျွတ်ကုန်းအင်းနှင့်ပတ်သက် လျှို့ဝှက်ချက် အတော်များများကို သိထားကြသူများလည်း ဖြစ်ကြလေသည်။

သို့ကြောင့် ဦးမိုးညိုတို့မှာ လူရင်းများလည်း ဆုံးရှုံး၊ ဒီဘက်မှ လျှို့ဝှက်ချက်များလည်း တစ်ဘက်မှ သိသွားသောကြောင့် နှစ်ခါနာသော အဖြစ်မျိုးနှင့် ကြုံတွေ့ကြရပေသည်။

မိုးယွန်းကြီးအင်းဘက်မှ ဦးမင်းဒင်တို့ကလည်း ထိုအခွင့်ကောင်းကို လက်လွှတ်မခံကြပေ. .။ ဒီဘက်အင်းမှ အလုပ်သမားများ မလုပ်လိုသဖြင့် ထွက်လာပါက. . အချိန်မရွေး လစာရိက္ခာပိုပေးကာ အလုပ်ခန့်ပေးမည်ဟု လေသံလွှင့်ထားလေသည်။

သို့ကြောင့် သစ္စာမရှိသူ ဒီဘက်နှင့် အဆင်မပြေသူများက တစ်ဘက်အင်းသို့ ပြောင်းသွားကြသည်။

ထိုအခြေအနေမျိုး ရောက်နေသော်လည်း မြလေးညိုကတော့ တစ်ချက်ကလေးမှ အလျှော့မပေးပဲနှင့် ဖြစ်သည့်နည်းဖြင့် ဆက်လက်လုပ်ကိုင်လေသည်။

တစ်ဖက်အင်းမှရှိသော သရဲမ မဖဲဝါကို လူတိုင်းကကြောက်ရွံ့ကြသော်လည်း သူမကတော့ မကြောက်ပေ။ သူမ





ထံတွင် ကြီးဒေါ်ဖြစ်သော ဒေါ်ဝင်းဇာ စီရင်ပေးထားသော ရုပ်တုတစ်ခု ရှိသောကြောင့် ဖြစ်သည်။

ထိုရုပ်တုမှာ နှစ်လက်မအရွယ်ခန့်သာရှိသော ဂဝံမျက်နှာဖုံးပုံသဏ္ဍာန် နာနာရုပ်ဖြစ်ရာ ထိုအရုပ် ပါသွားလျှင် သရဲမမဖဲဝါက ဒီဘက်အင်းသို့ မလာဝံ့ပေ။

တစ်နေ့တော့ အင်းထဲသွားကာနီး ထိုရုပ်တုကို ယူသွားရန်ကြည့်လိုက်တော့ ယခင်ထားသောနေရာတွင် မရှိတော့ပေ။

နေရာအထားမှားသည်အထင်ဖြင့် စိတ်ထင်သောနေရာများကို လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့ပေ။

သို့ကြောင့် ထိုအကြောင်းအား ဒေါ်မင်းဇာအားပြောပြရလေသည်။

"ကြီးမေလုပ်ပေးထားတဲ့ ရုပ်တုလေး. . ပျောက်နေတယ် မတွေ့တော့ဘူး"

ဒေါ်မင်းဇာက ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို ဖွာရင်းနှင့် မျက်မှောင်ကျုံ့ပြီး ကြည့်လေသည်။

"ဘယ်ရောက်သွားလို့လဲ"

"အရင်တော့ အပြင်သွားစရာ မရှိရင် နတ်စင်ပေါ်မှာပဲ တင်ထားတာပဲ၊ အခုကြည့်တော့ မတွေ့တော့ဘူး"

"တစ်ယောက်ယောက် ယူသွားတာ ဖြစ်မှာပေါ့"

"ဒီကပစ္စည်းကိုတော့ အလုပ်သမားတွေ သူ့ဝံ့မယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ဘူး”

“အရင်ကတော့ မယူဝံ့ဘူးပေါ့၊ အခု အင်းထဲမှာက လူဟောင်းတွေရော လူသစ်တွေရော ရောနေတာ မဟုတ်လား၊ သိတဲ့လူက ယူသွားလို့ ဖြစ်မှာပေါ့”

“ဘယ်လိုလုပ်မလဲ ကြီးမေ၊ အသစ်တစ်ခု ထပ်လုပ်လို့ မရဘူးလား”

“နင်က ဒီလို အစီအရင်လုပ်တဲ့ ရုပ်တုတွေကို လွယ်လွယ်နဲ့ လုပ်လို့ရတယ် ထင်နေသလား၊ ရုပ်တုလုပ်ရတာ လွယ်ပေမယ့် သက်ဆိုင်ရာပစ္စည်းတွေက အလွယ်တကူရတာမျိုးတွေ မဟုတ်ဘူး၊ အစီအရင်ထဲမှာပါတဲ့ ဒေါင်းသည်းခြေတစ်ခုပဲ ရှာကြည့်ပါဦး၊ စိန်တို့ ကျောက်တို့ကမှ ရှာဖို့လွယ်ချင်လွယ်ဦးမယ်၊ ဒေါင်းသည်းခြေက ဘယ်မှာရမလဲ၊ အဲဒါအပြင် တခြားပစ္စည်းတွေက အများကြီး ရှိသေးတယ်”

ဟု ပြောရာ မြလေးညိုမှာ များစွာစိတ်ညစ်ညူးသွားလေသည်။

ပစ္စည်းတစ်ခု၏ တန်ဖိုးမှာ ကိုယ်ထံမှာ ရှိနေစဉ် မသိသာသော်လည်း မရှိတော့မှ ထိုတန်ဖိုးကို သိရသလိုမျိုး ဖြစ်ပေသည်။ ယခုလည်း ထိုအတိုင်းပင်ဖြစ်၏။

ဒေါ်မင်းဇာပေးစဉ်က သာမန်အခြေအနေဖြင့်ယူပြီး အသုံးပြုခဲ့သော်လည်း နောက်ပိုင်း အစွမ်းသတ္တိရှိမှန်း သိသောအခါ တရိုတသေနှင့်ပင် အဆောင်အဖြစ် အသုံးပြုခဲ့





လေသည်။

ယခု ထိုရုပ်တု မရှိတော့ပေ။

“ငါဘယ်လိုလုပ်ရမလဲ၊ ဒီအဆောင်ရုပ်တုမရှိပဲ အင်းထဲသွားလို့ ဖြစ်ပါ့မလား၊ ဟိုဘက်အင်းစောင့် သရဲမက ဒီရုပ်တုကို ကြောက်တယ်၊ အခု ရုပ်တုမရှိတော့ ကြောက်ပါဦးမလား”

ထိုသို့ တွေးမိသည်။ တစ်ဘက်မှလည်း. . .

“ရုပ်တုမရှိလို့ မသွားပဲနေရင်တော့ ဟိုဘက်အင်းက လူတွေရော တခြားရွာထဲက လူတွေကပါ ငါတို့အင်းထဲဝင်ပြီး စိတ်ထင်တိုင်း လုပ်ကြတော့မှာပဲ၊ ရုပ်တုမရှိလည်း သွားရမှာပဲ၊ ဟိုရောက်တော့မှ အခြေအနေကို ကြည့်လုပ်ရတော့မှာပဲ”

ဟုတွေးကာ ညနေစောင်းအချိန်ရောက်တော့ သံပချိုင်၊ သာဒိုးလှနှင့် ဖိုးထင်တို့ သုံးယောက်ကို ခေါ်ကာ အင်းထဲသို့ သွားကြလေသည်။

အချိန်က ညဦးပိုင်းအချိန် ရောက်နေပေပြီ။

သို့ကြောင့် အင်းထဲမှာ အလင်းရောင် အနည်းငယ်သာ ရှိတော့ပြီး မှောင်စပျိုးနေပေပြီ။

မိုးယွန်းကြီးအင်းနှင့် ထိစပ်လျက်ရှိသော နေရာရောက်သောအခါ ကိုင်းတောထဲမှာဝင်ပြီး ငါးဖမ်းနေသော လှေတစ်စင်းကို လှမ်းမြင်ရသည်။

သို့ကြောင့် ထိုနေရာသို့ ဦးတည်ပြီး သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့လာသည်ကိုမြင်တော့ ငါးဖမ်းနေသောလှေက ကိုင်းတောထဲ ဝင်ပြေးလေရာ နောက်မှ ဝင့်လိုက်သွားရာ အတွင်းရောက်တော့မှ လှေတစ်စင်းမဟုတ်ပဲ နှစ်စင်းဖြစ်နေသည် ကို တွေ့ရတော့သည်။

လှေနှစ်စင်းပေါ်မှာ လူ(၆)ယောက်ရှိသည်။

လှေပေါ်မှာရှိနေသူများက မျက်နှာကို အဝတ်နက်များဖြင့် ပတ်စည်းထားသောကြောင့် ဘယ်သူဘယ်ဝါမှန်း မသိကြပေ။

သူတို့လှေပေါ်မှ လူလေးယောက်သာ ပါသည်။

လှေနှစ်စင်းက တစ်ဖက်တစ်ချက်မှ ပတ်ဝိုင်းလာသောအခါ သံပချိုင်တို့ သုံးယောက်ကလည်း မလှုပ်ဝံ့ကြပေ။

ထိုအခါ တစ်ဖက်လှေမှ ခေါင်းဆောင်လာသူက လှမ်းပြောသည်။

"မင်းတို့ သုံးယောက်က အလုပ်သမားတွေပဲ၊ ငါတို့က ဘဝတူတွေချင်း ရန်မပြုချင်ဘူး၊ သူ့ကို ထားခဲ့ပြီး မင်းတို့ သွားကြပေတော့"

ထိုစကားကြားသောအခါ မြလေးညိုမှာ အနည်းငယ် စိုးရိမ်စိတ် ဝင်လာလေသည်။

သူနှင့်အတူ ပါလာသော သံပချိုင်တို့ သုံးယောက်က တစ်ချက်ကလေးမှ မလှုပ်ပဲ ငြိမ်နေကြသောအခါ သူမတင်





ယောက်တည်းနှင့်တော့ ဘာမှလုပ်ရတော့မည် မဟုတ်ပေ။

ထို့နောက်မှာတော့ တစ်ဖက်လှေမှ လူသုံးယောက် တက်လာပြီး သူမကိုကြိုးတုပ်ပြီး လှေပေါ်သို့ ခေါ်သွားကြလေသည်။

"လွှတ်. . လွှတ်ကြစမ်း၊ လူယုတ်မာတွေ"

မြလေးညိုက သတ္တိနည်းသူတစ်ယောက်တော့ မဟုတ်ပေ။ တစ်ယောက်ချင်းဆိုလျှင် ယောကျ်ားဖြစ်ပေ့စေ မားမားချင်း၊ တုတ်တုတ်ချင်း ယှဉ်ဝံ့သူဖြစ်သည်။

ယခုသုံးယောက် ဖြစ်နေပေရာ ဘာမှမတတ်နိုင်ပဲ ကြိုးတုပ်ပြီး ခေါ်သွားခြင်းကို ခံလိုက်ရသည်။

ထိုအခြေအနေ ရောက်သည်အထိ သူမအားကိုးကာ ခေါ်လာသော သံပချိုင် သာဒိုးလှနှင့် ဖိုးထင်တို့ သုံးယောက်မှာ တစ်ချက်ကလေးမှ ဝင်မကူဘဲ ထိုင်ကြည့်နေကြသည်။

မြလေးညိုကို ဖမ်းမိသွားတော့ လှေတစ်စင်းက အခြားတစ်ဖက်သို့ ထွက်သွားပြီး သံပချိုင်တို့ သုံးယောက်လည်း ကိုင်းတောအတွင်းမှ ထွက်လာကြသည်။

တစ်နေရာရောက်တော့ အသင့်ပါလာသော အရက်ကိုသောက်ရင်း အချင်းချင်း ပြောနေကြသည်။

"အရင်ကဆိုရင်တော့ ပွဲကြီးပွဲကောင်းပေါ့၊ အခု သူကမှ ငါတို့ကို အကောင်းမမြင်တော့တာ၊ ဒီလောက် လုပ်ပေးနေတာတောင်မှ အကောင်းမပြောတော့လည်း ဟိုအကောင်း

www.burmeseclassic.com



သူကြီး တိုက်တဲ့အရက်သောက် သူပေးတဲ့ငွေယူပြီးတော့ အခုလိုပဲ ထိုင်ကြည့်နေလိုက်တာပေါ့ကွာ"

ဟု သံပချိုင်က အရက်သောက်ရင်း ပြောသည်။

"မာနကြီးတဲ့မိန်းမတော့ ဟိုဘက်အင်းကလူတွေ လက်ထဲပါသွားတော့ သက်သာမယ်မထင်ဘူး"

"သူ့အတွက် ပြန်လမ်းမရှိတော့ပါဘူး၊ ဟိုဘက်က လူတွေက သူတို့လုပ်ချင်တာလုပ်ပြီးရင် တစ်ခါတည်းသတ်ပြီး အလောင်းပါ ဖျောက်လိုက်ကြမှာ"

"ဒီလိုဖြစ်သွားတာ မြင်ရတော့လည်း စိတ်မကောင်း ပါဘူးကွာ"

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့၊ သူကမှ ငါတို့အ ပါအဝင် အလုပ်သမားတွေအပေါ်မှာ မကောင်းတော့တာ၊ ဒီတော့လည်း သူ့ကံကြမ္မာအတိုင်း ခံပစေပေါ့"

ဟု ပြောဆိုကာ ထိုနေရာမှ လှော်ထွက်သွားကြလေ သည်။ မြလေးညိုကို ဖမ်းခေါ်သွားသော လှေကတော့ မိုး ယွန်းကြီး အင်းစပ်မှာရှိသော အင်းတဲဟောင်းတစ်လုံးသို့ ခေါ် သွားကြသည်။

သူမကို ခြေလက်များကို ကြိုးဖြင့် တုပ်ထားသည် သာမကပဲ ပါးစပ်ကိုပါ အဝတ်ဖြင့် စည်းထားသောကြောင့် အသံမထွက်နိုင်တော့ပေ။

လူသုံးယောက်က သူမကို လှေထဲမှ တဲပေါ်သို့ ပွေ့





တင်သွားကြလေသည်။

တဲပေါ်ရောက်တော့ ခေါင်းဆောင်လုပ်သူက ပြော သည်။

"နင်က သတ္တိလည်းရှိတယ်၊ မာနလည်း အတော်ကြီး တယ်၊ နောက်ပြီး စိတ်ထားကလည်း မောက်မာတယ်၊ အခု တော့ မတုတ်နိုင်တော့ဘူး မဟုတ်လား"

"ဝူး. . ဝူး. ."

မြလေးညိုက ရုန်းကန်နေလေသည်။

"နင်အားကိုးထားတဲ့ နင့်ဆီကလူတွေ ခေါ်လာပြီး ပေးလို့ ငါ့လက်ထဲရောက်နေပြီ၊ နင်တို့လက်ချက်ကြောင့် ငါတို့ အင်းက စံကျော်သေရသလို နင်လည်းသေရတော့မှာပဲ၊ မ သေခင်မှာတော့ လူ့လောကရဲ့ ကောင်းတာဆိုးတာလေး တွေ သိရအောင် လုပ်ပေးလိုက်ပါ့မယ်"

ဟုပြောကာ ကြမ်းပြင်ပေါ်မှာ မလှုပ်သာအောင် ခြေနှင့်လက်တို့ကို ကြိုးဖြင့် ချည်ထားလိုက်သည်။

"ဝူး. . ဝူး"

မြလေးညိုက အတင်းရုန်းသည်။ မရတော့ပေ။

ကြိုးတုပ်ပေးထားခဲ့ပြီး ကျန်နှစ်ယောက်က တဲအပြင် သို့ ထွက်သွားကြသည်။

တဲအတွင်းမှာ တစ်ယောက်သာ ကျန်တော့သည်။

တဲအပြင်ရောက်သွားသော လူနှစ်ယောက်တို့မှာ တဲ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ အခြေအနေကို စိတ်လှုပ်ရှားစွာဖြင့် နားစွင့်နေကြသည်။

ထိုအခိုက်မှာပင် အနားကပ်လာသော ခြေသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မည်းမည်းသဏ္ဍာန်ကြီး ရပ်နေသည်ကို တွေ့ကြရသည်။

အရပ်အမောင်းကောင်းလှပြီး ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်ပင် ဖြစ်သည်။

ပုံပန်းသဏ္ဍာန်ကြည့်ရုံဖြင့် 'အင်းစောင့်မိစ္ဆာ မဖဲဝါမှန်း' သိလိုက်ကြသည်။

မဖဲဝါမှာ. . ဒီဘက်အင်းမှ အင်းစောင့်ဖြစ်သောကြောင့် သူတို့ကို အန္တရာယ်မပေးဟု ထင်နေစဉ်မှာပင် လက်ဝါးဖြင့် ရိုက်ချလိုက်ရာ တစ်ယောက်မှာ နေရာမှာတင် ပုံလျက်သား လဲကျသွားလေတော့သည်။

ထိုအခြေအနေကို မြင်တော့ နောက်တစ်ယောက်က နေရာမှ ထပြေးလေသည်။

ပြေးသောသူကို နောက်မှလက်ဖြင့် လှမ်းဆွဲလိုက်ရာ ခြေကားရား လက်ကားယားနှင့်ပါလာရာ ဂုတ်ချိုးသတ်ဖြတ်လိုက်သည်။

"ဂွတ်. ."

"အား. ."

အပြင်ဘက်မှ အသံကြောင့် တဲအတွင်းတွင် မြလေး





ညိုကို အဓမ္မကျင့်ရန် ကြိုးစားနေသူမှာ ရပ်တန့်သွားသည်။

တဲအတွင်းသို့ ဝင်လာသော ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ မိန်းမတစ်ယောက်ကို တွေ့ရလေသည်။

ဆံပင်ဖားလျားချထားသော ပုံပန်းသဏ္ဍာန်မြင်ရုံနှင့် မဖဲဝါမှန်း သိရလေသည်။

မဖဲဝါ၏ အခြေအနေကို မြင်ရရုံနှင့် အခြေအနေမဟန်မှန်းသိသောအခါ မျက်နှာပေါ်မှာ ဖုံးထားသော အဝတ်ကို ကပျာကယာဖယ်ပစ်လိုက်ပြီး ပြောသည်။

"ဟဲ့. . မဖဲဝါ၊ ငါ. . ငါလေ၊ နင့်ကို ကျွေးမွေးထားတဲ့ငါလေ မသိတော့ဘူးလား"

ထိုသူမှာ အခြားမဟုတ်ပေ။

မိုးယွန်းကြီး အင်းသူကြီး ဦးမင်းဒင်ပင်ဖြစ်သည်။

ထိုသို့ပြောတော့လည်း မရတော့ပေ။

တစ်ကိုယ်လုံး အဝတ်အစား မရှိတော့သည့် ဦးမင်းဒင်ကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ရာ တဲအပြင်ဘက်သို့ လွင့်ထွက်သွားလေတော့သည်။ ထို့နောက် မဖဲဝါလည်း ပျောက်သွားလေတော့သည်။

တဲအတွင်းမှာတော့ ကြိုးတုပ်ခံထားရသော မြလေးညိုတစ်ယောက်တည်း ကျန်နေတော့သည်။

အော်၍မရ၊ လှုပ်၍လည်း မရပေ။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ လှေသံတက်သံ၊ အချို့ ကြားရပြန်သည်။ စိတ်ထဲမှာတော့ နောက်ထပ် ရန်သူများ ရောက်လာသည်ဟု ထင်လိုက်မိသည်။

ခဏကြာတော့ တဲအတွင်းသို့ လူသုံးယောက် ဝင်လာကြသည်။

ထိုသူတို့က မီးရောင်ဖြင့် ထိုးကြည့်ရာ မြလေးညို၏ အဖြစ်ကို မြင်သောအခါ မီးထွန်းပြီး ချည်ထားသော ကြိုးများကို ဖြေပေးလိုက်သည်။

နောက်ထပ်ရောက်လာသော သုံးယောက်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ပင် ဖြစ်ကြသည်။

မြလေးညို တစ်ကိုယ်လုံး အဝတ်အစားများ စုတ်ပြဲနေသောကြောင့် နီမောင်က အပေါ်အင်္ကျီနှင့် လုံချည်ကို ပေးလိုက်ရလေသည်။

မြလေးညိုကတော့ အံကို တင်းတင်းကြိတ်ထားရင်းမှ မျက်ရည်များ ကျနေလေသည်။

ထို့နောက်မှာတော့ မြလေးညိုကို သူတို့တဲသို့ ခေါ်သွားလေသည်။ တဲရောက်တော့မှ စောင်တစ်ထည်ပေး၍ ခြုံစေပြီး အကျိုးအကြောင်းမေးရာ မြလေးညိုက ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြသည်။

"အဲဒါ နင့်ရဲ့လူတွေ သစ္စာဖောက်တာပဲ၊ နင် တစ်ခုခု ဖြစ်သွားသေးလားဟင်"





ခေါင်းခါပြသည်။

"ငါ ဘာမှမဖြစ်ဘူး၊ နင့်ကို ဘယ်သူပြောလို့ သိပြီး ရောက်လာတာလဲ"

"ငါတို့အိပ်နေတုန်း မဖဲဝါလာပြောလို့ သိရတာ"

"ငါ့ကိုလည်း လူယုတ်မာလက်ကလွတ်အောင် သူပဲ ဝင်ကယ်ပေးသွားတာပဲ"

"မဖဲဝါက ဘဝပေးကုသိုလ်ကံ မကောင်းခဲ့လို့ သရဲဘဝရောက်နေပေမယ့် စိတ်ထားကောင်းပါတယ်"

"ငါ အရင်က သူ့အပေါ်မှာ ရန်သူလို သဘောထားခဲ့မိတာ စိတ်မကောင်းပါဘူး"

မြလေးညိုက စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်သည်။ နီမောင်က ခေါင်းညိတ်ပြလိုက်ရင်း. . .

"နင် ဒီညတော့ အိမ်ပြန်လို့ မဖြစ်ဘူး၊ လမ်းမှာ အန္တရာယ်တွေ ရှိနေနိုင်သေးတယ်၊ မနက်လင်းတော့မှ ငါလိုက်ပို့ပေးမယ်၊ နင် တခြားအဝတ်အစားတွေနဲ့ ပြန်သွားရင်တော့ တစ်မျိုးထင်ကြတော့မှာပဲ"

မြလေးညိုက ရှက်သွေးဖြာသော မျက်နှာဖြင့် တစ်ချက်ကြည့်ကာ. . .

"နင်က အထင်မခံချင်လို့လား"

ဟု မေးသည်။

"နင်ကလည်း. . ဒီလိုအခြေအနေ ရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် စိတ်ကြီးနေတုန်းပဲ၊ ငါက နင့်အတွက် စေတနာနဲ့ ပြောတာပါ၊ နင့်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက် အကာအကွယ် ပေးရမယ်ဆိုရင် ဘာမဆို ငါလုပ်ပေးနိုင်ပါတယ်"

ထိုသို့ပြောတော့ နီမောင့်မျက်နှာကို မော့ကြည့်နေလေသည်။

"နင်က ငါ့ညီမ မြနှင်းဖြူကို သဘောကျနေတာ မဟုတ်ဘူးလား"

"လောကမှာ အရေးကြီးတာတွေ အများကြီးရှိတယ် မြလေးညို့ရဲ့၊ လူတစ်ယောက်ရဲ့ဘဝမှာ အရှက်နဲ့ ဂုဏ်သိက္ခာက အရေးအကြီးဆုံးပဲ၊ အဲဒါနဲ့ ပတ်သက်လာရင် ကျန်တာတွေကို စွန့်လွှတ်ပေးရတာမျိုးတွေ ရှိတယ်၊ ကဲ နင်လည်း ပင်ပန်းလာတယ်၊ ဟိုဘက်အခန်းမှာဝင်ပြီး စိတ်ချလက်ချအိပ်လိုက်ဦး၊ ငါတို့သုံးယောက် လက်ဘက်ရည် သောက်နေရင်းနဲ့ အပြင်ဘက်မှာ စောင့်နေပေးမယ်"


ဟုပြောကာ တဲအရှေ့ဘက်သို့ ထွက်သွားကြလေသည်။

ထိုညအဖို့မှာတော့ မြလေးညိုအတွက် ရင်ခုန်စရာအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသော ညတစ်ညဆိုက မမှားပါချေ။









# အခန်း(၁၃)

# ပရလောကသားတို့၏ သံယောဇဉ်

နောက်တစ်ရက်မှာတော့ ပေါင်းဝရွာမှာရှိသော အောက်လမ်းဆရာ ဇာဂရရှိရာသို့ လူသုံးယောက်ရောက်လာကြသည်။ မိုးယွန်းကြီးအင်းသူကြီး ဦးမင်းဒင်နှင့် တပည့်နှစ်ယောက်တို့ ဖြစ်ကြလေသည်။

"အလို..အင်းသူကြီးပါလား၊ မျက်စိပျက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်နဲ့ ဘယ်လိုဖြစ်လာတာလဲဗျ၊ ခေါ်သွားတဲ့မဖဲဝါနဲ့ရော အဆင်ပြေရဲ့လား"

ဇာဂရက ထိုသို့မေးသောအခါ ဦးမင်းဒင်က ဒေါသတကြီးနှင့်ပင် ပြန်ပြောလေသည်။

"မပြေဘူးဗျ. . မပြေဘူး၊ မပြေလို့ ခင်ဗျားဆီ လာခဲ့တာပဲ၊ ခင်ဗျားခေါ်ပေးလိုက်တဲ့ သရဲမက ကျုပ်စကားကို နားမထောင်တဲ့အပြင် ကျုပ်ကိုတောင် ပြန်ပြီးရန်ရှာနေတယ် ဒီမှာကြည့်ပါဦး"

ဟုပြောပြီး အင်္ကျီလှန်ပြရာ ကျောတွင်အညိုအမည်းစွဲနေသော ခြေရာကြီးတစ်ခုကို တွေ့မြင်ရလေသည်။

"ဒါကဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ သူကန်လို့ရတဲ့ဒဏ်ရာပဲ၊ ဒါအပြင် သူရိုက်သတ်လို့ လူနှစ်ယောက်လည်း သေခဲ့ရပြီ၊ အဲဒါ ခင်ဗျား ရှင်းပေးဦး"

ဟု ဒေါသတကြီးပြောလေသည်။

ထိုစကားကြားသောအခါ ဇာဂရက မျက်မှောင်ကျုံ့ပြီး စဉ်းစားနေလေသည်။

အတော်ကြာတော့မှ. . .

"တစ်ခုခုတော့ လွဲနေပြီ ထင်တယ်ဗျ၊ လူတွေကို ခိုင်းစေရင်သာ သစ္စာဖောက်တဲ့သူ ရှိချင်ရှိမယ်၊ပရလောကသားတွေက အဲဒီလို မရှိဘူးဗျ"





"ခင်ဗျားကသာ မရှိဘူး ပြောနေတယ်၊ ကျုပ်မှာတော့ ကျောကိုအကန်ခံခဲ့ရပြီးပြီ၊ နည်းနည်းမှ မကျေနပ်ဘူးဗျာ၊ လူလူချင်းသာဆိုရင်တော့ ဒီသရဲမကို ကျုပ်လက်နဲ့သတ်ပြီးတာကြာပြီ"

ဟုပြောနေလေသည်။

"မဖဲဝါက ပရလောကသားတစ်ယောက် ဆိုပေမယ့် ကာမဝိတ္ထိတန်ခိုး ရှိတယ်၊ သူ့ကို လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ တကယ်လို့ ခင်ဗျားမသုံးချင်တော့ရင် သူအရင်နေတဲ့ ပေါင်းဝသသာန်ကို ပြန်ပို့ပေးရုံပဲ လုပ်ပေးလို့ရမယ်. . ."

ဟု ဇာဂရကပြောသည်။

ထိုစကားကြားသောအခါ ဦးမင်းဒင်မှာ ဆုံးဖြတ်ရခက်သွားလေတော့သည်။

မမျှော်လင့်ဘဲ ထိုသို့ဖြစ်ခဲ့သော်လည်း မဖဲဝါကို အင်းစောင့်အဖြစ်မထား၍ မဖြစ်ပြန်ပေ။

အင်းထဲတွင် အင်းစောင့်သရဲ မရှိမှန်း သိကြလျှင် အခြားနေရာမှ ငါးခိုးချင်သူ ဝင်ရောက်လာကြပေမည်။

သို့ကြောင့်. . .

"သူ့ကို လော်လောဆယ် နှင်လို့တော့ မဖြစ်သေးဘူးဗျ၊ ဒါပေမယ့် ခင်ဗျားကိုယ်တိုင် အင်းထဲလိုက်ခဲ့ပြီး သူနဲ့တွေ့တာ ကောင်းမယ်၊ နောက်ကို ဒီလိုမလုပ်ဖို့လည်း ပြောထားပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ခေါ်သွားသောကြောင့် ဇာဂရလည်း ဆေးပစ္စည်းများထည့်ထားသော လွယ်အိတ်ကိုလွယ်ကာ အင်းထဲသို့ လိုက်သွားလေတော့သည်။

ညအချိန်ရောက်တော့ ဇာဂရတစ်ယောက်တည်းပင် မဖဲဝါရှိသော သစ်ပင်အောက်သို့ သွားကာ မဖဲဝါအား ခေါ်မေးလေသည်။

"နင် ဘာကြောင့် ကိုယ့်ကိုအစာကျွေးပြီး နေရာပေးထားတဲ့သူကို ပြန်ပြီး ဒုက္ခပေးရတာလဲ"

"ငါ့တာဝန်က အင်းကို စောင့်ရှောက်ပေးဖို့ တာဝန်ပဲ၊ အင်းသူကြီးက မကောင်းတာတွေလုပ်တယ်၊ ငါလည်း လူ့ဘဝတုန်းက ဒီလိုအနိုင်ကျင့်တာမျိုး ခံခဲ့ရတယ်၊ ဒါကြောင့် ငါ့ရှေ့မှာ ဒီလို မတရားအနိုင်ကျင့်တာမျိုးတွေ့ရင် မကြိုက်ဘူး"

"မဖဲဝါ. . နင်က လူ့ဘဝမဟုတ်တော့ဘူး၊ သရဲဘဝရောက်နေပြီလေ၊ လူလိုနေလို့မှ မရတော့တာ သရဲလိုပဲနေပေါ့၊ လူတွေနဲ့ အဆင်ပြေအောင်နေမှ အစားအသောက် မှန်မှန် စားသောက်ရမှာပေါ့"

ဇာဂရက အပြစ်တင်သော လေသံမျိုးဖြင့် ပြောလေသည်။

"သူတို့ သဘောမကျလို့ နှင်ထုတ်လည်း ငါနေတဲ့သုသာန် ပြန်နေရုံပဲ၊ ငါ့အတွက်ကတော့ ဘာမှမထူးတော့ဘူး"





ဟုပြောပြီး သူနေသော သစ်ပင်ပေါ်သို့ ပြန်တက်သွားလေတော့သည်။

ဇာဂရလည်း ဘာမှမတတ်နိုင်တော့ပေ။

မိုးယွန်းကြီး အင်းဘက်မှာ ထိုကဲ့သို့ ပြဿနာများ ရှုတ်ထွေးနေသလို ကျတ်ကုန်းအင်းဘက်မှာလည်း အခြေအနေက ဆိုးဝါးနေလေသည်။

မြလေးညိုတစ်ယောက် အင်းထဲမှာ ကျန်ခဲ့ပြီးနောက် သံပချိုင်တို့သုံးယောက်က အင်းထဲသို့ ပြန်သွားလေသည်။

ဦးမိုးညိုက မြလေးညို ပြန်မပါလာသဖြင့် မေးသောအခါ. . .

"အင်းထဲမှာ သရဲမနဲ့တွေ့လို့ အသတ်ခံလိုက်ရတယ်၊ ကျုပ်တို့တောင် အသက်ဘေးလွတ်အောင် ပြန်ပြေးခဲ့ရတယ်"

ဟု ပြောလေသည်။

ဦးမိုးညိုက သူတို့ပြောတာ မယုံသဖြင့် ညတွင်းချင်းပင် အခြားအလုပ်သမားများခေါ်ပြီး လှေတစ်စင်းနှင့် အင်းထဲနေရာအနှံ့ လိုက်ရှာကြသည်။

သို့သော် အစအနမျှပင် မတွေ့ရတော့မှ ပြန်သွားကြလေသည်။

နောက်တစ်နေ့ရောက်တော့ မြလေးညိုတစ်ယောက် အိမ်သို့ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လိုက်ပို့ပေးခြင်း ဖြစ်သည်။

သူမ ဝတ်ဆင်လာသော အဝတ်အစားများမှာ နီမောင့်ညီမ ရင်မေဝတ်သော လုံချည်အင်္ကျီတို့ ဖြစ်သောကြောင့် အားလုံးက ဇဝေဇဝါ ဖြစ်နေကြသည်။

"နင် ညက ဘယ်လိုဖြစ်တာလဲ"

မြလေးညိုက အကျိုးအကြောင်းများကို မပြောပဲ ချန်ထားပြီး ဖြစ်ပျက်ခဲ့သော အကြောင်းများအား ဦးမိုးညိုအား ပြန်ပြောပြလိုက်သည်။

"လက်စသပ်တော့ ငါမွေးထားတဲ့ မျောက်တွေက အမြီးမြှောက်ပြီး ငါ့ကိုပြန်ချောက်ချင်ကြတာကိုး. .၊ ငါ့အကြောင်း သိရစေမပေါ့"

ဟု ပြောဆိုကာ အခြားအလုပ်သမားများကိုခေါ်ကာ အင်းထဲသို့ လိုက်သွားလေသည်။

အင်းတဲရောက်တော့ သံပချိုင်တို့ သုံးယောက်ကို မတွေ့ရတော့ပေ။

မြလေးညိုတစ်ယောက် ပြန်ရောက်လာပြီး သတင်းကြားကတည်းက ခြေရာဖျောက်သွားကြလေတော့သည်။

ဦးမိုးညိုကတော့ မကျေမနပ်ဖြင့် အံတကြိတ်ကြိတ်နှင့်သာရှိနေလေတော့သည်။

မြလေးညို ပြန်ရောက်လာသောကြောင့် အားလုံးဝမ်းသာနေကြသော်လည်း မြနှင်းဖြူကတော့ တစ်မျိုးထင်နေ





လေသည်။

"မမ နီမောင်နဲ့ ဘယ်မှာတွေ့ပြီး သူက ဘယ်မှာပါလာတာလဲ"

"ငါ ဒုက္ခရောက်နေတော့ သူက လာကယ်ပေးတာ"

"ဒါဖြင့် သူတို့တဲမှာ လိုက်နေခဲ့ရတာပေါ့နော်"

မြလေးညိုက ခေါင်းညိတ်ပြသည်။

"ဟို နင်ဝတ်လာတဲ့ အဝတ်အစားတွေက ဘယ်သူ့အဝတ်တွေလဲဟင်"

"ငါ အဝတ်တွေ ရေစိုနေလို့ နီမောင် ညီမဝတ်တဲ့အဝတ်တွေ ဝတ်လာရတာပါ၊ နင်ကလည်း မယုံသင်္ကာနဲ့ မေးနေတယ်"

"မဟုတ်ပါဘူး မမရယ်. .၊ မမအသက်သေပြီလို့ သတင်း ကြားကတည်းက ကျွန်မတို့ တစ်အိမ်လုံး စိတ်ပူနေကြတာ၊ အမေဆိုရင် မျက်ရည် တရွှဲရွှဲနဲ့၊ အခုလို ပြန်ရောက်လာမှပဲ စိတ်အေးပြီး ဝမ်းသာနေကြတာပါ"

"ငါ့ကို နီမောင်နဲ့ လာတာတွေ့လို့ တမျိုးထင်နေကြတယ် မဟုတ်လား"

"ဒီလိုတော့ မထင်ပါဘူး၊ ဒါပေမယ့် တကယ်ဖြစ်သွားတော့လည်း ကောင်းတာပေါ့၊ နီမောင်က လူကောင်းတစ်ယောက်ပဲ"

ဟု ပြောပြီး ထသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြလေးညိုကတော့ ညီမဖြစ်သူ၏ အတွင်းသဘောကို သိတန်သ၍ သိနေသောကြောင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

နောက်ပိုင်းရက်များမှာတော့ မြလေးညိုကို အင်းထဲသို့ မလွှတ်တော့ပေ။

ဦးမှိုးညိုက နောက်ထပ် အလုပ်သမားအသစ်များ ခေါ်ယူကာ အင်းထဲသို့ ကိုယ်တိုင်ကိုယ်ကျ လှည့်လည်ကြည့်ရှုခြင်းပြုလေသည်။

တစ်ဖက်အင်းမှ လူများကလည်း သိပ်မဝင်ကြတော့ပေ။ နီမောင်တို့လည်း လယ်ယာလုပ်ငန်းခွင် ဝင်နေကြပြီ ဖြစ်သောကြောင့် မအားကြရတော့ပေ။

မြလေးညိုတို့ရွာဘက်လည်း မရောက်ကြတော့ပေ။

သို့သော် နီမောင်စိတ်ထဲမှာတော့ မြလေးညိုနှင့် ပတ်သက်သောအကြောင်းများကို မကြာခဏ သတိရနေလေသည်။ တစ်နေ့တော့ နီမောင်ရှိသောတဲသို့ မြလေးညိုရောက်လာလေသည်။

သူနှင့်အတူ အခြားအဖော်နှစ်ယောက်လည်း ပါလာကြသည်။ လှေလှော်ပေးသော ယောက်ျားတစ်ယောက်နှင့် အဖော်လိုက်လာသော မိန်းမတစ်ယောက်တို့ပင် ဖြစ်သည်။

သူတို့ရောက်လာသောအချိန်မှာ နီမောင်တို့အလုပ်သိမ်းသော ညနေပိုင်းအချိန်ပင် ဖြစ်သည်။





"မြလေးညို ဘယ်ကလှည့်လာတာလဲ"

"နင့်ဆီပဲ လာခဲ့တာပဲ"

"ဘာအတွက်လဲ ငါ ဘာအကူအညီ ပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ငါ မဖဲဝါနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

"သူက ဟိုဘက်အင်းထဲမှာ နေတာဆိုတော့ ဘယ်လိုတွေ့မလဲ၊ အရင်ကတော့ ဒီကို တစ်ခါနှစ်ခါ လာပါတယ်၊ နင် သူနဲ့တွေ့ချင်ရင် ညကျတော့ ခေါ်ကြည့်ပေးမယ်"

ထိုသို့ပြောသဖြင့် မြလေးညိုတို့ သုံးယောက်လည်း တဲမှာပင် နေကြသည်။

ညနေစောင်းသွားတော့ နီမောင်က ဦးဇန်ကောင်းပြုလုပ်သကဲ့သို့ ထမင်းနှင့် ဟင်းများကို ဖက်များနှင့် ထုပ်ကာ အပြင်သို့ ယူသွားလေသည်။

သုံးလေးထုပ် ထုပ်ပြီးသောအခါ မြလေးညိုနှင့်အတူ အပြင်သို့ ထွက်သွားကြသည်။

အထုပ်များကို မြလေးညိုက သယ်ယူလာသည်။ အပြင်ဘက်ရောက်တော့ ကွင်းပိုင်ကြီးအတွက် တစ်ထုပ်ချပေးခဲ့သည်။

သူတို့နေသော သချိုင်းဟောင်းမှာရှိသော ပရလောကသားများအတွက် တစ်ထုပ်ချပေးခဲ့သည်။

ကျန်တစ်ထုပ်ကိုသာ သူတို့နှင့် ယူသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးယွန်းကြီး အင်းစပ်သို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်လိုက်ကြသည်။

"နင် သူ့ကို မကြောက်ဘူးလား"

"ငါ သူ့ကို ရန်သူလို သဘောမထားတော့တဲ့နောက်ပိုင်း မကြောက်တော့ပါဘူး"

"ကောင်းတာပေါ့ဟာ၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ရန်သူဖြစ်နေတာထက်စာရင် မိတ်ဆွေဖြစ်နေတာက ပိုပြီးကောင်းတာပေါ့"

"နင်က အမြဲလိုပဲ အဲဒီလို စိတ်မျိုး မွေးနိုင်တယ်နော်၊ ငါကတော့ အခုထိ အဲဒီလိုစိတ်မျိုး မမွေးနိုင်သေးဘူး"

"တဖြည်းဖြည်းတော့ ရမှာပေါ့"

"ဟိုတလောက နင်တို့ထဲမှာ ညအိပ်ပြီး ပြန်သွားတော့ တချို့က တစ်မျိုးထင်နေကြတယ်"

"လူတွေကတော့ စိတ်ထင်ရင် ချဲ့ကားပြီး ပြောကြတော့တာပဲ၊ နင့်အတွက် နစ်နာသွားရင်တော့ ငါက ပြန်ပြီးတောင်းပန်ရတော့မှာပဲ"

"တောင်းပန်စရာ မလိုပါဘူး နီမောင်ရယ်၊ နင်က ငါ့ရဲ့ကျေးဇူးရှင်ပဲ၊ ဘယ်သူတွေ ဘာပြောပြော ငါကတော့ ဂရုမစိုက်ပါဘူး"

နီမောင်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်လေသည်။





ပတ်ဝန်းကျင်မှာ အလင်းရောင် ပျောက်သွားပြီး အမှောင်ရိပ်များ လွှမ်းစပြုလာချေပြီ။

ထို့နောက် သစ်ပင်အောက်တွင် ထမင်းနှင့်ဟင်းထည့်ထားသော ဖက်ထုပ်ကို ဖြန့်ခင်းပြီး မဖဲဝါနာမည်ကို ခပ်တိုးတိုးပင် ရေရွတ်လိုက်သည်။

"မဖဲဝါရေ လာစားလှည့် လာစားလှည့်"

ထိုသို့ ရေရွတ်ပြောဆိုနေစဉ် အဝေးမှ လျှောက်လာနေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ရသည်။

အရပ်အမောင်းက ထန်းပင်ခန့် မြင့်သဖြင့် အင်းထဲမှာပေါက်နေသော အချို့သစ်ပင်များကို ခွကျော်လာလေသည်။ လေတိုက်နေသောကြောင့် ဆံပင်များက နောက်ဘက်တွင် လွင့်နေလေသည်။

ထုံးစံအတိုင်း မနီးမဝေးရောက်လာတော့ အရပ်အမောင်းက တဖြည်းဖြည်း နိမ့်လာသလို ကိုယ်လုံးကလည်း သေးလာသည်။

သူတို့အနားရောက်တော့ ပုံမှန် လူတစ်ယောက် အရွယ်လောက်သာ ရှိတော့သည်။

"ငါတို့ကျွေးတဲ့ အစားအသောက်တွေကိုစားသောက်ပါ"

ဟုပြောတော့ ဆောင့်ကြောင့်ထိုင်ပြီး စားသည်။ ပြီးမှ မတ်တတ်ပြန်ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ကို ဘာကြောင့်ခေါ်တာလဲ”

ထိုသို့မေးသောအခါ မြလေးညိုက ပြောလိုက်သည်။

“ငါ့အသက်နဲ့ အရှက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါကိုပြောချင်လို့ ခေါ်တာပါ”

ဘာမှပြန်မပြောပဲ မြလေးညိုကို ကြည့်နေသည်။

“အရင်က နင့်ကို ရန်သူလို သဘောထားခဲ့တယ်၊ ငါအခု အဲဒီစိတ်မျိုး မထားတော့ပါဘူး၊ ဖြစ်နိုင်ရင် ငါ နင့်ကို ဟိုဘက်အင်းမှာ ခေါ်ထားချင်တယ်၊ နေစရာလည်း ပေးပါ့မယ်၊ အစားအသောက်လည်း မှန်မှန်ကျွေးပါ့မယ်”

“ငါ နင်တို့ဆီမှာ လာနေလို့ မရဘူး”

“ဘာဖြစ်လို့လဲ”

“ဟိုဘက်ရွာက ဆရာသိရင် ငါ့ကို ချုပ်နှောင်ပြီး နှိပ်စက်လိမ့်မယ်”

ထိုစကားကြားတော့ နီမောင်ကဝင်ပြောလိုက်သည်။

“ဒီအတွက်တော့ မပူပါနဲ့၊ ငါတို့မှာလည်း ဆရာတစ်ယောက် ရှိပါတယ်၊ နင့်ကို အကာအကွယ်ပေးဖို့ ငါ ပြောပေးပါ့မယ်”

နီမောင်စကားကြားတော့ စိုက်ကြည့်နေလေသည်။

“ငါ့ကို သွားစေချင်ရင် နင်ပါ ဟိုဘက်အင်းမှာ သွားနေပေးမှဖြစ်မယ်”

“ဟင် ဘယ်လိုကြောင့်လဲ”





“ငါ နင့်ကို ကူညီစောင့်ရှောက်ပေးနေတာ နင်မသိဘူးလား၊ ငါတို့ ပရလောကသားတွေ အကူအညီပေးတာ နှစ်မျိုးပဲရှိတယ်၊ တစ်မျိုးက ချစ်လို့ . တစ်မျိုးကကြောက်လို့ အကူအညီပေးကြတာ”

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

မြလေးညိုကလည်း နီမောင်ကို ကြည့်နေလေသည်။

နီမောင်က အတော်ကြာအောင် စဉ်းစားပြီးတော့မှ

“ငါချက်ချင်းတော့ ပြောလို့မရသေးဘူး၊ ဒီမှာ အလုပ်တွေလည်း ရှိသေးတယ်၊ တခြား ပြောရဆိုရ တိုင်ပင်စရာတွေလည်း ရှိသေးတယ်၊ ငါသွားဖြစ်ရင် နင့်ကိုခေါ်မယ်၊ နင်လိုက်ပြီး အကူအညီပေးပါ”

ဟု ပြောလိုက်လေသည်။

ထိုသို့ပြောသည်နှင့် မဖဲဝါလည်း နေရာမှာပင် ဖျပ်ခနဲပျောက်သွားလေတော့သည်။

ဒီတော့မှ မြလေးညိုက နီမောင်ကို မျက်လုံးအပြူးသားဖြင့်ကြည့်ကာ မေးလိုက်သည်။

“သူပြောသလိုဆိုရင် သူက နင့်ကိုကြောက်လို့ လုပ်ပေးနေတာတော့ မဖြစ်နိုင်ဘူး၊ ချစ်လို့ လုပ်ပေးနေတာပဲ ဖြစ်မှာပေါ့နော်”

“ငါက သူ့ကို အမြဲမေတ္တာပို့ပေးပြီး ကုသိုလ်ကောင်းမှုတွေကိုလည်း အမျှဝေပေးနေတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"နင်လုပ်နေတာတွေမျိုး ငါတစ်ခါမှ မလုပ်ခဲ့ဖူးသေးဖူး၊ ဒါကြောင့်လည်း လူတွေနဲ့ပဲဖြစ်ဖြစ် ရန်သူလို ဆက်ဆံနေရတာ ဖြစ်မှာပေါ့နော်"

"လူပဲဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ် ဒါမှမဟုတ် ပရလောကသားတွေနဲ့ပဲဖြစ်ဖြစ် တစ်ဦးမေတ္တာ တစ်ဦးမှာ သက်ရောက်မှုဆိုတာရှိတယ်၊ တိရိစ္ဆာန်တစ်ကောင်တောင် သူ့ကိုရန်ပြုမယ့်သူနဲ့ မေတ္တာထားတဲ့သူကို ခွဲခြားသိနိုင်တယ်၊ လူသားစားတဲ့ ကျားတွေတောင် သူတို့ကို အန္တရာယ်မပြုပဲ အမြဲမေတ္တာပို့ပေးနေတဲ့ သူတော်စင်တွေနဲ့ ဂူတစ်ဂူထဲမှာ အတူနေကြတယ်"

မြလေးညိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ့ကို အဲဒီလို ပြောပြပေးမယ့်သူ ဘယ်သူမှ မရှိဘူး၊ နင်ပြောသလိုဆိုရင် တစ္ဆေသရဲတွေလည်း ဒီလိုပဲ နေမှာပေါ့နော်"

"အတူတူပဲပေါ့၊ ဘယ်လောက်ကြမ်းတဲ့နေရာမျိုး ဖြစ်နေပါစေ၊ မေတ္တာပို့ပြီးသွားရင် အနှောက်အယှက် မပေးကြပါဘူး"

"ငါလည်း နင်ပြောတာတွေကို ကြိုးစားပြီး လုပ်ကြည့်ရဦးမယ်၊ ဒါထက် နင် ငါတို့ကိုလာပြီး အကူအညီ ပေးနိုင်မလားဟင်"

အခုလောလောဆယ်တော့ မလာနိုင်သေးဘူး မြ





လေးညို၊ ငါ အဖေတို့နဲ့ တိုင်ပင်ပြီးတော့ ကောက်စိုက်ပြီးတဲ့အချိန်လောက်မှ လာပြီးအကူအညီ ပေးနိုင်လိမ့်မယ်"

"အင်းကလည်း ဒီအချိန်က ဘာမှ အရေးမကြီးပါဘူး၊ တော်သလင်းလကျော်မှ အရေးကြီးတဲ့ရာသီ ရောက်မှာပါ"

"အဲဒီလောက်ဆိုရင် ငါတို့လယ်လည်း ကောက်စိုက်လို့ ပြီးနေပြီ၊ အဲဒီအချိန်ကျရင် ငါ့လယ်ထဲမှာ စောင့်ဖို့ လူဌားပြီးထားခဲ့မယ်၊ ငါလာရင် စောထီးနဲ့ ငမဲအောင်လည်း ခေါ်လာခဲ့မယ်၊ မဖဲဝါကိုလည်း ခေါ်လာခဲ့မယ်၊ နောက်ပြီး ဆရာကြီး ဦးဇန်ကောင်းကိုလည်း အကျိုးအကြောင်းပြောပြီး ခေါ်လာခဲ့ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ နီမောင်ရယ်၊ နင့်ကျေးဇူးတွေက ငါတို့အပေါ်မှာ အတော်များနေပြီ"

"ရပါတယ်ဟာ. . ဒီလောက် ကျေးဇူးတင်စရာ မလိုပါဘူး၊ ငါက မိတ်ဆွေတစ်ယောက်အနေနဲ့ တတ်နိုင်သမျှ အကူအညီ ပေးတာပါ၊ နင်တို့ဆီက ဘာမှ မျှော်လင့်ချက်မထားပါဘူး"

"နင့်စိတ်သဘောကို ငါသိပါတယ်၊ တစ်နေ့ကျရင်တော့ နင့်ကို ကျေးဇူးပြန်ဆပ်ပါ့မယ်"

နီမောင်က ဘာမှ ပြန်မပြောတော့ပေ။

ထို့နောက် နှစ်ယောက်သား တဲဘက်သို့ ပြန်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သော်လည်း ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက် နေလေသည်။

မြလေးညိုကို ပြန်ကာနီးတော့ နီမောင်က မှာလိုက်သေးသည်။

"မြလေးညို အရင်ကလို ယောကျ်ားတွေနဲ့ အင်းထဲကို လျှောက်သွားမနေနဲ့တော့နော်၊ အခုအချိန်က ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့ မရတော့ဘူး"

မြလေးညိုက တအံ့တသြဖြင့်ကြည့်ကာ ခေါင်းညိတ်ပြလေသည်။ ထို့နောက်မှာတော့ နီမောင်တို့ကို နှုတ်ဆက်ပြီး ပြန်သွားကြလေတော့သည်။









## အခန်း(၁၄)

## မိတ်ရင်းနှစ်တွေ ရွှေပုလွေ

နောက်ထပ်လအနည်းငယ် ကြာသောအခါ မြလေးညိုတို့ရှိသော အင်းထဲသို့ လှေတစ်စင်းဖြင့် လူလေးယောက် ရောက်လာကြလေသည်။ နီမောင်၊ စောထီး၊ ငမဲအောင်နှင့် ဆရာကြီးဦးဗန်ကောင်းတို့ပင် ဖြစ်လေသည်။

၎င်းတို့ရောက်လာသောအချိန် ငါးပုဇွန် အရများသော အင်းရာသီအစဖြစ်သောကြောင့် အင်းထဲတွင် လူစုံ



www.burmeseclassic.com

www.burmeseclassic.com



တက်စုံ ရောက်နေကြသည်။ မြလေးညိုကိုတော့မတွေ့ရပေ။

ဦးမိုးညိုကတော့ မြလေးညိုက ကြိုတင်ပြောပြထားသောကြောင့် ယခုကဲ့သို့ နီမောင်တို့ ရောက်လာသည်ကို မြင်သောအခါ များစွာဝမ်းသာသွားလေသည်။

"နီမောင်တို့ ရောက်လာကြပြီလား၊ ငါ့သမီးကတော့ မင်းတို့အကြောင်းကို နေ့တိုင်းပြောနေတော့တာပဲ၊ ဒါ. . ဒါထက် မဖဲဝါရော ပါလာခဲ့ပြီလား"

ဟု မေးသည်။

"ညဘက်မှ လိုက်လာပါလိမ့်မယ်"

"ဒါထက် မြလေးညိုရော ဦးလေး"

"သူ ရွာထဲပြန်သွားတယ်၊ ခဏလောက်ဆိုရင် ပြန်လာတော့မှာပါ၊ ဟိုမှာ မြနှင်းဖြူတော့ရှိတယ်"

ဟု ပြောပြီး နေရာမှထွက်သွားလေသည်။

ထို့နောက် အလုပ်သမားများ ရောက်လာပြီး နေရာထိုင်ခင်းများ စီစဉ်ပေးလေသည်။

မြနှင်းဖြူကလည်း နီမောင်တို့ ရောက်လာသည်ကို ဝမ်းသာနေဟန်ရှိသည်။ သို့သော် မျက်နှာတော့ မကောင်းပေ။

"နီမောင် နင်တို့ရောက်လာတာ ငါ ဝမ်းသာပါတယ်၊ မမကဆိုရင် နင့်အကြောင်းကိုပဲ နေ့တိုင်းပြောနေတော့တာပဲ၊ အခု နင်မှာထားလို့ဆိုလား အင်းထဲကိုတောင် မသွားတော့





ဘူး"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"သူ့အတွက် နောက်ထပ်အန္တရာယ် ဖြစ်မှာစိုးလို့ပါ"

"ဘာပဲဖြစ်ဖြစ် မမမြလေးညိုက အရင်ကနဲ့ မတူတော့တာတော့ အမှန်ပဲ၊ နင့်ကြောင့် သူ ပြောင်းလဲသွားတာဆိုရင်တော့ နင့်ကို ထပ်ပြီးကျေးဇူးတင်ရတော့မှာပဲ"

"ဘယ်လိုများ ပြောင်းလဲသွားလို့လဲ"

နီမောင်က သဘောကျသော အမူအယာဖြင့်ပြုံးရင်း မေးလိုက်သည်။

"သူကြိုက်တဲ့ကွမ်းလည်း မစားတော့ဘူး၊ မိန်းကလေးအဝတ်အစားတွေဝတ်ပြီး စိတ်ပါရင် သနပ်ခါးတွေ ဘာတွေတောင် လိမ်းတာတွေ့ရတယ်"

"သူလည်း မိန်းကလေးဆိုတော့ လိမ်းမှာပေါ့"

"အရင်က တစ်ခါမှ အဲသည်လို ဖီးလိမ်းပြင်ဆင်တာမျိုး မတွေ့ရပါဘူး၊ နောက်ပြီး အပြောအဆို အနေအထိုင်လည်း ခါတိုင်းနဲ့မတူဘူး၊ အတော့်ကို သိမ်မွေ့လာတယ်"

"ကောင်းတာပေါ့ဟာ၊ မိန်းကလေးဆိုတာ မိန်းကလေးပီပီသသနေတာ ပိုကောင်းတာပေါ့"

ဟု ပြန်ပြောလိုက်လေသည်။

ညနေပိုင်းရောက်တော့ အင်းတဲသို့ မြလေးညို ပြန်ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ရောက်နေကြပြီ၊ သတင်းကြားလို့ ငါ ချက်ချင်းပြန်ဆင်းလာတာ၊ ငါက နေ့တိုင်း မျှော်နေတာ"

"ငါလည်း လာချင်ပါတယ်၊ အလုပ်တွေ မပြီးသေးလို့သာ မလာရတာပါ။ အခု လယ်တွေလည်း စပါးစိုက်ပြီးခဲ့ပြီ၊ အစောင့်ရလို့လည်း တဲမှာထားခဲ့ပြီ၊ ဒါကြောင့် အခုမှ လာဖြစ်တော့တာပါ"

"ဘာပဲဖြစ်ဖြစ် . . နင်တို့ရောက်လာလို့ ငါ အတော်လေးအားရှိသွားတယ်၊ ဝမ်းလည်း သာပါတယ်၊ ဒါထက် ဆရာကြီးလည်း ပါလာသလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟို မဖဲဝါရော . . ."

"သူ လာပါလိမ့်မယ်၊ ငါလာကာနီးတော့ သူ့ကို ပြောထားခဲ့တယ်၊ သူလာရင် ကျွေးမွေးဖို့နဲ့ နေစရာရော ရှိတယ်မဟုတ်လား"

"ငါတို့ အဆင်သင့်လုပ်ထားပါတယ်"

"ဒါထက် အင်းထဲမှာရော အခြေအနေက ဘယ်လိုလဲ"

"မကောင်းပါဘူး၊ ငါလည်း နင်ပြောလိုက်လို့ အင်းထဲမသွားတော့ဘူး၊ အဖေကလည်း မသွားနိုင်တော့ အလုပ်သမားတွေချည်း လွှတ်ရတယ်၊ သူတို့ကလည်း ဟိုဘက်အင်းကလူမိုက်တွေကြောက်တော့ အင်းစပ်ရောက်အောင် မသွားဝံ့





ကြဘူး၊ နောက်ပြီး သရဲအစောင့်ကလည်း မရှိတော့ ဟိုဘက်အင်းက လူတွေက ထင်တိုင်းဝင်လုပ်နေကြတာပေါ့"

ဟု ပြောပြသည်။

"ဘာမှစိတ်မပူပါနဲ့ . . ဆရာကြီးလည်း ပါလာပြီဆိုတော့ ဒီည ငါတို့အင်းထဲ သွားကြည့်ပါ့မယ်"

"မဖဲဝါနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"သူ ဒီဘက်မလာသေးရင်တောင် ငါတို့နဲ့တွေ့ရင် အန္တရာယ်ပေးမယ် မထင်ပါဘူး"

"နင်သွားရင် ငါလိုက်ခဲ့လို့ ရမလားဟင်"

"နင်လိုက်ချင်လည်း လိုက်ခဲ့ပေါ့၊ ငါ့ကို ခွင့်တောင်းစရာ မလိုပါဘူးဟာ"

"မဟုတ်ဘူးလေ နင်က ပြောထားတော့"

စကားမဆက်တော့သဖြင့် နီမောင်က ရယ်နေလေသည်။ ညနေစောင်း အချိန်ရောက်တော့ လှေသုံးစင်းဖြင့် ပြင်ဆင်စရာရှိသည်များ ပြင်ဆင်ကြသည်။

အခြားလှေနှစ်စင်းမှာ လူ၁၀ယောက်ပါပြီး လက်နက်ကိရိယာများပါသည်။

နီမောင်တို့ လှေမှာတော့ မြလေးညိုပါ ပါလာသောကြောင့် ငါးယောက်ဖြစ်လေသည်။ ဦးဇန်ကောင်းက ဆေးလွယ်အိတ်အပြင် အစိအရင်ဖြင့် ပြုလုပ်ထားသော ဝါးပုခလွကြီးတစ်ချောင်းကိုပါ ထည့်ယူလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလွေမှာ သာမန်ပုလွေထက် အလုံးလည်းကြီး အလျားလည်းရှည်ပြီး ထူးခြားမှု ရှိလေသည်။

ညဦးပိုင်းရောက်တော့ မဖဲဝါများ ရောက်လာလေမလားဟု စောင့်ကြသော်လည်း မလာပေ။

"သူမလာလည်း ကိစ္စမရှိပါဘူး၊ အနှောက်အယှက်မပေးရင် ပြီးတာပါပဲ သွားကြစို့"

ဟုပြောကာ မှောင်ရိပ်သမ်းသောအချိန်တွင် အင်းထဲသို့ သွားကြလေသည်။ အင်းထဲရောက်တော့ အလင်းရောင်ပျောက်ပြီး မှောင်နေလေပြီ။

အင်းရေတိုးချိန်ဖြစ်သောကြောင့် အင်းထဲတွင် နေရာအနှံ့ သွားလာ၍ရကြပြီး ရေထဲတွင်ပေါက်သော ကိုင်းတောကြီးများကလည်း ညို့မှိုင်းနေလေသည်။

မိုးယွန်းကြီး အင်းစပ်ရောက်တော့ လှေများကို ကိုင်းတောအတွင်းသွင်းကာ စောင့်နေကြသည်။ ညဦးပိုင်း အချိန်ရောက်တော့ တစ်ဖက်အင်းထဲမှ လှေနှစ်စင်း လှော်ထွက်လာသည်။ ၎င်းတို့တွင် ပိုက်များပါလာကြသည်။

ထိုလှေများပေါ်တွင် ကျုတ်ကုန်းအင်းဘက်မှ ထွက်ပြေးသွားကြသော သံပချိုင်၊ ဖိုးထင်၊ စံနက်ကျော်၊ သာဒိုးလှနှင့် မှတ်ကြီးတို့အပြင် မိုးယွန်းကြီးအင်းမှ အလုပ်သမားအချို့လည်း ပါလာကြလေသည်။

စုစုပေါင်း (၁၀)ယောက်ခန့်ရှိသည်။





ကိုင်းတောကြီးများ ဝန်းရံနေသောနေရာတွင် ငါးဆင်းသော ရေထွက်ပေါက် တစ်ပေါက်ရှိသည်။

ထိုနေရာမှ ပိုက်ချပြီးထောင်လျှင် ကျုတ်ကုန်းအင်းဘက်သို့ဆင်းသော ငါးပုဇွန်များ ဖမ်းဆီးရနိုင်ကြလေသည်။

ကိုင်းတောကြီးများ အလယ်တွင် ရောက်နေသောကြောင့်လည်း ထိုနေရာတွင် ငါးဖမ်းနေခြင်းကို ပတ်ဝန်းကျင်မှ မမြင်နိုင်တော့ပေ။

ယခင်က ထိုနေရာ၌ ငါးဝင်ဖမ်းလျှင် အစောင့်သရဲက လာရောက်ခြောက်လှန့်သည်။ မြလေးညိုက လူမိုက်များနှင့် လာရောက်တားဆီးလေ့ရှိသည်။

ယခု သရဲလည်း မရှိတော့။

မြလေးညိုလည်း မလာဝံ့တော့ပေ။

ထို့ကြောင့် ရဲရဲတင်းတင်းပင် ဝင်ရောက်ပြီး စိတ်ထင်တိုင်း လုပ်ကိုင်နေကြခြင်း ဖြစ်ပေသည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ သံပချိုင်ပင်ဖြစ်၏။ သံပချိုင်မှာ ယခင်က ဦးမိုးညိုထံတွင် အလုပ်လုပ်ခဲ့သူဖြစ်ပြီး ယခုမှသာ မိုးယွန်းကြီး အင်းသူကြီးက ငွေပိုပေးပြီး ခေါ်သဖြင့် ဒီဘက်အင်းသို့ ရောက်နေခဲ့ခြင်းဖြစ်၏။

သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်များကိုလည်း တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကာ လာရောက်လုပ်ကိုင်နေကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အင်းကလူတွေတော့ . ဒီဘက်အင်းစပ်တောင် မလာဝံ့ကြတော့ဘူး"

"လာရင်လည်း မဖဲဝါလက်ချက်နဲ့ သေကြမှာကိုး၊ ဒီတော့ ဘယ်လာဝံ့ပါတော့မလဲ"

"မြလေးညိုဆိုတဲ့ ကောင်မလေးကလည်း အလုပ်ရှင်ဆိုပြီး သိပ်မောက်မာတာပဲ၊ နောက်ပြီး သူ့ကြီးကြီး လုပ်ပေးထားတဲ့ ဂဝံမျက်နှာဖုံးရုပ်တု ရှိတုန်းကတော့ မဖဲဝါကိုတောင် သူက မကြောက်ဘူး၊ အဲဒီအရုပ်ကို ငါ ခိုးလာကတည်းက သူလည်း ခံရတော့တာပဲ"

ဟု အရုပ်ခိုးခဲ့သူ စံနက်ကျော်က ပြောသည်။

"ဒါထက် သူ့ကိုသေပြီလို့ ထင်ထားတာ ဘယ်လိုပြန်လွတ်သွားတာလဲ"

မှတ်ကြီးက မေးလိုက်သည်။

"နီမောင်တို့ လာကယ်သွားတယ်လို့ ကြားတာပဲ"

"ပေပင်ကုန်းရွာက နီမောင်ကို ပြောတာမဟုတ်လား၊ သူက ဘယ်လိုသိလို့ လာကယ်သွားတာလဲ"

"ဘယ်သိမှာလဲဟ"

"ငါကြားတာတော့ . မဖဲဝါ လာကယ်သွားတယ်လို့ ကြားတာပဲ"

"မဖဲဝါက အင်းသူကြီး မွေးထားတာ မဟုတ်ဘူးလား၊ ကျွေးမွေးထားတဲ့သူကို ဘာကြောင့်ပြန်ပြီး ရန်မူရမှာ





လဲ"

"ဒါတော့ ငါတို့လည်း မသိဘူးကွာ၊ အင်းသူကြီး ခေါ်ထားတဲ့ လူနှစ်ယောက်တော့ တစ်ယောက်က ဇက်ကျိုးသေပြီး တစ်ယောက်လည်း မရှုမလှ ခံလိုက်ရတာပဲ၊ ဒါ့အပြင် အင်းသူကြီးကျောမှာ ခြေရာကြီး ထင်ကျန်နေတယ်လို့ မင်းတို့ မကြားလိုက်ဖူးလား"

"အဲ့ဒီသြစရာပဲ"

ဟု အရက်သောက်ရင်းနှင့် အချင်းချင်း ပြောဆိုနေကြလေသည်။

"မဖဲဝါက အင်းသူကြီး မွေးထားတယ် ဆိုပေမယ့် အရင်သရဲတွေနဲ့ မတူဘူး၊ ခိုင်းလည်း လုပ်ချင်မှလုပ်တာ၊ ဒါပေမယ့် . အင်းသူကြီးကို ဖနောင့်နဲ့ ပေါက်သွားတယ်ဆိုတော့ သူ့ကို အစားအသောက်တွေ ကျွေးတော့မယ် မထင်ဘူး"

"မကျွေးရင် မွေးတဲ့သူကို ပြန်ပြီးရန်ရှာတယ်လို့ ကြားဖူးတာပဲ"

"ဒါပေမယ့် အင်းသူကြီးဆီမှာ ငါတို့ မြလေးညိုဆီက ခိုးလာပေးတဲ့ ဂဝံမျက်နှာဖုံးရုပ် ရှိနေမှပဲ၊ သူ မလုပ်ဝံ့ပါဘူး"

ဟု အချင်းချင်း ပြောဆိုနေစဉ်မှာ ကိုင်းပင်များကြားမှ လျှောက်လာသော ခြေသံကြီးကို ကြားလိုက်ရသဖြင့် စကားရပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံကြီးလဲ"

"ခြေသံလို့ ထင်တာပဲ"

"ခြေသံကလည်း ကြမ်းလှချည်လား"

ထိုသို့ ပြောဆိုနေကြစဉ်မှာပင် ခြေသံက တဖြည်းဖြည်းနှင့် လှေနှစ်စင်းရှိသောနေရာနှင့် နီးလာလေသည်။

"ဗွမ်း . . ဗွမ်း . . ဗွမ်း"

"ရှဲ . . ရှဲ . . ရှဲ"

ရေသံနှင့် ကိုင်းပင်များ လှုပ်ရှားသံက တပြိုင်နက်ပေါ်ထွက်နေလေသည်။

ခဏကြာတော့ ကိုင်းပင်များအပေါ်မှ ကျော်ထွက်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ကြရလေသည်။

ထိုသဏ္ဌာန်ကြီးက သူတို့ရှိရာသို့ ဦးတည်လာနေခြင်းဖြစ်လေသည်။

"မ . . မဖဲဝါပါလား"

"သူက တခြားမသွားပဲ ဘာကြောင့် ငါတို့ရှိတဲ့ဘက်ကို လာနေရတာလဲ"

"ဘယ်သိပါ့မလဲ"

ထိုသို့ပြောနေရင်းနှင့် မဖဲဝါက လှေနှစ်စင်းရပ်ထားသောနေရာသို့ ရောက်လာလေသည်။

အရပ်အမောင်းက ထန်းပင်ကဲ့သို့ မြင့်မားလှသောကြောင့် လှေပေါ်မှာ ရှိနေကြသော သံပချိုင်တို့က မော့ကြည့်





ကြရလေသည်။

"စောစောက သူ့အကြောင်း ပြောနေတာကြားပြီး ငါတို့ဆီ ရောက်လာတာများလား"

ထိုသို့ ပြောနေစဉ် လှေနှစ်စင်းရပ်ထားသောနေရာသို့ ရောက်လာပြီး . . အပေါ်မှကျော်ခွကာ ရပ်ထားလိုက်လေသည်။

ထိုသို့ရပ်ထားရာ ခြေထောက်နှစ်ချောင်းကိုပဲ မြင်ရပြီး အပေါ်ကို မမြင်ရသောကြောင့် သစ်ပင်ကြီး နှစ်ပင်ကြားရောက်နေသကဲ့သို့ ထင်ရလေသည်။

ထိုအခါမှ သံပချိုင်တို့မှာ များစွာထိတ်လန့်ကြောက်ရွံ့နေကြပြီး ဒီအတိုင်းပင် နေရမလား၊ လှေပေါ်မှ ရေထဲဆင်းပြေးရမလား၊ မသိအောင် ဖြစ်နေကြတော့သည်။

ထိုအခိုက်မှာပင် ကိုင်းတောတစ်နေရာမှ ထူးဆန်းသော အသံကြားရပြန်သည်။

"တွိ . . တွိ . . တွိ . . တွိ"

ပုလွေသံပင် ဖြစ်သည်။

တောမှာနေသူတို့အတွက် ပုလွေသံက မဆန်းသော်လည်း ယခုကြားနေရသည့် ပုလွေသံကတော့ ဆန်းသည်။

တေးသွားတစ်ခု မှုတ်နေခြင်းမျိုးမဟုတ်ပဲ အဓိပ္ပါယ်တစ်မျိုးဖြင့် တတွိတွိနှင့် မှုတ်နေခြင်း ဖြစ်သည်။

သရဲမက လှေနှစ်စင်းကို ခြေထောက်ဖြင့် ခွရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ပြေးပေါက်မရှိသော သံပချိုင်တို့မှာ နောက်ထပ် ထူးထူးဆန်းဆန်း ကြားရသော ပုလွေသံကြောင့် ပိုပြီး စိတ်ညစ်သွားကြလေသည်။

"တွီ. . တွီ. . တွီ. . တွီ"

"ရွှီ. . ရွှီ. . ရွှီ. . ရွှီ"

ပုလွေသံနှင့် နောက်ထပ်အသံများလည်း ပေါ်ထွက်လာပြန်လေသည်။ မြွေတွန်သံများပင် ဖြစ်သည်။

ကိုင်းတောကြီးများထဲတွင် မြွေမျိုးစုံတို့ အလွန်ပေါသည်။ ယခု ပုလွေသံ ကြားရသောအခါ နေရာအနှံ့မှ မြွေတွန်သံများ ပေါ်ထွက်လာခြင်းပင် ဖြစ်လေသည်။

"ဟော. . ပုလွေသံအပြင် မြွေတွန်သံတွေပါ ကြားရပြန်ပြီ၊ ငါတို့ကို သရဲခြောက်နေတာများလား"

"သရဲမက အပေါ်က ခွရပ်ထားလို့ ပြေးမရဖြစ်နေမှတော့ တခြားသရဲခြောက်လည်း ခြောက်ပေါ့ကွာ"

သံပချိုင်က စိတ်မရှည်စွာပင် အော်ဟစ်ပြောဆိုလိုက်လေသည်။ မကြာခင် ကိုင်းတောများကြားမှ မြွေပေါင်းများစွာထွက်လာပြီး လှေနှစ်စင်းရှိသောနေရာသို့ ကူးလာကြသည်။

"ဟာ. . ကိုင်းတောတွေထဲက ထွက်လာတဲ့မြွေတွေ ငါတို့လှေရှိတဲ့ဆီ လာနေကြပြီ၊ ဘယ်လိုလုပ်ကြမလဲ"

ပြောနေရင်းမှာပင် မြွေမျိုးပေါင်းစုံတို့က တဖြည်း





ဖြည်းနှင့် များလာကြလေသည်။

ကိုင်းတောများထဲတွင် အနေများသော အဆိပ်ပြင်းသည့် မြွေများဖြစ်ကြသော မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ မြွေပတုတ်၊ မြွေစိမ်းမီးခြောက်၊ ဂျပ်မြွေ စသည်တို့ ဖြစ်ကြလေသည်။

ပုလွေသံနှင့်အတူ တရှီရှီနှင့် အသံများပေးရင်း လူများရှိသော နေရာဘက်သို့ ကူးလာကြသည်။ အနားရောက်လာသောမြွေများက လှေပေါ်သို့ တက်လာကြလေသည်။

ထိုအခါ သံပချိုင်တို့မှာ သရဲကိုပင် မကြောက်တော့ပဲ တုတ်၊ ဓားများဖြင့် ရိုက်ပုတ်ခုတ်ဖြတ်ကြလေသည်။

ထိုအခါမှပင်. . လှေနှစ်စင်းပေါ်မှ ခွရပ်ထားသော မဖဲဝါလည်း ကိုင်းတောအတွင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွား လေသည်။

လှေနှစ်စင်းပေါ်မှာ ရှိနေကြသူတို့မှာလည်း လှေပေါ်တက်လာသော မြွေများကို တုတ်ဓါးများဖြင့် ရိုက်ပုတ်ခုတ်ထစ်ကြသော်လည်း မနိုင်တော့သဖြင့် အချို့ မြွေကိုက်ခံကြရသည်။

ထက်ပိုင်းပြတ်သွားသော မြွေများက အသက်မသေသေးသဖြင့် တွေ့သမျှလူကို ကိုက်ခဲ့ကြလေတော့သည်။

မြွေဆိပ်ထိသူတို့မှာလည်း နေရာမှာတင် တုံးခနဲ လဲကျသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှာ ကျန်သူတို့မှာလည်း မနေဝံ့တော့သဖြင့် ရေထဲသို့ ခုန်ချထွက်ပြေးကြသည်။

ရေထဲရောက်တော့လည်း ရေထဲမှာရှိသောမြွေနှင့်တွေ့ကာ အကိုက်ခံရပြီး ကိုင်းတောထဲ ဝင်ပြေးပြန်တော့လည်း ကိုင်းတောတွင်းမှာရှိနေသော မြွေကိုက်သဖြင့် သေကြရသည်။

သံပချိုင်မှာ ပြေးရင်းလွှားရင်းနှင့် နီမောင်တို့ လှေသုံးစင်းရပ်ထားသောနေရာသို့ ရောက်သွားတော့သည်။ လှေပေါ်မှာရပ်နေသော မြလေးညိုကိုမြင်တော့ လှမ်းပြီး အကူအညီ တောင်းလေသည်။

"မြလေးညို ငါ့ကို ကယ်ပါဦး၊ ငါ မှားခဲ့ပါတယ်"

"သစ္စာမရှိတဲ့ လူတစ်ယောက်ကို ကယ်ရင် . . နင့်အမှားကနေ ငါ့အမှား ဖြစ်သွားမှာပေါ့။ နင့်ကံကြမ္မာနဲ့နင်ပဲ ရှိစေတော့ သံပချိုင်"

ထိုသို့ပြောနေစဉ်မှာပင် ကိုင်းတောထဲမှ ထွက်လာသော မြွေတစ်ကောင်က ကိုယ်ပေါ်တက်လာသောကြောင့် လက်ဖြင့်ဖယ်ပစ်စဉ် မြွေထိခံလိုက်ရသည်။

အဆိပ်ပြင်းသော မြွေမျိုးဖြစ်သောကြောင့် ထိလိုက်သည်နှင့် မထနိုင်တော့ပဲ တဖြည်းဖြည်းနှင့် လဲကျကာ ရေထဲသို့ ပြုတ်သွားလေတော့သည်။

နောက်တော့ ပုလွေသံလည်းတိတ်၊ အခြားအသံများလည်း တိတ်ဆိတ်သွားလေသည်။





ပုလွေသံ တိတ်သွားသောအခါ မြွေသံများလည်း တိတ်ဆိတ်သွားကာ အချို့မြွေများမှာ ကိုင်းတောများအတွင်းသို့ ပြန်ဝင်သွားကြလေသည်။

"ဟိုဘက်အင်းက ငါးဖမ်းဖို့လာတဲ့ လူတွေတော့ တစ်ယောက်မှ အသက်ရှင်မဲ့ပုံ မပေါ်တော့ဘူး"

"ဒါကတော့ သူ့ထိုက်နဲ့ သူ့ကံပေါ့လေ၊ သူတစ်ပါးကို မတရားလုပ်ချင်တော့လည်း ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံရတာ မဆန်းပါဘူး"

ဦးဗန်ကောင်းက ထိုသို့ပြောရင်း သူ့ပုလွေကြီးကို လွယ်အိတ်ထဲသို့ ပြန်ထည့်နေလေသည်။

ထိုအခါ မြလေးညိုက စိတ်ဝင်စားစွာဖြင့် မေးလိုက်လေသည်။

"ဆရာကြီး အသုံးပြုတဲ့ ပုလွေက အတော်ထူးဆန်းတယ်၊ ဒီပုလွေသံကြားတာနဲ့ ကိုင်းတောထဲကမြွေတွေ ထွက်လာတော့တာပဲ၊ ဘယ်လိုပုလွေမျိုးလဲ ဆရာကြီး"

"အစီအရင်နဲ့ လုပ်ထားတဲ့ ပုလွေပါပဲ၊ ပုလွေမှာ အပေါက်(၆)ပေါက်ပါတယ်၊ အမသုံးပေါက်ကို ဖွင့်ပြီးမှုတ်ရင် မြွေတွေထွက်လာတယ်၊ အဖိုသုံးပေါက်ကို ဖွင့်ပြီးမှုတ်ရင် . . တွေ့တဲ့လူကို ကိုက်စေတယ်၊ အဖိုအမ (၆)ပေါက်စလုံး ဖွင့်ပြီးမှုတ်ရင် မြွေတွေ မိတ်လိုက်ကြတယ်၊ အသံဖျောက်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့နေရာသူ ပြန်ဝင်သွားတယ်”

“ထူးဆန်းလိုက်တာ”

ထိုပုလွေ စီရင်ပုံမှာ..

“နေကြပ်နေသောအချိန်တွင် နမ္မွတက်ပတ်ထားသော ဝါးလုံးကိုရှာပြီး ဆောင်ထားပါ။

လကြပ်သောအချိန်တွင် ပိတောက်မှို ရအောင်ယူထားပါ။

မြွေမိတ်လိုက်စဉ် သေသွားသော မြွေအံဖိုအမနှစ်ကောင်၏ သည်းခြေကို ထုတ်ယူထားပါ။

ကြက်ချင်းခွပ်ရာမှ သေသော ကြက်သည်းခြေ၊

ကျွဲခြင်းခတ်ရာမှ သေသော ကျွဲသည်းခြေတို့ကို ဆောင်ထားပါ။

(ဒေါင်းချင်းခွပ်ရာမှသေသော ဒေါင်းသည်းခြေရလျှင် အစွမ်းအထက်ဆုံးဖြစ်သည်။)

၎င်းတို့အားလုံးကို အမှုန့်ပြုလျက် စနေနေ့တွင်တွေ့သော မြွေသေတစ်ကောင်၏ ဦးခေါင်းအတွင်းမှာ ထည့်ပြီး ပြာချထားပါ။

နေကြပ်သောအချိန်၌ရသောဝါးကို ပုလွေပြုလုပ်ပါ။

အသံထိန်းသောနေရာတွင် ဖယောင်းဖြင့် ဆေးမှုန့်ကို ရောနယ်ပြီး အသုံးပြုပါ။

အဖိုအမ အသံ(၆)ပေါက်ရှိရာ အမသုံးပေါက်ဖွင့်ပြီး





မှုတ်လျှင် အနီးပါတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော မြွေအားလုံး ထွက်လာစေပြီး အမပေါက်ပိတ်ထားပြီး အဖိုပေါက်သုံးပေါက်ဖွင့်ပြီး မှုတ်ပါက ကိုက်စေလိုသောသူကို မြွေကိုက်လေသည်။

အဖိုအမ (၆)ပေါက်ဖွင့်ပြီးမှုတ်သော် ရှိသမျှ မြွေအဖိုအားလုံး မိတ်လိုက်ကြသည်။

အပေါက်အားလုံးပိတ်ပြီး အသံရပ်လိုက်ပါက မြွေအားလုံး မူလနေရာသို့ ပြန်သွားကြစေမည်။)

“ငါကတော့ ဒီပုလွေကို ‘မိတ်ရန်နှစ်ထွေ မြွေပုလွေ’ လို့ အမည်ပေးထားတယ်”

ဟု ဦးဗန်ကောင်းက ပြောပြလေသည်။

“ဒါကြောင့် ကိုင်းတောထဲက မြွေတွေ ထွက်လာပေမယ့် ကျွန်တော်တို့ လှေဘက်မလာပဲ သံပချိုင်တို့ ရှိတဲ့နေရာကိုပဲ မြွေတွေသွားတာကိုး”

“ဒီပုလွေမျိုးက နေရာတကာတော့ သုံးလို့ မကောင်းဘူး မသမာတဲ့လူတွေလက်ထဲရောက်သွားရင် အန္တရာယ်များတယ်”

“ဟိုဘက်အင်းက လူတွေလည်း နောက်ပိုင်းတော့ ဒီဘက်အင်းထဲ လာဝံ့ကြတော့မယ် မထင်ဘူး”

“မဖဲဝါလည်း ဒီဘက်အင်း ရောက်နေပြီဆိုတော့ လာဝံ့တော့မယ် မထင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မြလေးညိုဆီက ခိုးယူသွားတဲ့ ဂဝံမျက်နှာဖုံးရုပ်တုက ဦးမင်းဒင်လက်ထဲ ရောက်နေတာဆိုတော့ သူက မဖဲဝါကို ကြောက်ပါ့မလား"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ ဒီလောက်ဆိုရင် သူတို့လည်း သဘောပေါက်ကြလောက်ရောပေါ့၊ ဒါမှ သဘောမပေါက်လို့ မတရားထပ်လုပ်လာတော့လည်း ငါ့ဆီမှာရှိတဲ့ မိတ်ရန်နှစ်ထွေ ရွှေပုလွေနဲ့ တုံ့ပြန်လိုက်ရုံပဲပေါ့"

ဟု ပြောရာ နီမောင်တို့လည်း အတော်ပင် အားရှိသွားကြလေသည်။

အတန်ကြာသောအခါ မြွေများက ကိုင်းတောတွင်း ပြန်ဝင်သွားကြပြီ ဖြစ်သောကြောင့် ငြိမ်သက်သွားလေသည်၊

ထိုအခါမှ ကိုင်းတောထဲမှထွက်ပြီး သံပချိုင်တို့ စီးလာသော လှေနှစ်စင်းနှင့် ချထားသောပိုက်များကို ဖြုတ်ယူကာ အင်းထဲသို့ ပြန်ခဲ့ကြလေတော့သည်။









# အခန်း(၁၅)

# ချစ်ခြင်းမေတ္တာ ကံစေရာပင်

မိုးယွန်းကြီးအင်းသူကြီး ဦးမင်းဒင်မှာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်အထိ ငင်းစေလွှတ်လိုက်သော ငင်းအလုပ်သမားများ ပြန်မရောက်လာကြသဖြင့် များစွာစိတ်ပူပြီး အမျိုးမျိုး တွေးတောနေလေသည်။

"ဒီကောင်တွေက ဟိုဘက်အင်းက ကူးလာကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စိတ်ချရပါ့မလား၊ ညကတည်းက အင်းထဲသွားကြတာ အခုထိ ပြန်ရောက်မလာကြသေးဘူး”

မိုးလင်းချိန်အထိ ပြန်မလာကြသောအခါမှာ နောက်ထပ် အလုပ်သမားများကိုခေါ်ပြီး လှေတစ်စင်းနှင့် ထပ်လွှတ်လိုက်ပြန်ရာ နေ့လည်ဘက်အချိန်ရောက်တော့မှ ပြန်ရောက်လာကြသည်။

“အခြေအနေတော့ မကောင်းဘူး ဆရာကြီးရေ”

ထွန်းခဆိုသူက ပြောလေသည်။

“ဘယ်လို မကောင်းတာလဲ”

“သံပချိုင်တို့တော့ အားလုံး သေကုန်ကြပြီထင်တယ် လှေတွေလည်း မတွေ့ဘူး၊ ပိုက်တွေလည်း မတွေ့ဘူးဗျ”

“ဒါဖြင့် ဘာတွေ တွေ့ခဲ့သတုန်း”

ဦးမင်းဒင်က လေသံမာမာဖြင့် မေးလိုက်သည်။

“ကိုင်းတောတွေထဲမှာ လူသေအလောင်းတွေတော့ တွေ့ခဲ့ရတယ်”

“ဟေ ဘယ်လိုဖြစ်တာလဲ၊ ဟိုဘက်အင်းက လူမိုက်တွေနဲ့တွေ့ပြီး အသတ်ခံကြရတာလား”

“မဟုတ်ဘူးထင်တယ်ဆရာကြီး၊ မြွေကိုက်ခံရလို့ သေကြတာဖြစ်မယ်၊ ကိုင်းတောထဲမှာ မြွေအသေတွေ အပုံအပြတ်တွေလည်း အများကြီးတွေ့ခဲ့တယ်၊ လူသေအလောင်းတွေရဲ့ ကိုယ်ပေါ်မှာတောင် အချို့မြွေတွေ အပတ်ခံထားရ





တာ တွေ့ခဲ့ရတယ်”

“ဟေ. . ဘယ်လိုဖြစ်တာလဲ”

ဦးမင်းဒင်လည်း ထိုအကြောင်းကို မစဉ်းစားတတ်တော့ပေ။

သို့သော် ညအချိန်ရောက်သောအခါမှာတော့ သူသိချင်သောအဖြေ သိရလေတော့သည်။

အင်းတဲကို အပြင်ဘက်မှ တဗုန်းဗုန်းလာပုတ်နေသောကြောင့် ဒေါသတကြီးဖြင့် တဲအပြင်သို့ ထွက်ကြည့်ရာ အမှောင်ထဲမှာရပ်နေသော မည်းမည်းသဏ္ဍာန်များကို တွေ့နေလေသည်။

“ဘယ်သူတွေလဲကွ၊ ဘာကြောင့် တဲကို လာပုတ်နေတာလဲ”

“ကျုပ်တို့ပါ”

“ကျုပ်တို့ဆိုတာ ဘယ်သူတွေလဲ”

“သံပချိုင်တို့ပါ”

“မင်းတို့ ဘယ်လိုကြောင့် ပြန်မလာကြတာလဲ”

“ကျုပ်တို့အားလုံးတော့ တိုက်မြွေတွေ အကိုက်ခံရလို့ သေကြရပြီ၊ ဒါကြောင့် ကျုပ်တို့ကို နေစရာလည်းပေးပါ၊ စားစရာလည်း ကျွေးပါ”

“မင်းတို့အကြောင်း ကြားရတာ စိတ်မကောင်းပါဘူး ကွာ၊ ဖြစ်ပြီးမှတော့လည်း ဘယ်တတ်နိုင်တော့မလဲ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နေစရာမရှိရင် ငါနဲ့သက်ဆိုင်တဲ့ အင်းထဲမှာပဲ နေကြပေါ့၊ စားစရာလည်း ငါကျွေးမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အင်းထဲကို ဘယ်သူမှ မဝင်အောင်လည်း စောင့်ရှောက်ပေးကြ"

ထိုသို့ပြောသောအခါ အမှောင်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်များလည်း ပြန်ထွက်သွားလေသည်။

ဦးမင်းဒင်က လွယ်လွယ်ပင် ပြောလိုက်သော်လည်း နောက်ပိုင်းမှာတော့ အခက်အခဲများနှင့် ကြုံတွေ့ကြရလေသည်။

သရဲများက အင်းကို စောင့်ရှောက်ပေးကြသည် မပေးကြသည်တော့ မသိရပေ။ အစားအသောက် ကျွေးမွေးရသည်ကတော့ တဖြည်းဖြည်းများလာပြီး မနိုင်အောင် ဖြစ်လာလေတော့သည်။

မကျွေးဘဲထား၍လည်း မရတော့ပေ။

မကျွေးဘဲထားပါက အမျိုးမျိုးနှင့် လာရောက်အနှောက်အယှက် ပေးကြသည်။ ခြောက်လှန့်ကြသည်။

သို့ကြောင့် ဂုင်းနှင့်သိသော ဆရာဇာဂရထံသို့သွားကာ အကျိုးအကြောင်း ပြောပြပြီး အကူအညီ တောင်းရပြန်လေသည်။

"ပရလောကသားတွေဆို လူတွေလို မဟုတ်ဘူး၊ ဦးမင်းဒင်ရဲ့ အခုလာပါ၊ အခုပြန်ပါလို့လည်း ပြောလို့မရဘူး၊





ခေါ်ချင်တော့ခေါ်ပြီး နှင်ချင်တော့ ချက်ချင်းပြန်နှင်လို့ မဖြစ်ဘူး၊ ဒီတော့ ခင်ဗျားအနေနဲ့ ခေါ်ထားမိမှတော့ သည်းခံပြီး တော့သာ ကျွေးထားပေါ့ဗျာ"

ဟု ပြောလိုက်သဖြင့် ပြန်ခဲ့ရလေသည်။

ဆရာဇာဂရက ဦးမင်းဒင်အပေါ်တွင် မဖဲဝါနှင့် ပတ်သက်သည့်ကိစ္စများ ပေါ်ပေါက်ခဲ့ပြီးသည့်နောက်ပိုင်း အကူအညီ မပေးလိုသောကြောင့် ငြင်းပယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ဦးမင်းဒင်မှာတော့ ကိုယ့်အတတ်နှင့်ကိုယ်စူး ဆိုသကဲ့သို့ အခြားသူများအား နှိပ်စက်ချင်သောကြောင့် သရဲသဘက်များ ခေါ်ယူမွေးထားရာ နောက်ပိုင်းတွင် အသုံးချရသည်က နည်းနည်းသာရှိပြီး ကျွေးမွေးရသည်က များသောကြောင့် နလံမထူအောင် ဖြစ်ရပေတော့သည်။

ကျတ်ကုန်းအင်းမှာတော့ အနှောက်အယှက်များ ကင်းသွားသောကြောင့် လုပ်ငန်းများ အဆင်ပြေလာလေသည်။

မဖဲဝါ ရောက်လာပြီးနောက်ပိုင်း အနှောက်အယှက်များ အတော်ပင် ကင်းသွားလေသည်။

နီမောင်တို့ကတော့ သွားလိုက်ပြန်လိုက်နှင့်ပင် တတ်နိုင်သမျှ အကူအညီ ပေးကြရသည်။

တစ်နေ့တော့ မြလေးညိုက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင် မဖဲဝါက ငါတို့အင်းမှာ ဘယ်လောက် နေမှာလဲဟင်"

"ငါ သိရသလောက်တော့ ဒီတစ်နှစ် အင်းရာသီသိမ်းရင် သူ့နေရာဟောင်းကို ပြန်မယ်ထင်တယ်"

"အတော်ပါပဲ၊ အဖေကပြောတယ်၊ နောင်နှစ်ကျရင် ငါတို့လည်း အင်းလေလံ မဆွဲတော့ပဲ တခြားအရောင်းအဝယ် လုပ်တော့မယ်လို့ ပြောတယ်"

"ကောင်းတာပေါ့ဟာ၊ အရောင်းအဝယ်လုပ်တော့ အခုလို ဒုက္ခမျိုးတွေ မကြုံရတော့ဘူးပေါ့"

"နင်ကတော့ ဒီနှစ်ကုန်တဲ့အထိ အကူအညီ ပေးဦးမှာမဟုတ်လား"

"စပါးရိတ်သိမ်းချိန် ရောက်ရင်တော့. . ငါ လာနိုင်တော့မယ်မထင်ဘူး၊ အဲဒီအချိန်ရောက်တော့ အင်းရာသီလည်း ကုန်တော့မယ် မဟုတ်လား၊ ဒါထက် နင့်ကိုငါ ပြောစရာ ရှိသေးတယ်"

"ဘာပြောမှာလဲ ပြောလေ"

"အင်းရာသီကုန်ရင် ကုသိုလ်ကောင်းမှုတစ်ခုခု၊ အလှူအတန်းတစ်ခုခု လုပ်ပေးပြီး မဖဲဝါကို အမျှဝေပေးပါ"

"အရင်ကတော့ အဖေက အဲဒီလိုလုပ်တာတွေကို စိတ်မဝင်စားဘူး၊ ခုတော့ သူလည်း စိတ်ပြောင်းသွားပြီဆိုတော့ လုပ်ပေးမှာပါ၊ ဒါပေမယ့် နင်နဲ့ဆရာကြီးတို့ပဲ လာလုပ်





ပေးရမှာ၊ ဒါထက် စပါးသိမ်းကာနီးရင် နင်ပြန်မှာဆိုတော့ လာဦးမှာလားဟင်"

"နင်က လာစေချင်လို့လား"

"ငါက နင့်ကို ဒီမှာပဲ အမြဲရှိနေစေချင်တာ"

"ဒီလိုဆိုရင်တော့ နင်တို့ မိသားစုဝင်ဖြစ်မှ နေလို့ရမှာပေါ့"

"နင် မြနှင်းဖြူကို လက်ထပ်ချင်သလားဟင်"

"ငါ မြနှင်းဖြူကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့်. . လက်ထပ်ရမယ်ဆိုရင်တော့ နင့်ကိုပဲ လက်ထပ်မှာပါ"

ထိုစကားကြောင့် မြလေးညိုက မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်နေလေသည်။

"အမှန်ပြောရရင်တော့ ဟိုတုန်းက မြနှင်းဖြူအပေါ်မှာ စိတ်ဝင်စားခဲ့တာ အမှန်ပါပဲ၊ ဒါပေမယ့် နင်နဲ့ပတ်သက်တဲ့ အကြောင်းတွေ မမျှော်လင့်ပဲ ပေါ်လာခဲ့ပြီးတဲ့နောက်မှာတော့ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ငါ ရွေးချယ်ခဲ့ပါတယ်၊ ငါ နင့်အပေါ်မှာ ချစ်ပါတယ်၊ ငါ့မေတ္တာကို လက်ခံပေးရင် ငါ နင့်ကိုပဲ လက်ထပ်ပါ့မယ်"

"နင် တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ၊ ဒီကိစ္စမျိုးက ပေါ့ပေါ့တွေး ပေါ့ပေါ့ပြောရတာမျိုးမှ မဟုတ်တာ၊ ငါ တကယ်ပြောတာပါ၊ ငါ့ မေတ္တာကို စဉ်းစားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကြားရတာ ငါ တကယ်ပဲ ဝမ်းသာပါတယ် နီမောင်ရယ်၊ ငါ့အတွက် မမျှော်လင့်ရဲတဲ့ အခြေအနေတစ်ခု ပါပဲ၊ အခုတော့ ငါ့ရဲ့ မျှော်လင့်ချက်အိပ်မက်တွေ တကယ်ပဲ ဖြစ်လာတာပါ၊ ငါ ဝမ်းသာပါတယ်"

ဟု ကတုန်ကရင်အသံဖြင့် ပြောရင်း ရစ်ဝဲတက်လာသော မျက်ရည်စများကို သုတ်ဖယ်ပစ်နေလေသည်။

နီမောင်က သူမ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ပြောလိုက်သည်။

"နင် ဘာမှ ဝမ်းနည်းမနေပါနဲ့တော့၊ ငါ နင့်ကို လက်ထပ်ပြီး တစ်သက်လုံး လက်တွဲသွားပါ့မယ်"

မြလေးညိုက မျက်ရည်လွှမ်းနေသော မျက်လုံးဖြင့် ပြုံးကာ ခေါင်းညိတ်ပြလေသည်။

ထိုအခြေအနေကြောင့် မြနှင်းဖြူတစ်ယောက်က တော့ တိတ်တခိုး မျှော်လင့်ထားသော ရည်မှန်းချက်တစ်ခု ပျက်စီးသွားခဲ့ရလေသည်။

သို့သော် သူမအနေဖြင့် ခွင့်လွှတ်ပေးနိုင်ပါသည်။

ကျေနပ်ပေးနိုင်ပါသည်။

သူမချစ်သော အစ်မဖြစ်သူ မြလေးညိုတစ်ယောက် ဘဝသစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့စေဖို့အတွက် သူ့အနေဖြင့် အနစ်နာခံပေးနိုင်ပါသည်။

လောကတွင် လူတို့၏ ဘဝကံကြမ္မာကိုသော်လည်း





ကောင်း၊ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်သော အကြောင်းများ ကိုသော်လည်းကောင်း မိမိတို့ သဘောကျ ပုံဖော်ဖန်တီးကြ သော်လည်း မရနိုင်ကြပါပေ။

ကံကြမ္မာစေရာအတိုင်းသာ ဖြစ်ကြရပေသည်။

ထိုအခြေအနေကိုပင် လက်ခံကြရပြီး အကောင်းဆုံး အခြေအနေဖြစ်အောင် ကြိုးစားကြရုံသာ ရှိပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော . (အင်းစောင့် မိစ္ဆာ မဖဲဝါ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

# တြိသခ်

တပြီးချိန်။ ။၂၀၁၅ခုနှစ် ဧပြီလ (၂၇)ရက် တနင်္လာနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com